ကြေးမုံ
The Mirror Daily
၁၉၅၇ ဇပြီ ၁၆ တွင် စတင်တည်ထောင်သည်။ Established in 1957

၁၃၈၃ ခုနှစ်၊ တော်သလင်းလဆန်း ၉ ရက်၊ အင်္ဂါနေ့။ Tuesday, 14 September 2021 ၁၀၄၉၆

**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါပဝဂ်(ဓမ္မပဒ-၁၂၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ်(NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၄) စစ်လက်ရုံးရွေးချယ်ပွဲတွင် ဗိုလ်လောင်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)စစ်လက်ရုံးအသီးသီးအတွက် စိစစ်ရွေးချယ်ပေးစဉ်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်းအမှတ်စဉ် (၆၄) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်

နေပြည်တော် စက်တင်ဘာ ၁၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့တွင် ပြင်ဦးလွင်မြို့ စစ်တက္ကသိုလ်၌ ပြုလုပ်သည့် စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၄) စစ်လက်ရုံးရွေးချယ်ပွဲသို့ တက်ရောက်စိစစ်ရွေးချယ်သည်။

အဆိုပါ စစ်လက်ရုံးရွေးချယ်ပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦး၊ စစ်တက္ကသိုလ်ကျောင်းအုပ်ကြီးနှင့် **စာမျက်နှာ ၃ ကော်လံ ၁ သို့** ✻

## ကြေးမုံ ယနေ့ ဖတ်စရာ

**ဂျပန်နိုင်ငံလူဦးရေ၏ တစ်ဝက်ကျော်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပေးပြီးဖြစ်** စာမျက်နှာ » ၁၁

**တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၀၁ ဒသမ ၇၄ သန်းကျော်အသုံးပြုပြီးဖြစ်** စာမျက်နှာ » ၁၃

**လမ်းတံတားများပေါ်များစွာဖြင့် လူမှုဘဝမြင့်မားတိုးတက်နေသော ဧယျာရွှေမြေ စစ်ကိုင်းတိုင်းဒေသကြီး(၂)** စာမျက်နှာ » ၁၆



ဆရာကြီး ပီမိုးနင်း၏ ဆောင်းပါး

**အပျင်းကို နိုင်နည်း** စာမျက်နှာ » ၁၉

ကြေးမုံ

# ပြည်ထောင်စုငြိမ်းချမ်းရေးတွင် ပူးပေါင်းပါဝင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးအတွက် အထူးလိုအပ်သည်မှာ ငြိမ်းချမ်းရေးဖြစ်သည်။ လွတ်လပ်ရေးနှင့်အတူ ပေါ်ပေါက်လာသော သဘောထားအမြင်ကွဲပြားမှုများကြောင့် မငြိမ်းချမ်းသောအခြေအနေများမှာ နှစ်ပေါင်း ၇၀ ကျော်ကြာခဲ့ပြီဖြစ်သည်။ ရလဒ်မှာ မငြိမ်းချမ်းသောဒေသများတွင် မဖွံ့ဖြိုးသောအကျိုးဆက်များရှိလာသည်ကို အားလုံးသိမြင်နားလည်လာကြပြီဖြစ်သည်။ နိုင်ငံရေး၊ ဝါဒရေး၊ လူမျိုးရေး၊ဘာသာရေးအယူအဆမတူမှုမှုများနှင့် နယ်မြေဒေသအခြေအနေများအရ တစ်ဦးအပေါ်တစ်ဦး နားလည်မှုဖြင့်ရပ်တည်လျက်ရှိသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးရရှိရေးကို ယခင်အစိုးရအဆက်ဆက် ဆောင်ရွက်ခဲ့ရာ NCA လက်မှတ်ရေးထိုးထားသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များရှိသလို လက်မှတ်မထိုးသည့် အဖွဲ့အစည်းများလည်းရှိရာ ရံဖန်ရံခါ၌ ထိတွေ့မှုအချို့လည်း ရှိနေဆဲဖြစ်သည်။ တပ်မတော်က တိုင်းရင်းသားပြည်သူများအားလုံး၏ အကျိုးစီးပွားကိုရှေးရှု၍ ငြိမ်းချမ်းရေးကို အလေးထားဦးစားပေးလျက်ရှိသည်။ ထာဝရငြိမ်းချမ်းရေးကို မဖြစ်မနေဆောင်ရွက်ရမည့်လုပ်ငန်းစဉ်အဖြစ် အပြည့်အဝခံယူထားသည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို ချောမွေ့အောင်မြင်စွာဆောင်ရွက်နိုင်ရေးအတွက် စစ်ရေးလှုပ်ရှားမှုများကို ၂၀၁၈ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်မှ ယနေ့ထိတိုင် ရပ်ဆိုင်းပေးထားသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ၎င်းတို့၏နယ်မြေဒေသတွင်သာ ရပ်တည်လျက်ရှိပြီး ရံဖန်ရံခါတွင်သာ ဖောက်ဖျက်ထိတွေ့မှုများရှိခဲ့သည်။ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် ငြိမ်းချမ်းရေးကို ရှေးရှုဆောင်ရွက်နေသော်လည်း ယခုအခါတည်ဆဲဥပဒေများကို လိုက်နာခြင်းမရှိဘဲ နိုင်ငံတော်အစိုးရကို လွတ်ရာလွတ်ကြောင်းနေရာမှ ဆန့်ကျင်နေသည့် CRPH(NLD)နှင့် NUG တို့က သွေးထိုးမြှောက်ပင့်ပေးနေသော အကြမ်းဖက်အဖျက်သမားများသည် တိုင်းပြည်တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် တစိုက်မတ်မတ်လုပ်ဆောင်လျက်ရှိသည်။ ၎င်းတို့သည် စက်တင်ဘာလ ၇ ရက်နေ့က ပြည်သူလူထု၏ လူမှုစီးပွားဘဝနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်စီးစေရန် အရေးပေါ်အခြေအနေဟုဆိုကာ အလစ်အငိုက်တိုက်ခိုက်ဖျက်ဆီးမှုများ ပြုလုပ်ကြသည်။ နိုင်ငံတော်အစိုးရက ၎င်းအကြမ်းဖက်သမားများအား ဥပဒေကြောင်းအရ အရေးယူလျက်ရှိသည်။

အဆိုပါအကြမ်းဖက်သမားအချို့အား အစောပိုင်းကာလက တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့၏နေရာများတွင် စစ်ရေးဆိုင်ရာသင်တန်းများ ပေးခဲ့သည်ဟု သိရသည်။ ယခုအခါ NUG အကြမ်းဖက်အဖွဲ့သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအား ၎င်းတို့နှင့်လက်တွဲရန် စည်းရုံးလျက်ရှိပြီး နိုင်ငံတော်အစိုးရကို အတိအလင်းထိပါးစော်ကားလာခြင်း ပြုလုပ်လာသည့်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ EAO များအား ၎င်းတို့၏နယ်မြေအတွင်း၌ NUG အကြမ်းဖက်အဖွဲ့များကို လက်ခံထားခြင်းရှိ/မရှိ နိုင်ငံတော်အစိုးရက တရားဝင်မေးမြန်းခဲ့သည်။ EAO အဖွဲ့အများစုက ၎င်းတို့နှင့်သက်ဆိုင်သည့်နယ်မြေများတွင် NUG အကြမ်းဖက်သမားများ မရှိကြောင်း တရားဝင်ပြန်ကြားခဲ့သည်။ ထို့အပြင် EAO အဖွဲ့အများစုသည် NUG အကြမ်းဖက်အဖွဲ့နှင့် လက်တွဲခြင်းမရှိဘဲ PDF များ တိုင်းပြည်အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားအောင် ပြုလုပ်နေသည့် အကြမ်းဖက်လုပ်ရပ်များကို မထောက်ခံကြောင်း အသီးသီးပြောကြားကြသည်။

ယခုအခါ အကြမ်းဖက်အဖျက်သမားများသည် ပြည်တွင်းရှိ မြို့ရွာများ၌ ပုန်းခို၍ အလစ်အငိုက် ချောင်းမြောင်းတိုက်ခိုက်ဖျက်ဆီးလျက်ရှိပြီး အုပ်ချုပ်ရေး၊ လုံခြုံရေးနှင့်အလှမ်းဝေးသည့် ကျေးလက်များတွင် အဖျက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိသည်။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် အကြမ်းဖက်အဖျက်သမားများ အပြီးတိုင်ချုပ်ငြိမ်းရေးအတွက် ရှင်းလင်းဖယ်ရှားလျက်ရှိသည်။ ရပ်ရွာပြည်သူလူထု နေထိုင်ရာဒေသများ ငြိမ်းချမ်းသာယာဝပြောရေးလုပ်ငန်းများကို အလေးထားလုပ်ဆောင်ပေးလျက်ရှိသည်။ NUG အကြမ်းဖက်အဖွဲ့မှာ ပြည်ပနိုင်ငံအချို့နှင့်လွတ်မြောက်ရာဒေသမှ တိုင်းပြည်တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် လုပ်ဆောင်လျက်ရှိသဖြင့် နိုင်ငံအများစုနှင့်အဖွဲ့အစည်းများ၏ အသိအမှတ်ပြုမှုများ လျော့ကျလာသည်။

တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများသည် ၎င်းတို့၏လူမျိုးရေး၊ ဝါဒရေး၊ ဒေသအရေးအတွက် လက်နက်ကိုင်ရပ်တည်နေခြင်းဖြစ်သည်။ အပေးအယူမျှတမှုဖြင့် ငြိမ်းချမ်းရေးကို လိုလားလျက်ရှိသည်။ NUG အကြမ်းဖက်အဖွဲ့မှာ တိုင်းပြည်အာဏာကို ၎င်းတို့ရရှိရေးအတွက် ကြိုးပမ်းအားထုတ်မှုများ ဖြစ်မလာသောကြောင့် တိုင်းပြည်အလုံးစုံပျက်စီးရေးကို ပြည်တွင်းရှိ အကြမ်းဖက်အဖျက်သမားများအား မြှောက်ပင့်ပေးပြီး ကြံစည်အားထုတ်နေခြင်းဖြစ်သည်။ ပူးပေါင်းလက်တွဲ ဆောင်ရွက်ရေး၊ ပူးပေါင်းဆောင်ရွက်မှုဖြင့် ငြိမ်းချမ်းမှုကို အဖြေရှာရေးကို လက်မခံဘဲ တစ်စုတစ်ဖွဲ့အာဏာရရှိရေးအတွက် တိုင်းပြည်နှင့်လူထု လူမှုစီးပွားပျက်ပြားရေးကိုပါ ကမ်းကုန်အောင် ပြုလုပ်လာကြသည်ကို တွေ့ရမည်ဖြစ်သည်။

သို့ဖြစ်ရာ NUG အကြမ်းဖက်အဖွဲ့နှင့် ၎င်းတို့၏လက်ဝေခံ အကြမ်းဖက်အဖျက်သမားများ၏ တည်ငြိမ်အေးချမ်းရေး ပျက်ပြားအောင်၊ အများပြည်သူ ဒုက္ခဆင်းရဲရောက်အောင် လုပ်ဆောင်နေမှုများကို ပြည်တွင်းမှ တိုင်းရင်းသားပြည်သူများသာမက နိုင်ငံတကာကပါ သိရှိလာကြပြီး နိုင်ငံတော်အစိုးရ၏ ကြိုးပမ်းဆောင်ရွက်ပေးနေမှုများကို နားလည်လက်ခံလာကြပြီဖြစ်၍ ပြည်ထောင်စုကြီးငြိမ်းချမ်းသာယာဝပြောရေးတွင် ပူးပေါင်းလက်တွဲဆောင်ရွက်တော့မည်ဟု ယုံကြည်ပါကြောင်း။ ။

## ရေကြိုတင်စုဆောင်းထားနိုင်ပါရန် အသိပေးကြေညာချက်

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ရေရရှိရေးနှင့်ရေပေးဝေရေး လုပ်ငန်းတာဝန်ခံအဖွဲ့ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု)မှ ရန်ကုန်မြို့တွင်းသို့ ရေပေးဝေလျက်ရှိသော ရေကူးရေတွန်းစက်ရုံဝင်းအတွင်း ဂျိုးဖြူရေပိုက်ပေါက်ပြုပြင်ခြင်းလုပ်ငန်းကို ၁၄-၉-၂၀၂၂ ရက်နေ့ မွန်းတည့် (၁၂:၀၀) နာရီမှ ညနေ (၆:၀၀) နာရီအတွင်း ဆောင်ရွက်မည်ဖြစ်ပါသည်။

၂။ အဆိုပါ ရေပိုက်ပေါက်ပြုပြင်စဉ်ကာလတွင် ဂျိုးဖြူရေပို့ပိုက်မကြီးနှင့် ရေကူးရေတွန်းစက်ရုံမှတစ်ဆင့် ရေပေးဝေလျက်ရှိသော မင်္ဂလာဒုံ၊ မြောက်ဥက္ကလာပ၊ တောင်ဥက္ကလာပ၊ မရမ်းကုန်း၊ ရန်ကင်း၊ ဗဟန်းနှင့် ကမာရွတ်မြို့နယ်များနှင့် ကုက္ကိုင်းရေလှောင်ကန်မှတစ်ဆင့် ရေပေးဝေလျက်ရှိသော စမ်းချောင်း၊ အလုံ၊ ကြည့်မြင်တိုင်၊ ဒဂုံ၊ ပန်းဘဲတန်း၊ လသာ၊ လမ်းမတော်၊ ဗိုလ်တထောင်၊ ပုဇွန်တောင်၊ မင်္ဂလာတောင်ညွန့်၊ တာမွေမြို့နယ်များတွင် ရေအားလျော့နည်းခြင်း၊ ရေပြတ်တောက်ခြင်းများ ဖြစ်ပေါ်နိုင်ပါသဖြင့် ရေကြိုတင်စုဆောင်းထားနိုင်ပါရန် အသိပေးကြေညာအပ်ပါသည်။

**ရေရရှိရေးနှင့်ရေပေးဝေရေးလုပ်ငန်းတာဝန်ခံအဖွဲ့**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## မိုးမောက်မြို့၌ မျိုးစေ့ထုပ်များ အခမဲ့ဖြန့်ဝေပေး

**မိုးမောက် စက်တင်ဘာ ၁၃**

ကချင်ပြည်နယ် မိုးမောက်မြို့နယ်အတွင်း ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထုတ်လုပ်ရေး အရှိန်အဟုန်မပြတ် ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ ယနေ့နံနက်ပိုင်းတွင် ဦးသောင်းရွှေ၏ မိုးစပါးလယ်မြေ မျိုးသန့်မျိုးစေ့ထုတ်စိုက်ခင်းရှေ့၌ ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် မျိုးစေ့ထုပ်များ အခမဲ့ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။



ဟင်းသီးဟင်းရွက်များ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေးအတွက် မျိုးစေ့ထုပ်များ အခမဲ့ဖြန့်ဝေရာတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးရုံးမှ နံနံပင်မျိုးစေ့အထုပ် ၂၀ နှင့် ဖူးစားပြောင်း နှစ်ထုပ်တို့ကို တောင်သူများထံ လက်ဝယ်အရောက်ဖြန့်ဝေပေးခဲ့ပြီး နည်းပညာလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

သဲစုမိုး
(ပြန်/ဆက်)

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၁၃ - ၉ -၂၀၂၂)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈,၉၀၀ | ၈,၉၀၀ | ၁,၄၃၀ | ၁၂,၇၂၇,၀၀၀ |
| MTSH | ၃,၁၀၀ | ၃,၀၅၀ | ၆,၅၆၄ | ၂၀,၃၄၀,၇၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၀ | ၀ |
| FPB | ၁၈,၅၀၀ | ၁၈,၅၀၀ | ၀ | ၀ |
| TMH | ၂,၆၅၀ | ၂,၆၅၀ | ၆ | ၁၅,၉၀၀ |
| EFR | ၃,၁၀၀ | ၃,၁၀၀ | ၇ | ၂၁,၇၀၀ |
| AMATA | ၄,၈၀၀ | ၄,၈၀၀ | ၀ | ၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် စက်တင်ဘာ ၁၃

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၇၅၀.၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၂၀၆၃.၇ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၅၁.၁၁ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၅၃.၁၈၃ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၄၂၁.၇၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၃.၇၆၀ |
| (ဆ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၁၂၈၇.၆ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၂၀၃.၅ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၅၈၉.၄ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၄၈.၉၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဦးစိုးစိုးနိုင်
**စာတည်းမှူး** - ဦးဝင်းနိုင်
**စာတည်းများ** - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
**ဘာသာပြန် စာတည်းများ** - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
**အငယ်တန်း သတင်းထောက်များ** - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
**သုတေသန** - ဒေါ်ဇင်မာဝင့်
**စာပြင်** - ဒေါ်ခင်နှင်းယု၊ ဒေါ်နှင်းယုလှိုင်နှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - ဦးခိုင်ဝင်း၊ ဦးကျော်သူရနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - ဦးစည်သူလွင်

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန္တလေး - ၀၂-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံမှုနှင့်ပတ်သက်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ မကျန်စေလို

ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုနှင့်စပ်လျဉ်း၍ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနေထိုင်သည့်ဒေသများတွင်လည်း ထိုးနှံပေးနိုင်ရန် ဆက်သွယ်ဆောင်ရွက်လျက်ရှိကြောင်း၊ ငြိမ်းချမ်းရေးနှင့်ပတ်သက်ပြီး တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းအချို့အနေဖြင့် အကြောင်းအမျိုးမျိုးပြကာ NCA သဘောတူညီချက်များကို ချိုးဖောက်မှုများရှိသော်လည်း မိမိတို့အနေဖြင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအား နိုင်ငံသားများ၏ရပိုင်ခွင့်များနှင့်အညီ ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး ဆက်သွယ်ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုနှင့်ပတ်သက်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမျှ မကျန်စေလိုကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်ဒေသများအပြင် ရခိုင်ပြည်နယ်ရှိ အကျုံးဝင်သူများကိုလည်း ကာကွယ်ဆေးထိုးနှံပေးနိုင်ရေး စီစဉ်လျက်ရှိကြောင်း၊ မိမိအနေဖြင့် နိုင်ငံရေးအရ ဆောင်ရွက်ပေးနေခြင်းမဟုတ်ဘဲ နိုင်ငံ့အရေး၊ အမျိုးသားအရေးနှင့် နိုင်ငံ့အတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ ပါတီစွဲ၊ လူပုဂ္ဂိုလ် အစွဲမထားဘဲ လူသားတစ်ယောက်အနေဖြင့် တာဝန်သိသိဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ တိုင်းပြည်သာယာဝပြောရေးဆောင်ရွက်ရာတွင် အားလုံးပါဝင်နိုင်ရေး ဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း။

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ်(၂/၂၀၂၁)၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)

* ရှေ့ဖုံးမှ
တာဝန်ရှိသူများ တက်ရောက်ကြပြီး ဗိုလ်လောင်းများအား စာပေပညာ၊ စစ်ပညာ ဘာသာရပ်အလိုက် ထူးချွန်ထက်မြက်မှု၊ ဝါသနာနှင့် ကြိုးစားအားထုတ်မှုများအပေါ်မူတည်၍ သင့်လျော်သည့် တပ်မတော် (ကြည်း၊ ရေ၊ လေ) စစ်လက်ရုံး အသီးသီးအတွက် စိစစ်ရွေးချယ်ပေးခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် ဘုရင့်နောင်တပ်ရင်း ဗိုလ်လောင်းစားရိပ်သာ၌ သင်တန်းသား ဗိုလ်လောင်းများနှင့်အတူ နေ့လယ်စာ အတူတကွသုံးဆောင်ကြပြီး ဗိုလ်လောင်းများအား ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်၍ အားပေးစကားပြောကြားခဲ့သည်။ ယင်းနောက် မွန်းလွဲပိုင်းတွင် စစ်လက်ရုံးရွေးချယ်မှုအား ဆက်လက်ပြုလုပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဘုရင့်နောင်တပ်ရင်း ဗိုလ်လောင်းစားရိပ်သာ၌ ဗိုလ်လောင်းများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်၍ အားပေးစကားပြောကြားစဉ်။

## ရိတ်သိမ်းချိန်လွန် နည်းပညာပြန့်ပွားရေးနှင့် လက်တွေ့အသုံးချရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၃

ပြည်သူများ စားနပ်ရိက္ခာဖူလုံရေးနှင့် အာဟာရဓာတ်ပြည့်ဝစွာစားသုံးနိုင်ရေးအတွက် နိုင်ငံတော်အစိုးရက မူဝါဒများ ချမှတ်ဆောင်ရွက်လျက်ရှိရာ စိုက်ပျိုးဧရိယာတိုးချဲ့ခြင်း၊ တစ်ဧကအထွက်နှုန်းတိုးရေးဆောင်ရွက်ခြင်းလုပ်ငန်းများအပြင် ရိတ်သိမ်းပြီးနောက်ပိုင်းကာလ လုပ်ငန်းစဉ်များ၌ ဖြစ်ပေါ်လျက်ရှိသည့် လေလွင့်ဆုံးရှုံးမှုများ လျော့ချရေးလုပ်ငန်းကိုလည်း အလေးထားဆောင်ရွက်ရန်လိုအပ်ကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ထုံးဘိုရှိ စိုက်ပျိုးရေးဦးစီးဌာန ရိတ်သိမ်းချိန်လွန် နည်းပညာသင်တန်းကျောင်းခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO)၏ ခန့်မှန်းချက်အရ တစ်ကမ္ဘာလုံး၌ နှံစားသီးနှံတွင် ၂၀ ရာခိုင်နှုန်း၊ နို့ထွက်ပစ္စည်းနှင့် ငါးလုပ်ငန်းတွင် ၃၀ ရာခိုင်နှုန်း၊ ဟင်းသီးဟင်းရွက်နှင့် သစ်သီးဝလံတွင် ၄၀ ရာခိုင်နှုန်းအထိ အစားအစာဆုံးရှုံးမှုနှင့် အလေအလွင့် ဖြစ်ပေါ်နေသဖြင့် မိမိတို့နိုင်ငံ၏ စိုက်ပျိုးရေးထွက်ကုန်များတွင် အစားအစာဆုံးရှုံးမှုနှင့် အလေအလွင့်လျော့ချနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများ၊ တောင်သူများနှင့် ပုဂ္ဂလိကများပူးပေါင်း၍ ရိတ်သိမ်းချိန်လွန် နည်းပညာပြန့်ပွားရေးနှင့် လက်တွေ့အသုံးချရေးလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်ရန်လိုအပ်ကြောင်း ဆက်လက်ပြောကြားသည်။



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးသည် ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကျောင်းရှိ ဓာတ်ခွဲခန်းများ၊ ပြုပြင်ထုပ်ပိုးစက်ခန်းများကို ကြည့်ရှုစစ်ဆေးရာ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်း၊ သင်တန်းကျောင်းအုပ်ဆရာမကြီးနှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ရှင်းလင်းဆောင်တွင် ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကျောင်း(ထုံးဘို) သင်တန်းကျောင်းအုပ်ဆရာမကြီး ဒေါ်မျိုးမိခိုင်၊ စိုက်ပျိုးရေးသိပ္ပံ(ပုသိမ်ကြီး) ကျောင်းအုပ်ဆရာမကြီး ဒေါ်သန်းသန်းဆွေနှင့် ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲတင့်ထွန်းတို့က ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်စွက်မှာကြားပြီး ရိတ်သိမ်းချိန်လွန်နည်းပညာသင်တန်းကျောင်း(ထုံးဘို)နှင့် စိုက်ပျိုးရေးသိပ္ပံ (ပုသိမ်ကြီး)တို့မှ ဆရာ ဆရာမ ဝန်ထမ်းများအတွက် ထောက်ပံ့ဆန်များ ပေးအပ်ခဲ့သည်။

သတင်းစဉ်

**ရောဂါကူးစက်မှုနှုန်း ၈ ရာခိုင်နှုန်းအထိ ကျဆင်းလာသည်ကို တွေ့ရှိရသော်လည်း သက်ဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာန၏ သုံးသပ်ချက်၊ နိုင်ငံတကာ၏စံနှုန်းတို့အရ ကူးစက်မှုနှုန်း ၅ ရာခိုင်နှုန်းအောက်ရောက်မှ သာလျှင် စိတ်ချရမည့်အခြေအနေဖြစ်ကြောင်း၊ ထိုသို့ စိတ်ချရသည့် ရာခိုင်နှုန်းအောက် လျော့ကျသွားအောင် လက်ရှိလုပ်ကိုင်နေသည့် လုပ်ငန်းများကို လက်မလျှော့ဘဲ အားသွန်ခွန်စိုက်ဖြင့် မြန်မြန်ဆန်ဆန် ဝိုင်းဝန်း ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်**

❂ ကျောဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယ ဗိုလ်ချုပ်မှူးကြီးစိုးဝင်းက အဖွင့်အမှာစကား ပြောကြားရာတွင် ယနေ့ အစည်းအဝေးအား နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား ကျင်းပပြုလုပ်ခြင်း ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ တွေ့ရှိမှုရက်အနေဖြင့် စက်တင်ဘာ ၁၂ ရက်အထိ ၅၃၈ ရက်ရှိကာ ဓာတ်ခွဲအတည်ပြုလူနာစုစုပေါင်း ၄၃၁၈၃၃ ဦးရှိသည်ကို တွေ့ရှိရကြောင်း၊ ကိုဗစ်-၁၉ ရောဂါတွေ့ရှိမှုများကို ရက်အလိုက် စောင့်ကြပ်ကြည့်ရှုခဲ့ရာ စက်တင်ဘာ ၅ ရက်မှ စက်တင်ဘာ ၁၂ ရက်အတွင်း ရောဂါတွေ့ရှိမှု ၁၀ ရာခိုင်နှုန်းမှ ၈ ရာခိုင်နှုန်းအထိ ကျဆင်းလာသည်ကို တွေ့ရှိရကြောင်း၊ ကိုဗစ်-၁၉ ရောဂါ၊ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီအစည်းအဝေးအား ကိုဗစ်-၁၉ ရောဂါကူးစက်မှု ပိုးတွေ့ရှိမှု ရာခိုင်းနှုန်းထက်ဝက် ကျဆင်းရေးရည်မှန်းကာ အပတ်စဉ် တနင်္လာနေ့တိုင်း ဇူလိုင် ၇ ရက်မှစ၍ ယနေ့ (၁၂)ကြိမ်မြောက်အဖြစ် ကျင်းပလျက်ရှိကာ အရေးပေါ်တုံ့ပြန်ရေး ကော်မတီ အစည်းအဝေးကိုလည်း Video Conferencing စနစ်ဖြင့် နေ့စဉ်နီးပါး ဆောင်ရွက်ခဲ့ရာ ယခုနောက်ပိုင်းရက်သတ္တပတ်လျှင် နှစ်ကြိမ်ညှိနှိုင်း ဖြေရှင်းဆောင်ရွက်လျက်ရှိပါကြောင်း၊ အလားတူ ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများကြောင့်လည်း အမြင့်ဆုံးပိုးတွေ့မှုရာခိုင်နှုန်း ၄၀ ရာခိုင်နှုန်းပတ်ဝန်းကျင်မှ ယခုအပတ်အတွင်း ၈ ရာခိုင်နှုန်းအထိ ကျဆင်းလာသည်ကို တွေ့ရှိရကြောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် စာရင်းအရ

**ကိုဗစ်-၁၉ ရောဂါသည် ပြီးပြတ်သွားမည်မဟုတ်သည့်အတွက် နိုင်ငံတော်အကြီးအကဲအနေဖြင့် ကာကွယ်ဆေးအား ပြည်တွင်း၌ပင် ထုတ်လုပ်နိုင်ရန် အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများကို တာဝန်ပေးအပ်၍ ကြိုးစား ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်း၌ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေး အတွက် နိုင်ငံတော်အစိုးရအနေဖြင့် ဝါယမစိုက်ထုတ်ဆောင်ရွက်လျက် ရှိပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များကလည်း လက်ရှိဖြန့်ဝေပေးထားသည့် ကာကွယ်ဆေးများကိုလည်း အမြန်ဆုံးထိုးနှံ နိုင်ရေး၊ ထိုးနှံပြီး စာရင်းဇယားများကိုလည်း မှန်မှန်ကန်ကန် တိတိကျကျ ပေးပို့နိုင်ရေးတို့ကို ဝါယမစိုက်ထုတ်ဆောင်ရွက်ပေးရန်လို**

ရှစ်သိန်းကျော်ရှိပြီး လက်ရှိလေးသိန်းကျော်ကာကွယ်ဆေးထိုးနှံထားသဖြင့် ၅၀ ရာခိုင်နှုန်းကျော် ကာကွယ်ဆေးထိုးနှံထားပြီးဖြစ်ကြောင်း၊ ရုံးပိတ်ကာလ နှစ်လနီးပါးကျော် ကြာမြင့်ခဲ့ပြီး သွားလာမှု၊ လုပ်ငန်းလုပ်ဆောင်မှုများကို သတ်မှတ်သည့် စည်းမျဉ်း စည်းကမ်းအတိုင်း ဆောင်ရွက်ခဲ့သဖြင့် ကူးစက်မှုနှုန်း ကျဆင်းလာခဲ့ခြင်းကြောင့်လည်း ရုံးပိတ်ရက်ရှည်ကာလအတွင်း လုပ်ငန်းအချို့လည်ပတ်မှုရပ်တန့်မှုအပေါ် ပြန်လည်လည်ပတ်ဆောင်ရွက်နိုင်ရေး ယနေ့(၁၃-၉-၂၀၂၁)ရက်မှစ၍ ဝန်ကြီးဌာနအလိုက် ကိုဗစ်-၁၉ စည်းမျဉ်းစည်းကမ်းနှင့်အညီ နှစ်ပတ်တက် နှစ်ပတ်နားစနစ်ဖြင့် ရုံးဌာနများ စတင်ဖွင့်လှစ်ဆောင်ရွက်နေပြီ ဖြစ်ပါကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ကုသဆေးနှင့်အထောက်အကူပြုပစ္စည်း တင်သွင်းမှုများနှင့်ပတ်သက်၍ ကန့်သတ်ချက်များအား ဖြေလျှော့ပေးခြင်း၊ ပယ်ဖျက်ခြင်းများ ဆောင်ရွက်ခဲ့မှု၊ ပြည်သူလူထုအားလုံး၊ ဝန်ထမ်းများ အားလုံးကလည်း ပူးပေါင်းဆောင်ရွက်ခဲ့မှုနှင့် အိမ်နီးချင်းနိုင်ငံများအနေဖြင့်လည်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး၊ ကုသဆေးနှင့် အထောက်အကူပြု ပစ္စည်းများအတွက် ကူညီပံ့ပိုးခွင့်ပြုပေးမှုစသည့် ပူးပေါင်းဆောင်ရွက်မှုများကြောင့် နှစ်လတာအတွင်း ရောဂါပိုးကူးစက်မှုရာခိုင်နှုန်း သိသိသာသာ ကျဆင်းလာသည်ကို တွေ့ရှိရကြောင်း၊ ရောဂါကူးစက်မှုနှုန်း ၈ ရာခိုင်နှုန်းအထိ ကျဆင်းလာသည်ကို တွေ့ရှိရသော်လည်း သက်ဆိုင်ရာ ကျန်းမာရေးဝန်ကြီးဌာန၏ သုံးသပ်ချက်၊ နိုင်ငံတကာ၏စံနှုန်းတို့အရ ကူးစက်မှုနှုန်း ၅ ရာခိုင်နှုန်းအောက် ရောက်မှသာလျှင် စိတ်ချရမည့်အခြေအနေဖြစ်ကြောင်း၊ ထိုသို့ စိတ်ချရသည့် ရာခိုင်နှုန်းအောက် လျော့ကျသွားအောင် လက်ရှိလုပ်ကိုင်နေသည့် လုပ်ငန်းများကို လက်မလျှော့ဘဲ အားသွန်ခွန်စိုက် ဖြင့် မြန်မြန်ဆန်ဆန် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ရောဂါကူးစက်မှု လျော့ကျလာသဖြင့် ပြည်သူအများစုက စိုးရိမ်စရာမရှိဟု ယူဆ၍ ကိုဗစ်-၁၉ ရောဂါအတွက် သတ်မှတ်ထားသည့် စည်းကမ်းချက်များအား လိုက်နာမှုအားနည်းလာလျှင်လည်းကောင်း၊ တာဝန်ရှိသူများ၏ ကြပ်မတ်မှု အားနည်းလာလျှင်သော်လည်းကောင်း၊ လူစုလူဝေးများ၊ လူအုပ်စုများ ပါဝင်သည့် အခမ်းအနား ပျော်ပွဲရွှင်ပွဲများ ဆောင်ရွက်ခဲ့လျှင်သော်လည်းကောင်း ရောဂါကူးစက်မှုပြန်လည်မြင့်တက်လာမည်ဖြစ်ကြောင်း။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအား မည်သူတစ်ဦးတစ်ယောက်မျှ ကြိုတင်သိမြင်ခန့်မှန်းနိုင်မှု မပြုလုပ်နိုင်ရာ ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများ မပျက်မကွက် ဆက်လက်လိုက်နာရန် လိုအပ်သလို ကာကွယ်ဆေး ထိုးနှံရန် ကိစ္စရပ်များကိုလည်း သက်ဆိုင်ရာ စည်းမျဉ်းစည်းကမ်းများအတိုင်း လိုက်နာဆောင်ရွက်သွားရန် လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ နိုင်ငံတော်ဝန်ကြီးချုပ်က လူတိုင်းအသက်ထက် အရေးကြီးတာ ဘာမှမရှိဟု သတ်မှတ်ထားပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၊ အရေးပေါ်တုံ့ပြန်ရေးကော်မတီနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီး အရေးပေါ်တုံ့ပြန်ရေး ကော်မတီအသီးသီးတို့က လူတိုင်းအသက်ရှင်သန်နိုင်ရေးတို့အတွက် တတ်နိုင်သမျှ ကြိုးစားဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် ဆေးဝါးများ၊ လိုအပ်သည့် အောက်ဆီဂျင်များအား ပြည်သူအများစုကလည်း ဝိုင်းဝန်းလှူဒါန်းမှု၊ အစိုးရမှ ပံ့ပိုးကူညီဆောင်ရွက်မှု၊ ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် အောက်ဆီဂျင် Plant များ တည်ဆောက်ခဲ့မှုစသည့်တို့ဖြင့် အဘက်ဘက်က အပြုသဘောဆောင်သည့် ပူးပေါင်း ဆောင်ရွက်မှုများဖြင့် ရောဂါဖြစ်ပွားမှုအား တွန်းလှန်လျက်ရှိကြောင်း၊ ထိုသို့ ဆောင်ရွက်လျက်ရှိသော်လည်း အချို့သော ပြည်တွင်း/ပြည်ပ အဖွဲ့အစည်းများက ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ကုသရေးလုပ်ငန်း၊ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းများကို နှောင့်ယှက်ဖျက်ဆီးနေသည်ကို ဝမ်းနည်းဖွယ်ရာ တွေ့ရှိရကြောင်း။

### မဟုတ်မမှန်ပြောဆိုမှုများ

နိုင်ငံတော်က ထိုးနှံပေးသည့် ကာကွယ်ဆေးများ၏ ထိရောက်မှုများအပေါ် ယုံကြည်မှု ကင်းမဲ့စေရန် မဟုတ်မမှန် ပြောဆိုမှုများအပြင် မြေပြင်တွင် ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းများကိုလည်း နှောင့်ယှက်လျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ စေတနာ့ဝန်ထမ်းများ၊ ကာကွယ်ဆေးထိုးနှံသူများ မလာရဲအောင်၊ မလုပ်ရဲအောင်၊ ပျက်သုဉ်းသွားအောင် လက်ပစ်ဗုံးများဖြင့် ပစ်ပေါက်တိုက်ခိုက်ခြင်း၊ ခြိမ်းခြောက်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း၊ ၎င်းလုပ်ရပ်များသည် မဖြစ်သင့်မဖြစ်ထိုက်သော BIO Terrorism အကြမ်းဖက်လုပ်ရပ်များဖြစ်ကြောင်း၊ တစ်နည်းအားဖြင့် လူတစ်ဦးချင်းစီ၏ လူ့အခွင့်အရေးအား အကြမ်းဖက်ခြင်းလည်းဖြစ်ကြောင်း၊ ၎င်းတို့နှင့်ပတ်သက်၍လည်း ထိရောက်စွာ ဖော်ထုတ်အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း၊ ဆက်လက်၍လည်း လုံခြုံရေးအရ တင်းကျပ်စွာ ကိုင်တွယ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းအပေါ် ထိခိုက်နှောင့်ယှက်လာသူမှန်သမျှ ပြင်းပြင်းထန်ထန် ကာကွယ်၊ တုံ့ပြန်ရန် လိုကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ နိုင်ငံတော်အစိုးရအနေဖြင့် အစီအမံများချမှတ်ကာ ကာကွယ်ဆေး၊ ကုသဆေးများကို ရရှိအောင် ဆောင်ရွက်လျက်ရှိသဖြင့် ၎င်းလုပ်ငန်းများအပေါ် မနှောင့်ယှက်ရန် လိုကြောင်း။

နိုင်ငံတော်အကြီးအကဲအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရေးနှင့်ပတ်သက်၍ တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများကိုလည်း ကာကွယ်ဆေးထိုးနှံပေးရန် ပြောကြားထားပါကြောင်း၊ နိုင်ငံတွင် နေထိုင်လျက်ရှိသည့် မိမိတို့၏ တိုင်းရင်းသားများအား ကျန်းကျန်းမာမာဖြင့် ကိုဗစ်-၁၉ ရောဂါ ကျော်လွှားနိုင်ရန် ကာကွယ်ဆေးများ ထိုးနှံရန် စေတနာထား ပြောကြားခဲ့ခြင်းဖြစ်ကြောင်း၊ သက်ဆိုင်ရာဝန်ကြီးဌာန၊ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုလုပ်ငန်းကော်မတီမှတစ်ဆင့် NCA လက်မှတ်ရေးထိုးပြီးသည့် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများ၊ လက်မှတ်မရေးထိုးရသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအားလုံးကို ကာကွယ်ဆေး ထိုးနှံနိုင်ရေး ဆက်သွယ်ဆောင်ရွက်ခဲ့ကြောင်း၊ ကာကွယ်ဆေးထိုးနှံရာတွင် QR Code စနစ်ဖြင့် ဆောင်ရွက်ရသဖြင့် စာရင်းဇယား အတိအကျဖြင့် ဆောင်ရွက်ရမည်ဖြစ်သောကြောင့် လိုအပ်သည့် အင်အားစာရင်းများ ပေးပို့ရန် ဆက်သွယ်ဆောင်ရွက်ခဲ့ကြောင်း၊ အချို့သော အဖွဲ့အစည်းများက ဆက်သွယ်ပြောဆိုမှုများအပေါ် နားလည်မှုလွဲ၍ ဆေးထိုးနှံ မည့် အင်အား တောင်းခံမှုအပေါ် သံသယဖြစ်ပေါ်ခဲ့သည်ကို ကြားသိရကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ စေတနာ မှာ တိုင်းရင်းသားအားလုံး ပြည်နယ်၊ ပြည်မ မခွဲခြား ဘဲ ကိုဗစ်-၁၉ ကပ်ရောဂါအား ကာကွယ်ဆေး ထိုးခြင်းဖြင့် ကျော်လွှားနိုင်စေရန်၊ ဖြစ်ပွားလာပါကလည်း ရောဂါအား ကောင်းမွန်စွာ ခုခံနိုင်ပြီး အမြန်ဆုံး ပြန်လည်သက်သာစေရန် စသည့် ကောင်းမွန်စေရန် ရည်ရွယ်ချက်များ၊ စေတနာ အပြည့်ထားလျက် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားသည်။

### ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်း

ဆက်လက်၍ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်း များနှင့်ပတ်သက်၍ ပြောကြားရာတွင် ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ဖွဲ့စည်းထားသော အဖွဲ့အစည်းများဖြင့် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်လျက် ရှိသော်လည်း အချို့ပြည်နယ်နှင့် တိုင်းဒေသကြီး များတွင် ဆေးထိုးရန်ကျန် အရေအတွက်များ များပြားလျက်ရှိသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် သက်ဆိုင်ရာ မြို့နယ်များအလိုက် စနစ်တကျ ပြန်လည်စိစစ်၍ ထိုးနှံရမည့် အုပ်စုများအလိုက် ကျန်ရှိမှုမရှိစေရေး၊ စာရင်းဇယားများ ရှုပ်ထွေးမှု မရှိစေရေး လုပ်ငန်းများပြီးပြတ်အောင် ဆောင်ရွက် ရန်လိုကြောင်း၊ ဖြန့်ဝေပေးထားသည့် ကာကွယ်ဆေး များကို သက်ဆိုင်ရာ အုပ်စုများအလိုက် ထိုးနှံရာ တွင် စနစ်တကျနှင့် လျင်မြန်စွာပြီးမြောက်အောင် ဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါသည် ပြီးပြတ်သွားမည်မဟုတ်သည့်အတွက် နိုင်ငံတော်အကြီးအကဲအနေဖြင့် ကာကွယ်ဆေး အား ပြည်တွင်း၌ပင် ထုတ်လုပ်နိုင်ရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများကို တာဝန်ပေးအပ်၍ ကြိုးစားဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်တွင်း၌ ကာကွယ်ဆေးထုတ်လုပ်နိုင်ရေးအတွက် နိုင်ငံတော် အစိုးရအနေဖြင့် ဝါယမစိုက်ထုတ် ဆောင်ရွက်လျက် ရှိပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် ဝန်ကြီးချုပ်များကလည်း လက်ရှိဖြန့်ဝေပေးထား သည့် ကာကွယ်ဆေးများကိုလည်း အမြန်ဆုံးထိုးနှံ နိုင်ရေး၊ ထိုးနှံပြီး စာရင်းဇယားများကိုလည်း မှန်မှန် ကန်ကန် တိတိကျကျ ပေးပို့နိုင်ရေးတို့ကို ဝါယမ စိုက်ထုတ်ဆောင်ရွက်ပေးရန်လိုကြောင်း ပြောကြား သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများနှင့် တက်ရောက်လာကြ သူများက တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး တွင် ကိုဗစ် – ၁၉ ရောဂါ ကူးစက်ပြန့်ပွားခဲ့မှု၊ ရောဂါ ပျောက်ကင်းမှုနှင့် လက်ရှိဆေးရုံများတွင် ကုသမှု ဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ပိုးတွေ့လူနာ နှင့် သံသယလူနာများအား လက်ခံကုသပေးနိုင်ရေး အတွက် ပြင်ဆင်ထားရှိသည့် ဆေးရုံနှင့် စင်တာများ ၏ အခြေအနေများ၊ ကျန်းမာရေးဝန်ထမ်းများအား ကာကွယ်ဆေးထိုးနှံပေးမှုနှင့် ထိုးနှံရန်ကျန်ရှိသည့် အခြေအနေများ၊ စာမျက်နှာ ၅ သို့ ❂

❂ စာမျက်နှာ ၄ မှ

ဆေးရုံများအတွက် လိုအပ်သည့်ပြင်ဆင်မှုများ ဆောင်ရွက်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ ရောဂါပိုးအား နေ့စဉ်စစ်ဆေးနေမှု၊ ပိုးတွေ့ရှိမှုနှင့် ကူးစက်မှုနှုန်း လျော့ကျလာသည့် အခြေအနေများ၊ အောက်ဆီဂျင်များ ထုတ်လုပ်နိုင်မှု၊ လိုအပ်ချက် ပြည့်မီကျော်လွန်သည်အထိ ထုတ်လုပ်နိုင်မှုအခြေအနေများ၊ စက်တင်ဘာ ၁၂ ရက်တွင် တရုတ်နိုင်ငံမှ ကာကွယ်ဆေး ၄ သန်း ရောက်ရှိခဲ့မှုနှင့် ပြည်နယ်နှင့်တိုင်းဒေသကြီးများသို့ ဆက်လက်ပို့ဆောင်နိုင်ရေး ဆောင်ရွက်ထားမှုအခြေအနေများ၊ ကာကွယ်ဆေးထိုးနှံပြီးစီးမှု၊ ထိုးနှံရန်ကျန်ရှိမှုနှင့် သတ်မှတ်ချက်အတိုင်း စနစ်တကျထိုးနှံနိုင်ရေး ပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေများ။

ယခု ကာကွယ်ဆေးထိုးနှံမှုတွင်အသက်(၅၅)နှစ်အထက် လူပုဂ္ဂိုလ်များ၊ မသန်စွမ်းများ၊ EAO များကိုပါ ထပ်မံထည့်သွင်း၍ ထိုးနှံနိုင်ရေးဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ ကာကွယ်ဆေးများ ဝယ်ယူရရှိရေး ချိတ်ဆက်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူထားသည့် ကာကွယ်ဆေးများအား စက်တင်ဘာလတွင် ၁၀ သန်း၊ အောက်တိုဘာလတွင် ၁၀ သန်းနှင့် နိုဝင်ဘာလတွင် ၄ သန်းရောက်ရှိလာမည့် အခြေအနေများ၊ အာဆီယံနှင့် ဆွေးနွေးဘက်နိုင်ငံများမှ ကာကွယ်ဆေး၊ ဆေးပစ္စည်းများသာမက လူသားချင်းစာနာထောက်ထားမှုအကူအညီများ လှူဒါန်းပေးအပ်နိုင်ရေး ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအား ပြည်တွင်းတွင် Ready to Full စနစ်ဖြင့် ထုတ်လုပ်ဖြန့်ချိနိုင်ရေး ချိတ်ဆက် ဆောင်ရွက်လျက်ရှိသည့်အခြေအနေများ၊ Relief Flight များ ပြေးဆွဲ၍ ပြည်ပရောက်မြန်မာနိုင်ငံသားများအား ခေါ်ယူဆောင်ရွက်နေမှု ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေး၊ ထိန်းချုပ်ရေး ကော်မတီသို့ အလှူငွေများ ပေးအပ်လှူဒါန်းမှု အခြေအနေများ။

မြန်မာနိုင်ငံအတွင်း လေကြောင်း၊ ဆိပ်ကမ်းနှင့် နယ်စပ်ဂိတ်များမှတစ်ဆင့် တင်သွင်းလျက်ရှိသည့် အခြေအနေများ၊ ဝင်ရောက်လာသည့် ဆေးနှင့် ဆေးပစ္စည်းများအား လျင်မြန်စွာထုတ်ယူ ခွင့်ရရှိရေး ဆောင်ရွက်ပေးနေမှု၊ FDA ထောက်ခံချက်ဖြင့် တင်သွင်းခွင့်ပြုထားသည့် ဆေးနှင့် ဆေးပစ္စည်းများအား လျင်မြန်စွာထုတ်ယူနိုင်ရေး ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိသည့်အခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်သည့် သတင်း၊ သီချင်း၊ အသိပညာပေး အစီအစဉ်များအား မြန်မာဘာသာဖြင့်သာမက တိုင်းရင်းသားဘာသာများဖြင့်ပါ ထုတ်လွှင့်ပေးနေမှု အခြေအနေများ၊ ရုပ်သံများတွင်သာမက ပြည်သူလူထုအား ကျယ်ပြန့်စွာသိရှိရေး အသိပေးနှိုးဆော်ချက်များအား ရပ်ကွက်များအလိုက် လှည့်လည်ကြေညာဆောင်ရွက်နေမှု အခြေအနေများ၊ နယ်စပ်ဒေသရှိ တိုင်းရင်းသားများအား ဆေးထိုးနှံနိုင်ရေး တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ Hot Spot မြို့နယ်များ သတ်မှတ်၍ စစ်ဆေးမှု၊ ပိုးတွေ့ရှိမှုနှင့် ကူးစက်မှုနှုန်း လျော့နည်းကျဆင်းလာမှု အခြေအနေများ၊ ကူးစက်မှုနှုန်းလျော့ကျခြင်းမရှိသည့် အချို့မြို့နယ်များ၊ ကူးစက်မှုနှုန်းပိုမိုမြင့်မားလာသည့် မြို့နယ်များအလိုက် ကြပ်မတ်ဆောင်ရွက်ရန် လိုအပ်သည့်အခြေအနေများ၊ စာသင်တိုက်များ၊ ဘိုးဘွားရိပ်သာများနှင့် နေထိုင်မှုများပြားသည့် နေရာများကို စစ်ဆေးဆောင်ရွက်နေမှု၊ ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများ။

**လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသမှု ခံယူရသည့် လူနာများ လျော့ကျလာသည်ကို တွေ့ရှိရသော်လည်း သက်ဆိုင်ရာဆေးရုံများတွင် အခြားရောဂါများနှင့် ကိုဗစ်-၁၉ ရောဂါတို့အတွက် အရေးပေါ်ကုသရေးအခန်းများ သီးခြားပြင်ဆင်မှုများကို ပြင်ဆင်ထားရန်လိုပြီး အချိန်မရွေး ကုသပေးနိုင်အောင် ပြင်ဆင်ထားရန် လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားချိန်တွင် ဆောင်ရွက်ခဲ့သော ကုသရေးစင်တာများကို ကူးစက်မှုနှုန်း လျော့ကျလာချိန်တွင် အချို့နေရာများ၌ ပြန်လည်ရုပ်သိမ်းမှုများ ဆောင်ရွက်လျက်ရှိရာတွင် ပြင်ဆင်ထားရှိသည့် အဆောက်အအုံများအလိုက် ဆက်စပ်ပစ္စည်းကိရိယာများကို စနစ်တကျသိမ်းဆည်း၍ လိုအပ်လာပါက ချက်ချင်းအသုံးပြုနိုင်ရေး စီမံဆောင်ရွက်ထားရန်လိုအပ်**

ပြည်ပနိုင်ငံရောက် နိုင်ငံသားများ၏ ပြည်တွင်းပြန်လည်ဝင်ရောက်မှု၊ စစ်ဆေးတွေ့ရှိမှု၊ ကုသဆောင်ရွက်ပေးနေမှုအခြေအနေများ၊ ရွှေ့လျားဈေးကားများနှင့် လှည့်လည်ရောင်းချပေးနေမှု အခြေအနေများ၊ Relief Flight များဖြင့် နိုင်ငံသားများ၊ ဆေးနှင့်ဆေးပစ္စည်းများအား ပြည်တွင်းသို့ ပြန်လည်ပို့ဆောင်ပေးနိုင်ခဲ့သည့် အခြေအနေများ၊ လမ်းပန်းဆက်သွယ်မှု မပြတ်တောက်စေရေး ရထားလမ်း၊ ရေလမ်း၊ လေကြောင်းလိုင်းများ စဉ်ဆက်မပြတ်ပြေးဆွဲ၍ လူနှင့် ကုန်ပစ္စည်းများ ပို့ဆောင်ပေးလျက်ရှိသည့်အခြေအနေများ၊ တယ်လီဖုန်း Operator များမှတစ်ဆင့် အသိပညာပေး SMS များ ပေးပို့ခဲ့မှုအခြေအနေများ၊ ဆက်သွယ်မှု ပြတ်တောက်စေရန်အတွက် အကြမ်းဖက်သမားများက တာဝါတိုင်များအား ဖောက်ခွဲဖျက်ဆီးခဲ့သည့် အခြေအနေများနှင့် ပြင်ဆင်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ တပ်မတော်ဆေးရုံများနှင့် တပ်အသီးသီးတွင် ပိုးတွေ့သူများနှင့် သံသယလူနာများအား ကုသဆောင်ရွက်ပေးနေမှု အခြေအနေများ၊ တိုင်းရင်းဆေးအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသရေးဆေး ထုတ်လုပ်နိုင်ရေး သုတေသနလုပ်ငန်းများအား ဆောင်ရွက်လျက်ရှိသည့်အခြေအနေများနှင့်ပတ်သက်၍ အကျယ်တဝင့် ရှင်းလင်းတင်ပြကြသည်။

**တိုးမြှင့်ဆောင်ရွက်သွားရန်လိုအပ်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က နိဂုံးချုပ် အမှာစကားပြောကြားရာတွင် ရုံးပိတ်ရက်ရှည်ကာလအတွင်း Stay at Home ၁၁၉ မြို့နယ်အနက်မှ သိသာစွာ ပိုးတွေ့မှု ရာခိုင်နှုန်းမကျဆင်းဘဲ တန့်ရပ်နေသည့် ၆၅ မြို့နယ်တွင် စာရင်းအရ သိသိသာသာကျဆင်းသည့် မြို့နယ် ၉ မြို့နယ်ရှိပြီး တိုးမြင့်လာသည့် မြို့နယ် ၄ မြို့နယ်ရှိကြောင်း၊ ၎င်းမြို့နယ်များတွင် Hot Spot ဧရိယာ၌ မပါဝင်သည့် မြို့နယ် ၁၁ မြို့နယ်ရှိသည်ကို တွေ့ရှိရသည့်အတွက် လိုအပ်သည့် ရောဂါပိုးစစ်ဆေးမှုများကို တိုးမြှင့်ဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများတွင် ကာကွယ်ဆေးများကို ဖြန့်ဝေပေးပို့ထားသော်လည်း ထိုးနှံရန်ကျန်ရှိသည့် အရေအတွက် များပြားနေသည်ကို တွေ့ရှိရကြောင်း။

ထပ်မံရောက်ရှိလာသည့် ကာကွယ်ဆေးများကို လျင်မြန်စွာ ဆက်လက်ဖြန့်ဝေပေးပို့သွားမည်ဖြစ်သဖြင့် ဆေးထိုးရန်ကျန်ရှိမှု များပြားသဖြင့် Cold Chain များတွင် သိုလှောင်ရေး အခက်အခဲများ ဖြစ်ပေါ်လာနိုင်ကြောင်း၊ ကာကွယ်ဆေးများအား စနစ်တကျ ထိန်းသိမ်းနိုင်ခြင်းမရှိပါက နိုင်ငံခြားငွေဖြင့် ဝယ်ယူထားရသည့် ကာကွယ်ဆေးများ ပျက်စီးဆုံးရှုံးနိုင်သဖြင့် ကာကွယ်ဆေးထိုးနှံမှုကို အမြန်ဆုံး ထိုးနှံပြီးစီးအောင် ဆောင်ရွက်ပေးရန် လိုကြောင်း၊ ပေးပို့လိုက်သည့် ကာကွယ်ဆေးများကိုလည်း မြို့နယ်များအလိုက် ဦးစားပေးအဆင့်လိုက် ထိုးနှံဆောင်ရွက်ပေးရန်အတွက် လိုအပ်သည်များကြိုတင်ပြင်ဆင်ထားရန် လိုအပ်ကြောင်း၊ ကာကွယ်ဆေး ထိုးနှံပြီးစီးသူများကိုလည်း QR Code များဖြင့် မှတ်တမ်းပြုစုရမည်ဖြစ်သဖြင့် စာရင်းဇယားများကို စနစ်တကျ ပြုစုထားရန် လိုအပ်ကြောင်းနှင့် ယခုကာကွယ်ဆေးထိုးနှံရာတွင် အချို့ဒေသများ၌ မှတ်ပုံတင်မရှိသူများ၊ မှတ်ပုံတင်ပျောက်ဆုံးလျက်ရှိသူများကို တွေ့ရှိရသဖြင့် ဝန်ကြီးချုပ်များအနေဖြင့် တစ်ဖက်တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးစီးမှုစာရင်းဇယား မှန်ကန်စေရေးနှင့် တစ်ဖက်၌လည်း ပန်းခင်းစီမံချက်ကို အထောက်အကူပြုစေရန် ရည်ရွယ်၍ ကာကွယ်ဆေးထိုးနှံသည့်အဖွဲ့၌ ပန်းခင်းစီမံချက်လုပ်ငန်းမှ တာဝန်ရှိသူအချို့ပါ ထည့်သွင်းဖွဲ့စည်းပါက ပန်းခင်းစီမံချက် ဆောလျင်စွာ ပြီးစီးရေးကို အထောက်အကူပြုနိုင်မည်ဖြစ်ပါကြောင်း။

သို့ဖြစ်ပါ၍ သက်ဆိုင်ရာ ဝန်ကြီးချုပ်များက လိုအပ်သလို ပေါင်းစပ်ညှိနှိုင်း ကြပ်မတ်ဆောင်ရွက်ပေးရန် မှာကြားလိုပါကြောင်း၊ ကာကွယ်ဆေးထိုးနှံရာတွင် ပုဂ္ဂလိကအသင်းအဖွဲ့များကပါ ပူးပေါင်းဆောင်ရွက်လျက်ရှိသော်လည်း ဆေးထိုးနှံပေးမည့်သူများမှာ သတ်မှတ်ချက်နှင့်ကိုက်ညီသည့် ကျန်းမာရေး ဝန်ထမ်းများကိုသာ တာဝန်ပေးအပ်ရန်လိုကြောင်း၊ ကာကွယ်ဆေးထိုးသည့် အရေအတွက် စာရင်းဇယားတိကျမှန်ကန်မှုရှိစေရေးအတွက်လည်း ကာကွယ်ဆေးထိုးသည့် ပုဂ္ဂလိကအသင်းအဖွဲ့ တာဝန်ရှိသူများက စာရင်းဇယားများ စနစ်တကျရေးသွင်းဆောင်ရွက်ပေးရန် လိုအပ်ကြောင်း၊ လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါဖြင့် ဆေးရုံတက်ရောက်ကုသမှု ခံယူရသည့် လူနာများ လျော့ကျလာသည်ကို တွေ့ရှိရသော်လည်း သက်ဆိုင်ရာ ဆေးရုံများတွင် အခြားရောဂါများနှင့် ကိုဗစ်-၁၉ ရောဂါတို့အတွက် အရေးပေါ်ကုသရေးအခန်းများ သီးခြားပြင်ဆင်မှုများကို ပြင်ဆင်ထားရန်လိုပြီး အချိန်မရွေး ကုသပေးနိုင်အောင် ပြင်ဆင်ထားရန် လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားချိန်တွင် ဆောင်ရွက်ခဲ့သော ကုသရေးစင်တာများကို ကူးစက်မှုနှုန်း လျော့ကျလာချိန်တွင် အချို့နေရာများ၌ ပြန်လည်ရုပ်သိမ်းမှုများ ဆောင်ရွက်လျက်ရှိရာတွင် ပြင်ဆင်ထားရှိသည့် အဆောက်အအုံများအလိုက် ဆက်စပ်ပစ္စည်းကိရိယာများကို စနစ်တကျသိမ်းဆည်း၍ လိုအပ်လာပါက ချက်ချင်းအသုံးပြုနိုင်ရေး စီမံဆောင်ရွက်ထားရန်လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု ၈ ရာခိုင်နှုန်းခန့်သာ ရှိသော်လည်း ရေ့ဆက်ဖြစ်လာနိုင်သည်များကို ကြိုတင်မြော်တွေးကာ ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ နေ့စဉ်မျက်ခြည်မပြတ်ကြည့်ရှုစစ်ဆေးကာ ဖြစ်ပေါ်လာသည့်အခြေအနေများကို အရေးပေါ်တုံ့ပြန်ရေးကော်မတီ၊ ဗဟိုကော်မတီများသို့ အချိန်နှင့်တစ်ပြေးညီ ဆက်သွယ်တင်ပြ၍ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနှင့် ပညာပေး လုပ်ငန်းများကို မျက်ခြည်မပြတ်ဆောင်ရွက်သွားရန် လိုအပ်မည်ဖြစ်ကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြို့ပြနှင့် ကျေးလက်မကျန် သန့်ရှင်းသာယာသပ်ရပ်ရေး အရှိန်အဟုန်မြှင့်ဆောင်ရွက်ရန် လမ်းညွှန်

**ရန်ကုန် စက်တင်ဘာ ၁၃**

ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး ဦးဗိုလ်ငွေးသည် ယနေ့နံနက် ၁၁ နာရီတွင် ဒဂုံမြို့သစ် (ဆိပ်ကမ်း) မြို့နယ်၊ ရတနာလမ်းရှိ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ရုံးသို့ သွားရောက်၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် လုပ်ငန်းအကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေး ပြုလုပ်သည်။

ရှေးဦးစွာ ဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် “ ယနေ့သည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီ၏ ညွှန်ကြားချက်ဖြစ်သော ဌာနအလိုက် ဝန်ထမ်းများ၏ အင်အားတစ်ဝက်သည် နှစ်ပတ်ရုံးတက်၍ ကျန်အင်အားတစ်ဝက်သည် နှစ်ပတ်အိမ်မှနေ၍ ရုံးလုပ်ငန်းများ ဆောင်ရွက်သည့် စနစ်ဖြစ်ရာ ညွှန်ကြားချက်နှင့်အညီ နှစ်ပတ် အိမ်တွင်နေသည့်အချိန်၌ မိမိတို့နေထိုင်ရာ အဝန်းအဝိုင်း၊ အိမ်၊ အဆောင်၊ ရိပ်သာ၊ အိမ်ရာအတွင်း၌သာ နေထိုင်၍ ရုံးလုပ်ငန်းဆောင်ရွက်ရန်၊ မြို့နယ်များသည် ကျေးလက်များနှင့် ဆက်စပ်နေသဖြင့် လုံခြုံရေးအထူးဂရုပြုဆောင်ရွက်ကြရန်၊ အလုပ်သမားအများစုမှာ အခြားနယ်မြေများမှ လာရောက်နေထိုင် လုပ်ကိုင်ရပြီး အိမ်ထောင်စုစာရင်းမရှိသဖြင့် မိမိနေထိုင်ရာ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများထံ ဧည့်စာရင်းတိုင်ကြားရေး ကြပ်မတ်ဆောင်ရွက်ကြရန်၊ ယခုဘဏ္ဍာနှစ်ကုန်ဆုံးချိန်တွင် စီမံချက်လုပ်ငန်းများ ပြီးစီးအောင် ဝန်ထမ်းများ မနားမနေ လုပ်ကိုင်နေရသည်ကို တွေ့ရှိရပြီး လုပ်ငန်းများကို စာရင်းရှင်းလင်းရာတွင် ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် တိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကြည်တင်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ ၂၀၂၀-၂၀၂၁ ခုနှစ် ဝန်ထမ်းခွင့်ပြု၊ လျာထား၊ လစ်လပ်မှုများ၊ ဘဏ္ဍာရေးနှစ် ရန်ပုံငွေလျာထားမှုနှင့် ကောက်ခံမှု၊ ငွေလုံးငွေရင်း အသုံးစရိတ် သုံးစွဲမှု၊ သာမန်အသုံးစရိတ် သုံးစွဲမှု၊ ဘတ်ဂျက်လျာထားမှုများ၊ မြို့ပြလမ်းများ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ အမှုဆောင်အရာရှိများမှ စည်ပင်သာယာရေးလုပ်ငန်းများ အကောင်အထည်ဖော် ပြီးစီးမှုအား ရှင်းလင်းတင်ပြရာ ဝန်ကြီးက မြို့နယ်များ သန့်ရှင်းသာယာသပ်ရပ်ရေးအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ဆောင်မှုသည် အထူးကောင်းမွန်ကြောင်း၊ ယခုရာသီတွင် လေပြင်းထန်စွာ တိုက်ခတ်မှုကြောင့် သစ်ပင်ကြီးများလဲပြီး လမ်းပိတ်ဆို့ခြင်း၊ နေအိမ်များပေါ် ကျရောက်ပျက်စီးခြင်းများ ဖြစ်ပေါ်သဖြင့် အပင်ကြီးများအား ခုတ်ထွင်ရှင်းလင်းရန်နှင့် အကိုင်းအခက် အရွက်အလက်များကို စွန့်ပစ်ခြင်း မပြုဘဲ မြေဆွေးအဖြစ် အသုံးပြုရန်၊ မြို့များ သန့်ရှင်းသပ်ရပ်စေရေးအတွက် သုသာန်များအား ခြံစည်းရိုးခတ်ရန်၊ မြို့နယ် ၁၂ မြို့နယ်တွင် ယခုဘဏ္ဍာနှစ်ကုန်အထိ မြို့ပြ လမ်းပေါင်း ၂၆၈၅ လမ်း၊ အရှည် ၅၁၉ မိုင်ကျော် ရာခိုင်နှုန်းအားဖြင့် ၈၁ ဒသမ ၉၈ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးခဲ့ရာ မြို့နယ်များ၏ ဖွံ့ဖြိုးမှုအခြေအနေအရ မြို့ပြပုံစံသို့ ပြောင်းလဲလာပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေး နယ်နိမိတ်နှင့် မြို့ပြနယ်မြေ ဆက်စပ်လာသကဲ့သို့ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုများမှာလည်း တစ်ပုံစံတည်း ဖြစ်လာသည်ကို တွေ့ရသဖြင့် မြို့ပြနှင့် ကျေးလက်မကျန် သန့်ရှင်းသာယာသပ်ရပ်ရေး အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားကြရန် ပြောကြားသည်။

**သတင်းစဉ်**

# နိုင်ငံတော်အစိုးရ တာဝန်ယူမှု ခုနစ်လမြောက်၏ မှတ်တိုင်များ

**ကနောင်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်ကို ဒီမိုကရေစီလမ်းကြောင်း မပျက်ယွင်းရအောင် တာဝန်ယူဦးဆောင်ဦးရွက်ပြုခဲ့တာ ခုနစ်လတာပြည့်မြောက်ခဲ့ပြီ ဖြစ်ပါတယ်။

စတင်တာဝန်ယူခဲ့တဲ့ ဖေဖော်ဝါရီ၊ မတ် စတဲ့အစောပိုင်းလတွေနဲ့ နှိုင်းယှဉ်ကြည့်မယ်ဆိုရင် နိုင်ငံတော်အစိုးရရဲ့ စေတနာအရင်းခံ ဆောင်ရွက်မှုတွေက ပိုမိုမြင်သာထင်ရှားလာခဲ့တယ်လို့ ဆိုရမှာဖြစ်ပါတယ်။ တရားဥပဒေစိုးမိုးမှုတွေ၊ တည်ငြိမ်အေးချမ်းမှုတွေကို ယခင်လများထက် ပိုမိုမြင်တွေ့လာရသလို ကိုဗစ်-၁၉ ရောဂါကို အစိုးရ၊ ပြည်သူ၊ အသင်းအဖွဲ့တွေနဲ့ တပ်မတော်သားတွေအားလုံး ညီညီညာညာနဲ့ တွန်းလှန်ကြခြင်းရဲ့ အဖူးအပွင့်တွေအဖြစ် ပိုးတွေ့လူနာဦးရေလည်း မျှော်မှန်းအခြေအနေကို ကျဆင်းလာခဲ့ပြီ ဖြစ်ပါတယ်။ ကိုဗစ်ကြောင့် ထိခိုက်ခံစားခဲ့ရတဲ့ လူမှုစီးပွားဘဝတွေကို အမြန်ဆုံးပြန်လည်ဦးမော့စေဖို့ အခြေခံစီးပွားရေးလုပ်ငန်းတွေအပါအဝင် ကဏ္ဍအသီးသီးမှာ မြှင့်တင်မှုတွေ အရှိန်အဟုန်နဲ့ ဆောင်ရွက်နေကြသလို လာလတ္တံ့သော မျိုးရိုးဗီဇကွဲ ကိုဗစ်အစွယ်အပွားတွေကို တိုက်ထုတ်ရာမှာ အရေးကြီးတဲ့ ကာကွယ်ဆေးထိုးနှံပေးမှုအစီအစဉ်တွေကလည်း တစ်နိုင်ငံလုံးအတိုင်းအတာ အားကောင်းလာခဲ့ပြီ ဖြစ်ပါတယ်။

(ယမန်နေ့မှအဆက်)

ပြည်တွင်းပုဂ္ဂလိကစက်ရုံ၊ အလုပ်ရုံတွေကို မရပ်နားဘဲ အလုပ်ရှင်၊ အလုပ်သမားတွေ ထိခိုက်နစ်နာမှုမရှိစေဖို့ ကိုဗစ်စည်းကမ်းချက်တွေနဲ့အညီ စနစ်တကျစစ်ဆေးပြီးမှ ဖွင့်လှစ်ခွင့်ပေးခဲ့သလို အလုပ်သမားထုကြီးရဲ့အခက်အခဲတွေကို ဖြေရှင်းဖို့အတွက် အစိုးရ၊ အလုပ်ရှင်၊ အလုပ်သမားသုံးပွင့်ဆိုင် ညှိနှိုင်းဆွေးနွေးပွဲကိုလည်း ဩဂုတ်လ ၃ ရက်က ကျင်းပခဲ့ပြီး အလုပ်သမားတွေရဲ့အခွင့်အရေးနဲ့ အခက်အခဲတွေကို ညှိနှိုင်းပေးခဲ့ပါတယ်။ ထို့အတူ လူမှုဖူလုံရေးအဖွဲ့ကို ထည့်ဝင်ကြေးတွေ ပေးသွင်းရာမှာလည်း အလုပ်ရှင်၊ အလုပ်သမားအခက်အခဲတွေကို ဖြေလျှော့ပေးတဲ့အစီအစဉ်အဖြစ် ခြောက်လ နောက်ဆုတ်ပေးသွင်းခွင့်နဲ့ အဲဒီကာလတွေမှာ ပျက်ကွက်ကြေးကိုလည်း ကင်းလွတ်ခွင့်ကို ဩဂုတ်လ ၆ ရက်က ထုတ်ပြန်ကြေညာခဲ့ပါတယ်။ အာမခံအလုပ်သမားတွေအတွက် လူမှုဖူလုံရေး-ကဲဝဲလ်အထွေထွေရောဂါကုဆေးခန်းကို ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်မှာ ဩဂုတ်လ ၂၇ ရက်က ဖွင့်လှစ်ပေးနိုင်ခဲ့တဲ့အပြင် စက်မှုဇုန်တွေက အာမခံအလုပ်သမားတွေအပါအဝင် ယခုလအတွင်းမှာ လူမှုဖူလုံရေးအကျုံးဝင် အာမခံအလုပ်သမား ၈၉၃၇၇၂ ဦးကို ကိုဗစ်-၁၉ ကာကွယ်ဆေးတွေ ထိုးနှံပေးနိုင်ခဲ့ပြီဖြစ်ပါတယ်။

နိုင်ငံတော်အစိုးရရဲ့ ပြည်သူ့အကျိုးစီးပွားအတွက် ဆောင်ရွက်ချက်တစ်ခုအနေနဲ့ ရေးဖွင့်ထားတဲ့အမှုတွေကို ဥပဒေနဲ့အညီပိတ်သိမ်းပေးတာ၊ ရုပ်သိမ်းပေးမယ့်အကြောင်း ဩဂုတ်လ ၃ ရက်က သိရှိခဲ့ရပါတယ်။ လူသတ်၊ လုယက်၊ မီးရှို့၊ မိုင်းခွဲစတဲ့ အကြမ်းဖက်လုပ်ရပ်တွေကို ပြည်သူ၊ လုံခြုံရေးတပ်ဖွဲ့ဝင်တွေနဲ့ ပြည်သူ့ဝန်ထမ်းတွေ၊ နိုင်ငံပိုင်လမ်း၊ တံတား၊ အဆောက်အအုံတွေအပေါ် လုပ်ဆောင်ခဲ့သူ၊ CDM လှုပ်ရှားမှုတွေကို ကာယကံမြောက် ထဲထဲဝင်ဝင် လုပ်ဆောင်သူတွေမှအပ စိုးရိမ်စိတ်နဲ့ ထွက်ပြေးတိမ်းရှောင်နေတဲ့ ဝန်ထမ်းတွေ၊ အသိပညာရှင်၊ အတတ်ပညာရှင်တွေနဲ့ ပြည်သူတွေကို ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်နိုင်ဖို့ဖြစ်ပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာ ဆက်သွယ်နိုင်တဲ့လိပ်စာနဲ့ ဖုန်းနံပါတ်တွေကို ဖော်ပြပေးပြီး လက်ခံခေါ်ယူခဲ့တာကြောင့် ဩဂုတ်လ ၄ ရက်မှ ၁၂ ရက်အကြား ကျန်းမာရေး၊ ပညာရေးနဲ့ အလွှာစုံက တိမ်းရှောင်နေသူ ၂၂၇ ဦး ဆက်သွယ်လာခဲ့ပြီး သတ်မှတ်ချက်နဲ့ကိုက်ညီမှုရှိခဲ့တဲ့ ၁၅၀ ရဲ့အမှုတွေကို ပိတ်သိမ်းပေးခဲ့သလို ကျန်ရှိအမှုတွေကိုလည်း အမြန်ပိတ်သိမ်းနိုင်ဖို့ စိစစ်ဆောင်ရွက်နေတာကို သိရှိရပါတယ်။




နေပြည်တော်ပြည်သူ့ဆေးရုံကြီး ခုတင်-၁၀၀၀ ရှိ အောက်ဆီဂျင်ထုတ်လုပ်သည့်စက်ရုံ(Liquid Oxygen Plant) (နေပြည်တော်)ကို တွေ့ရစဉ်။

### စီးပွားရေးအတွက် ခြေလှမ်းများစွာ

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်နေတဲ့ကာလအတွင်း မိမိတို့နိုင်ငံရဲ့ အခြေခံစီးပွားရေးလုပ်ငန်းတွေဖြစ်တဲ့ စိုက်ပျိုးရေးနဲ့မွေးမြူရေးကဏ္ဍ တိုးတက်မြင့်မားဖို့အတွက် ကြိုးပမ်းဆောင်ရွက်ချက်တွေကို ပြည်နယ်နဲ့ တိုင်းဒေသကြီးအသီးသီးမှာ အင်တိုက်အားတိုက် လုပ်ဆောင်လာတာကိုလည်း မြင်တွေ့ရပါတယ်။

အစိုးရ၊ တပ်မတော်နဲ့ ပုဂ္ဂလိကပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းတွေကနေ ကုန်ထုတ်လုပ်မှုရာနှုန်းပြည့်တိုးတက်လာဖို့တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက ဝန်ကြီးချုပ်တွေ၊ တိုင်းမှူးတွေနဲ့ တာဝန်ရှိသူတွေက လိုအပ်ချက်တွေကို နေ့စဉ်လိုက်လံဖြည့်ဆည်းပေးလျက်ရှိတာကိုလည်း အားတက်ဖွယ်မြင်တွေ့ရပါတယ်။ အစိုးရ၊ တပ်မတော်နဲ့ ပုဂ္ဂလိကပိုင်မွေးမြူရေးခြံတွေနဲ့ စိုက်ပျိုးရေးစခန်းတွေကို သွားရောက်ကြည့်ရှုပြီး လိုအပ်တာတွေကို ဖြည့်တင်းပေးနိုင်ဖို့၊ စိုက်ပျိုးမွေးမြူရေးဆိုင်ရာ သုတေသနလုပ်ငန်းတွေတွင်ကျယ်စေဖို့ ဆောင်ရွက်လျက်ရှိပါတယ်။

နိုင်ငံခြားရည်ညွှန်းငွေလဲလှယ်နှုန်း သတ်မှတ်ချက်နဲ့ပတ်သက်ပြီး လိုင်စင်ရဘဏ်တွေ၊ နိုင်ငံခြားသုံးငွေရောင်းဝယ်သူတွေနဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တာဝန်ရှိသူတွေ တွေ့ဆုံပြီး ရောင်းဈေး၊ ဝယ်ဈေးကွာခြားမှုနည်းပါးစေဖို့၊ ဒေါ်လာဈေးမြင့်မားမှုကြောင့် အခြားကုန်စည်တွေ ဈေးမြင့်တက်မှုကို တားဆီးနိုင်ဖို့ ဩဂုတ်လ ၃ ရက်က ညှိနှိုင်းအဖြေရှာခဲ့ကြတာကိုလည်း တွေ့မြင်ရပါတယ်။

စိုက်ပျိုးရေးသီးနှံတွေကို ပြည်ပတင်ပို့မှုအားကောင်းစေဖို့ ဆောင်ရွက်လျက်ရှိရာမှာ ပြီးခဲ့တဲ့ဇွန်လက နှစ်နိုင်ငံအကြား မတ်ပဲနဲ့ ပဲစင်းငုံရောင်းဝယ်မှု ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာကို အကောင်အထည်ဖော်တဲ့အနေနဲ့ အိန္ဒိယနိုင်ငံကို မတ်ပဲနဲ့ ပဲစင်းငုံသတ်မှတ်တန်ချိန်ပြည့်မီအောင် တင်ပို့နိုင်ဖို့အတွက် ယခုလအတွင်း ညှိနှိုင်းဆောင်ရွက်မှုတွေ စတင်နိုင်ခဲ့တာကို ဩဂုတ်လ ၉ ရက်က မြင်တွေ့ရပါတယ်။ ကျေးလက်ဖွံ့ဖြိုးရေးလုပ်ငန်းတွေ အားကောင်းစေဖို့ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနက ကြိုးပမ်းလျက်ရှိနေပြီး စံပြကျေးရွာစီမံကိန်းလုပ်ငန်းတွေကိုလည်း အရှိန်အဟုန်နဲ့ ဆောင်ရွက်လျက်ရှိပါတယ်။

ဩဂုတ်လအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် အစိုးရရုံးတွေ၊ ဈေးတွေ၊ စာသင်ကျောင်းတွေကို ပိတ်ထားခဲ့ရပေမယ့် ကမ်းဝေးငါးဖမ်းလုပ်ငန်းနဲ့ ရေထွက်ပစ္စည်း ပြည်ပတင်ပို့တာတွေကို အရှိန်အဟုန်မပျက် ဆောင်ရွက်လျက်ရှိရာမှာ ဩဂုတ်လ ပထမပတ်အတွင်း ပင်လယ်ကမ်းဝေးငါးဖမ်းရေယာဉ် ၅၇၃ စင်းကို မူလခွင့်ပြုထားတဲ့ ၈၉၉ စင်းအပါအဝင် စုစုပေါင်းငါးဖမ်းရေယာဉ် ၁၄၇၂ စင်းနဲ့ ပင်လယ်ပြင်ငါးဖမ်းလုပ်ငန်းတွေ ဆောင်ရွက်ခွင့်ရရှိခဲ့တာကိုလည်း ဩဂုတ်လ ၉ ရက်က သိရှိရပါတယ်။

စာမျက်နှာ ၇ သို့ ❍



ရုံးပိတ်ရက်ရှည်ကာလအတွင်း ကမ်းဝေးငါးဖမ်းလုပ်ငန်းနှင့် ရေထွက်ပစ္စည်း ပြည်ပတင်ပို့မှု အရှိန်အဟုန်မပြတ် ဆောင်ရွက်နေစဉ်။

**ကိုဗစ်-၁၉ ကြောင့် ဖြစ်ပေါ်လာတဲ့ စီးပွားရေးသက်ရောက်မှုတွေအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ဦးဆောင်ရေးဆွဲတဲ့ မြန်မာနိုင်ငံစီးပွားရေး ပြန်လည်ဦးမော့လာစေရေးစီမံချက်ကို ဩဂုတ်လ ၂၅ ရက်က အပြီးသတ်ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။ စီမံချက်အတွင်း လုပ်ငန်းအစီအစဉ် ၁၀ ခု၊ မျှော်မှန်းချက် ၂၇ ခု၊ လုပ်ငန်းစဉ် ၄၀၇ ခုတို့ ပါဝင်ကြောင်း သိရှိရပါတယ်။ ကော်မတီဝင်တွေက စီမံချက်မူကြမ်းအပေါ် ဝိုင်းဝန်းဖြည့်စွက်ဆွေးနွေးခဲ့ကြပြီးဖြစ်တာကြောင့် အတည်ပြုနိုင်ရေးဆောင်ရွက်နေပြီဖြစ်**

# ပြည်သူ့အကျိုးပြု သတ္တမတစ်လတာ

❍ စာမျက်နှာ ၆ မှ

ဩဂုတ်လအတွင်း ကော့သောင်း – ရနောင်း နယ်စပ်ကုန်စည်ကူးသန်းရောင်းဝယ်မှု သတ်မှတ်ချိန်တွေကို တိုးမြှင့်ခွင့်ပြုပေးခဲ့တာကိုလည်း ဩဂုတ်လ ၁၃ ရက်က တွေ့ရှိရပါတယ်။ မူလက နေ့စဉ် နံနက် ၆ နာရီမှ မွန်းလွဲ ၁ နာရီအတွင်းသာ ကုန်သွယ်မှုတွေ ဆောင်ရွက်ခဲ့ရသော်လည်း ယခုမူ နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ နေ့စဉ် ကုန်သွယ်မှုတိုးမြှင့်ပြုလုပ်နိုင်ခဲ့ပြီဖြစ်ပါတယ်။

အာဆီယံစီးပွားရေးအသိုက်အဝန်း (အေအီးစီ) ၂၀၂၅ လုပ်ငန်းစီမံချက်မှာပါဝင်တဲ့ လုပ်ငန်းကော်မတီ ၂၂ ခုရဲ့ လုပ်ငန်းညှိနှိုင်းမှုတွေကို ဩဂုတ်လ ၁၃ ရက်က ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ထို့အတူ စိုက်ပျိုးရေးဆိုင်ရာ စီးပွားရေးဇုန်နဲ့ စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်းတွေကို ပိုမိုရင်းနှီးမြှုပ်နှံနိုင်စေဖို့အတွက် သက်ဆိုင်ရာဝန်ကြီးဌာနတွေက လိုအပ်တဲ့ပံ့ပိုးမှုတွေ ပေးအပ်နိုင်ဖို့အတွက် အစည်းအဝေးတစ်ရပ်ကိုလည်း ဩဂုတ်လဒုတိယပတ်အတွင်း က ကျင်းပခဲ့ပါတယ်။ စီမံကိန်းတွေအတွက် မြေနေရာသတ်မှတ်တာတွေကနေ ဝန်ဆောင်မှု၊ ထုပ်ပိုးမှု၊ သယ်ယူပို့ဆောင်မှု၊ သုတေသနစတဲ့ လုပ်ငန်းအောင်မြင်နိုင်ရေး ကိစ္စရပ်တွေအတွက် အဖြေရှာ ပူးပေါင်းဆောင်ရွက်ခဲ့ကြတာကိုလည်း မြင်တွေ့ရပါတယ်။

ယခုလအတွင်းမှာ အခြေခံစားကုန်နဲ့ အိမ်သုံးဆေးဝါးတွေကို ရွှေ့လျားဈေးကားစနစ်နဲ့ ဈေးနှုန်းချိုသာစွာ လှည့်လည်ရောင်းချပေးနိုင်ခဲ့တဲ့အတွက် ကိုဗစ်ကြောင့် ဆေးလိုအပ်ချက်နဲ့ စားနပ်ရိက္ခာလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ခဲ့တာကြောင့် ပြည်သူတွေအတွက် အဆင်ပြေလွယ်ကူခဲ့ပါတယ်။

ကိုဗစ်–၁၉ ကြောင့် ဖြစ်ပေါ်လာတဲ့ စီးပွားရေးသက်ရောက်မှုတွေအပေါ် ကုစားရေးလုပ်ငန်းကော်မတီက ဦးဆောင်ရေးဆွဲတဲ့ မြန်မာနိုင်ငံစီးပွားရေးပြန်လည်ဦးမော့လာစေရေးစီမံချက်ကို ဩဂုတ်လ ၂၅ ရက်က အပြီးသတ်ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။ စီမံချက်အတွင်း လုပ်ငန်းအစီအစဉ် ၁၀ ခု၊ မျှော်မှန်းချက် ၂၇ ခု၊ လုပ်ငန်းစဉ် ၄၀၇ ခုတို့ ပါဝင်ကြောင်း သိရှိရပါတယ်။ ကော်မတီဝင်တွေက စီမံချက်မူကြမ်းအပေါ် ဝိုင်းဝန်းဖြည့်စွက်ဆွေးနွေးခဲ့ကြပြီးဖြစ်တာကြောင့် အတည်ပြုနိုင်ရေးဆောင်ရွက်နေပြီဖြစ်ပါတယ်။

**တတိယလှိုင်းကို အန်တု၊ အောင်မြင်စွာ ဖြတ်ကျော်**

ကျန်းမာရေးဝန်ကြီးဌာနက ဩဂုတ်လအတွင်း ပြည်သူလူထုထံကို အသိပေးချက်တွေ ထုတ်ပြန်ခဲ့ပါတယ်။ မြန်မာနိုင်ငံအတွင်း ကိုရိုနာဗိုင်းရပ်စ်ရောဂါ ထိန်းချုပ်ရေးနဲ့ အရေးပေါ်တုံ့ပြန်ရေးကော်မတီရဲ့ ဦးဆောင်မှုနဲ့ ပြည်သူလူထုကို အခမဲ့ကာကွယ်ဆေးထိုးနှံပေးခဲ့တာ၊ အရည်အသွေးကောင်းမွန်ပြီး ဘေးကင်းစိတ်ချရတဲ့ ကာကွယ်ဆေးတွေဖြစ်ဖို့ လိုအပ်တာနဲ့ ဈေးကွက်အတွင်း ကာကွယ်ဆေးအတုအပတွေ ရောင်းချနေတာဟာ ရောဂါကာကွယ်နိုင်ခြင်းမရှိတဲ့အပြင် ဘေးအန္တရာယ်ပါဖြစ်စေနိုင်တဲ့အတွက် ကျန်းမာရေးဝန်ကြီးဌာနက တရားဝင်အသိအမှတ်ပြုထားတဲ့ ကာကွယ်ဆေးတွေကိုသာ ထိုးနှံကြဖို့ နိုင်ငံတော်အစိုးရက တိုက်တွန်းခဲ့သလို တရားမဝင်ကာကွယ်ဆေးအတုအပတွေ ဖြန့်ဖြူးရောင်းချနေမှုတွေကိုလည်း အရေးယူသွားမှာဖြစ်တယ်လို့ အသိပေးခဲ့ပြီး ဆေးဈေးကွက်အတွင်း မှန်ကန်မျှတတဲ့ဈေးနှုန်းတွေကိုလည်း နေ့စဉ်ထုတ်သတင်းစာတွေမှာ ဖော်ပြပေးခဲ့ပါတယ်။



ဩဂုတ် ၂၈ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဝယ်ယူသည့် Sinopharm အမှတ်တံဆိပ် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေ နှစ်သန်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိစဉ်။

အများပြည်သူ ရုံးပိတ်ရက်တွေအဖြစ် ကြေညာခဲ့တဲ့ကာလတစ်လျှောက် နယ်စပ်ကုန်သွယ်ရေးစခန်းတွေမှာ ပုံမှန်အတိုင်း ပို့ကုန်သွင်းကုန်လုပ်ငန်းတွေကို ရပ်ဆိုင်းထားခြင်းမရှိဘဲ ဆောင်ရွက်ပေးနေသလို ပို့ကုန်သွင်းကုန်လိုင်စင် လျှောက်ထားမှုတွေကိုလည်း အွန်လိုင်းမှတစ်ဆင့် ပုံမှန်ခွင့်ပြုပေးလျက်ရှိပါတယ်။ ဒါကြောင့် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနဲ့ဆိုင်တဲ့ ဆေးနဲ့ ဆက်စပ်ပစ္စည်းတွေကို တင်သွင်းခွင့်ပြုပေးခဲ့တာတွေကိုလည်း နေ့စဉ်မြင်တွေ့ခဲ့ရပါတယ်။

**အများပြည်သူရုံးပိတ်ရက်တွေအဖြစ် ကြေညာခဲ့တဲ့ ကာလတစ်လျှောက် နယ်စပ်ကုန်သွယ်ရေးစခန်းတွေမှာ ပုံမှန်အတိုင်း ပို့ကုန် သွင်းကုန် လုပ်ငန်းတွေကို ရပ်ဆိုင်းထားခြင်းမရှိဘဲ ဆောင်ရွက်ပေးနေသလို ပို့ကုန်သွင်းကုန်လိုင်စင် လျှောက်ထားမှုတွေကိုလည်း အွန်လိုင်းမှတစ်ဆင့် ပုံမှန်ခွင့်ပြုပေးလျက်ရှိပါတယ်။ ဒါကြောင့် ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးနဲ့ဆိုင်တဲ့ ဆေးနဲ့ ဆက်စပ်ပစ္စည်းတွေကို တင်သွင်းခွင့်ပြုပေးခဲ့တာတွေကိုလည်း နေ့စဉ်မြင်တွေ့ခဲ့ရ**

တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးမှာရှိတဲ့ ပြည်သူ့ဆေးရုံ၊ တပ်မတော်ဆေးရုံ၊ ကျန်းမာရေးဌာနတွေ၊ ကျန်းမာရေးဝန်ထမ်းတွေနဲ့ ကိုဗစ်စင်တာတွေ၊ ပရဟိတအသင်းအဖွဲ့တွေထံကို အောက်ဆီဂျင်အိုးအပါအဝင် ရောဂါကာကွယ်ရေးအထောက်အကူပြုပစ္စည်းတွေ ဖြန့်ဝေလှူဒါန်းတာတွေကို ယခုလအတွင်း အများဆုံးမြင်တွေ့ခဲ့ရပါတယ်။ ကိုဗစ်အတည်ပြုလူနာတွေနဲ့ သီးသန့်စောင့်ကြည့်ရမယ့်သူတွေအတွက် နေရာထိုင်ခင်း ကြိုတင်ပြင်ဆင်မှုတွေကိုလည်း တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးမှာရှိတဲ့ တပ်မတော်ဆေးရုံတွေ၊ နယ်မြေခံသင်တန်းကျောင်းတွေ၊ စစ်ကြောရေးနဲ့ တည်းခိုရေးစခန်းတွေမှာ စဉ်ဆက်မပြတ်ကြိုတင်ပြင်ဆင်တာ၊ လက်ခံထားရှိတာတွေကို လုပ်ဆောင်ခဲ့ပါတယ်။

ထို့အတူ ကျန်းမာရေးဝန်ကြီးဌာနကနေ ဩဂုတ်လ ၂ ရက်မှာ ပြည်သူသို့ အသိပေးပြန်ကြားချက်တစ်စောင်ကို ထုတ်ပြန်ခဲ့ပါတယ်။ Stay at Home ကာလ စည်းကမ်းမလိုက်နာသူတွေကို အနယ်နယ်အရပ်ရပ်မှာ အရေးယူတာ၊ အသိပညာပေးတာတွေကို လုပ်ဆောင်လျက်ရှိပါတယ်။ အိမ်သုံးဆေးဝါးတွေနဲ့ ကျန်းမာရေးသုံးပစ္စည်းတွေကို သိုလှောင်တာ၊ အမြတ်တင်ရောင်းချနေတာတွေကိုလည်း ဖော်ထုတ်အရေးယူခြင်းတွေကို ဩဂုတ်လအတွင်း လုပ်ဆောင်နိုင်ခဲ့ပါတယ်။ ထို့အတူ နိုင်ငံတကာခရီးသည်တင်လေကြောင်းခရီးစဉ်တွေ ပျံသန်းဆင်းသက်တာကို ယာယီကန့်သတ်ကာလတိုးမြှင့်တာ၊ ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီက အသိပေးကြေညာချက်တွေ ထုတ်ပြန်တာတွေကို ဆောင်ရွက်ခဲ့ပါတယ်။

ကိုဗစ်–၁၉ ကာကွယ်ဆေး ဝယ်ယူရရှိရေးရန်ပုံငွေကိုလည်း ယခုလအတွင်း အများပြည်သူတွေရဲ့ လှူဒါန်းမှုမြင့်တက်လာခဲ့တာကို ဝမ်းမြောက်ဖွယ်သိရှိရပါတယ်။ ရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီရဲ့ အသိပေးကြေညာချက်တွေအရ လှူဒါန်းရရှိမှုနဲ့ ကာကွယ်ဆေးဝယ်ယူမှုအခြေအနေတွေကိုလည်း ပွင့်လင်းမြင်သာစွာ သိရှိခွင့်ရခဲ့ပါတယ်။

ထို့အတူ ကိုဗစ်–၁၉ ရောဂါဖြစ်ပွားသူတွေအတွက် နောက်ဆက်တွဲလိုအပ်ချက်တစ်ခုဖြစ်တဲ့ အောက်ဆီဂျင်လိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ဖို့ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက ပြည်သူ့ဆေးရုံတွေနဲ့ တပ်မတော်ဆေးရုံတွေမှာ အောက်ဆီဂျင်ထုတ်လုပ်တဲ့စက်ရုံတွေ တည်ဆောက်လျက်ရှိရာ ဩဂုတ်လအတွင်း ပြီးစီးသွားတဲ့ စက်ရုံများစွာ ထွက်ပေါ် လာခဲ့ပြီဖြစ်ပါတယ်။ ထို့အတူ တိုင်းဒေသကြီးနဲ့ ပြည်နယ်အသီးသီးက ပြည်သူတွေအားလုံး သတ်မှတ်အုပ်စုတွေအလိုက် ကာကွယ်ဆေးထိုးနှံပေးနိုင်ဖို့အတွက် ကာကွယ်ဆေးတွေကို မြေပြင်အခြေအနေလမ်းကြောင်း မော်တော်ယာဉ်တွေနဲ့ ဖြန့်ဖြူးပေးလျက်ရှိသလို တပ်မတော်လေယာဉ်တွေ၊ ရဟတ်ယာဉ်တွေနဲ့လည်း ဖြည့်ဆည်းဖြန့်ဖြူးပေးနေတာကို မြင်တွေ့ရပါတယ်။

ဩဂုတ်လ ၈ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံကနေ ဝယ်ယူထားတဲ့ ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးတစ်သန်းရောက်ရှိလာခဲ့သလို တရုတ်ပြည်သူ့လွတ်မြောက်ရေးတပ်မတော်နဲ့ ပေကျင်းမြို့မှာရှိတဲ့ မြန်မာသံရုံး၊ စစ်သံရုံးတို့ကလှူဒါန်းတဲ့ ကာကွယ်ဆေးတွေနဲ့ ဆေးဘက်ဆိုင်ရာအထောက်အကူပစ္စည်းတွေ ဩဂုတ်လ ၂၂ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်ကိုလည်းကောင်း၊ တရုတ်နိုင်ငံမှ ဝယ်ယူထားတဲ့ကာကွယ်ဆေး နှစ်သန်းမှာ ဩဂုတ်လ ၂၈ ရက်ကလည်းကောင်း ရောက်ရှိလာခဲ့ပါတယ်။

ကျန်းမာရေးဝန်ကြီးဌာနကနေ ကိုဗစ်–၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းတွေကို ပိုမိုထိရောက်စေဖို့အတွက် ဩဂုတ်လအတွင်း မြင်းခြံမြို့နယ်၊ ဘီးလင်းမြို့နယ်၊ ကျိုင်းတုံမြို့နယ်၊ နေပြည် တော် တပ်ကုန်းမြို့နယ်၊ ထားဝယ်မြို့နယ်၊ မြိတ်မြို့ နယ်၊ မိုးညှင်းမြို့နယ်၊ ဝိုင်းမော်မြို့နယ်၊ လွိုင်ကော်မြို့နယ်၊ ကျွန်းလှမြို့နယ်၊ ချောင်းဆုံမြို့နယ် စတဲ့မြို့နယ်တွေကို Stay at Home မြို့နယ်တွေအဖြစ် သတ်မှတ်ခဲ့ပါတယ်။

**သတင်းမှန်စီးဆင်းမှုမြန်ဆန်စေရေး ကြိုးပမ်းလျက်ရှိ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ကို ဩဂုတ်လအတွင်း ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာတွေထံက ဆက်သွယ်မေးမြန်းမှုတွေရှိခဲ့ပြီး သတင်းမှန်ရရှိရေးအတွက် အချိန်နဲ့တစ်ပြေးညီ ပြန်လည်ဖြေကြားပေးလျက်ရှိတာကိုလည်း မြင်တွေ့ရပါတယ်။ တပ်မတော်သတင်းမှန်ပြန်ကြားရေးအဖွဲ့အမည်ကို အလွဲသုံး၍ သတင်းမှားလွှင့်တင်တာကို ဩဂုတ်လ ၁၁ ရက်က ပြန်လည်ရှင်းလင်းထုတ်ပြန်ခဲ့ပါတယ်။

မီဒီယာကဏ္ဍ တိုးတက်မြင့်မားရေးအတွက် မြန်မာနိုင်ငံ သတင်းမီဒီယာကောင်စီဝင်တွေကို ရွေးချယ်တင်မြှောက်ခဲ့ပြီး အသစ်ပြန်လည်ဖွဲ့စည်းမှုတွေ ကို ဩဂုတ်လအတွင်း ဆောင်ရွက်ပေးနိုင်ခဲ့ပါတယ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့က နိုင်ငံခြားသံရုံးကိုယ်စားလှယ်တွေ၊ သတင်းမီဒီယာတွေနဲ့ တွေ့ဆုံကာ (၈/၂၀၂၁) သတင်းစာရှင်းလင်းပွဲကို ဩဂုတ်လ ၂၇ ရက်က ကိုဗစ်– ၁၉ ကပ်ရောဂါကာကွယ်ရေးနည်းလမ်းတွေနဲ့အညီ ပြုလုပ်ခဲ့ပါတယ်။ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ်ဇော်မင်းထွန်းက ရှင်းလင်းပြောကြားရာမှာ နိုင်ငံတော်အစိုးရရဲ့ နိုင်ငံရေး၊ လူမှုရေးနဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ဆောင်ရွက်ချက်တွေ၊ ကိုဗစ်–၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ဆောင်ရွက်ချက်တွေ၊ နိုင်ငံတော်အစိုးရရဲ့ ရှေ့လုပ်ငန်းစဉ်တွေ၊ ဦးတည်ချက်တွေကို ချမှတ်အကောင်အထည်ဖော်နေမှုဆိုင်ရာတွေနဲ့ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ လုံခြုံရေးစတဲ့ကိစ္စရပ်တွေကို ဗီဒီယိုဖိုင်တွေနဲ့ ရှင်းလင်းပြောကြားခဲ့ပါတယ်။

ထို့နောက် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ရွေးကောက်ပွဲဆိုင်ရာ စစ်ဆေးတွေ့ရှိချက်တွေ၊ ၂၀၂၀ ပြည့်နှစ်ရွေးကောက်ပွဲပယ်ဖျက်ကြောင်း ကြေညာချက်ထုတ်ပြန်ခဲ့မှုနဲ့ ကော်မရှင်ရဲ့ ရှေ့ဆက်ဆောင်ရွက်မယ့်လုပ်ငန်းစဉ်တွေကို ရှင်းလင်းပြောကြားခဲ့ပြီး တက်ရောက်လာကြသူတွေရဲ့ မေးမြန်းမှုတွေကို သတင်းထုတ်ပြန်ရေး အဖွဲ့ခေါင်းဆောင်နဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်တို့က ပြန်လည်ဖြေကြားပေးခဲ့ပါတယ်။

နိဂုံးချုပ်တင်ပြရလျှင် နိုင်ငံတော်အစိုးရဆိုတာ နိုင်ငံနဲ့ ပြည်သူတွေကို အကျိုးစီးပွားဖြစ်ထွန်းစေဖို့၊ တည်ငြိမ်အေးချမ်းစေဖို့နဲ့ အခက်အခဲ၊ အကျပ်အတည်းတွေနဲ့ မှားယွင်းတိမ်းချော်မှုတွေကို ပြန်လည်တည့်မတ်စေဖို့ ပေါ်ထွက်ခဲ့ရသူတွေဖြစ်ပါတယ်။ ပြည်သူနဲ့အစိုးရအကြား အပြန်အလှန် ချစ်ခင်ရင်းနှီးစွာ၊ ယုံကြည်လေးစားစွာ ပူးပေါင်းဆောင်ရွက်ကြခြင်းရဲ့ ရလဒ်အဖြစ် ကိုဗစ်တတိယလှိုင်းကို လျော့နည်းကျဆင်းအောင် ကြိုးပမ်းခဲ့တဲ့ ဩဂုတ်လက သက်သေတည်နေပြီဖြစ်ပါတယ်။ ရှေ့အနာဂတ်ကာလများမှာလည်း ယခုထက်ပိုမိုတဲ့ သွေးစည်းညီညွတ်မှုကို အရင်းခံပြီး ဒီမိုကရေစီနိုင်ငံတော်သမိုင်းသစ်ကို အစိုးရ၊ ပြည်သူနဲ့ တပ်မတော်တို့ အတူတကွ ထုဆစ်ကြပါစို့လို့ တိုက်တွန်းလိုက်ရပါတယ်။ ။

# အာဆီယံစီးပွားရေးဝန်ကြီးများနှင့် တရုတ်၊ ကိုရီးယား၊ ဆွစ်ဇာလန်၊ အပေါင်းသုံး စီးပွားရေးဝန်ကြီးများအစည်းအဝေးများနှင့် မဲခေါင်-ဂျပန် စီးပွားရေးဝန်ကြီးများ အစည်းအဝေးများ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၃**

အကြိမ် (၂၀) မြောက် အာဆီယံ-တရုတ် စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ (၁၈) ကြိမ်မြောက် အာဆီယံ-ကိုရီးယား စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ (၁၃) ကြိမ်မြောက် မဲခေါင် - ဂျပန် စီးပွားရေးဝန်ကြီးများအစည်းအဝေး၊ အာဆီယံ-ဆွစ်ဇာလန် Troika စီးပွားရေးဝန်ကြီးများ အစည်းအဝေး၊ (၂၄) ကြိမ်မြောက် အာဆီယံ-အပေါင်းသုံး စီးပွားရေးဝန်ကြီးများ အစည်းအဝေးတို့ကို ယနေ့နံနက်ပိုင်းတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပရာ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦး နေပြည်တော်ရှိ အဆိုပါဝန်ကြီးရုံးမှ ပါဝင်တက်ရောက်သည်။




**အတည်ပြုခဲ့ကြ**

နံနက် ၇ နာရီတွင် အကြိမ်(၂၀) မြောက် အာဆီယံ-တရုတ် စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို စတင်ကျင်းပခဲ့ရာ ဘရူနိုင်းနိုင်ငံ ဝန်ကြီးချုပ်ရုံး ဝန်ကြီးနှင့် ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီး H.E. Dato Dr. Amin Liew Abdullah နှင့် တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E. Mr. Wang Wentao တို့က ပူးတွဲ သဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး ကိုဗစ်-၁၉ ရောဂါကြောင့် ဖြစ်ပေါ်ခဲ့သည့် စီးပွားရေးသက်ရောက်မှုများကို ကုစားနိုင်ရန်အတွက် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မည့် အစီအစဉ်၊ အာဆီယံ-တရုတ် လွတ်လပ်သောကုန်သွယ်မှုဒေသ အကောင်အထည်ဖော်မှု၊ အာဆီယံ-တရုတ် စီးပွားရေးနှင့် ကုန်သွယ်ရေးပူးပေါင်းဆောင်ရွက်မှုများနှင့် အာဆီယံ-တရုတ် ထိပ်သီးအစည်းအဝေးအတွက် ပြင်ဆင်မှုများကို ညှိနှိုင်းဆွေးနွေးကြကာ နှစ် (၃၀) ပြည့် အာဆီယံ-တရုတ် ဆွေးနွေးဖက် ဆက်ဆံရေးအထိမ်းအမှတ်အဖြစ် အာဆီယံနှင့် တရုတ်စီးပွားရေးဝန်ကြီးများ ပူးတွဲကြေညာချက်နှင့် အကြိမ်(၂၀) မြောက် အာဆီယံ-တရုတ် စီးပွားရေးဝန်ကြီးများ အစည်းအဝေး ပူးတွဲကြေညာချက်တို့ကို အတည်ပြုခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက တရုတ်နိုင်ငံက မြန်မာနိုင်ငံအတွက် ကိုဗစ်-၁၉ ကာကွယ်ဆေးနှင့် ဆေးကိရိယာများ လှူဒါန်းမှုကို ကျေးဇူးတင်ရှိကြောင်း၊ ကုန်သွယ်မှုဆိုင်ရာ ထောက်ပံ့ပို့ဆောင်မှုကွင်းဆက်များ ပိုမိုခိုင်မာစေရေးအတွက် မြန်မာ-တရုတ် နယ်စပ်ကုန်သွယ်မှုအား ပုံမှန်ပြန်လည်ဖွင့်လှစ်ပေးရေး အထူးသဖြင့် နှစ်နိုင်ငံနယ်စပ်ကုန်သွယ်မှုတွင် အဓိကကျသည့် ရွှေလီနှင့် မူဆယ်ဂိတ်များ ဖွင့်လှစ်ခြင်းကို စဉ်းစားပေးရန် တရုတ်နိုင်ငံအား မေတ္တာရပ်ခံလိုကြောင်း၊ အာဆီယံနှင့် တရုတ်နိုင်ငံအကြား ကာလကြာရှည်စွာ ကုန်သွယ်မှုနှင့် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများ ရှိခဲ့သည့်အတွက် အာဆီယံ-တရုတ် လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် ထပ်မံအဆင့်မြှင့်တင်ရေးအတွက် အလားအလာရှိသည့် နယ်ပယ်များ သတ်မှတ်နိုင်ရန် ပူးတွဲဖြစ်နိုင်ခြေလေ့လာဆန်းစစ်မှုဆောင်ရွက်မည့်ကိစ္စအပေါ် ထောက်ခံပါကြောင်း ပြောကြားသည်။

ထို့နောက် (၁၈)ကြိမ်မြောက် အာဆီယံ-ကိုရီးယား စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပရာ ဘရူနိုင်းနိုင်ငံ ဝန်ကြီးချုပ်ရုံးဝန်ကြီးနှင့် ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီး H.E. Dato Dr. Amin Liew Abdullah နှင့် ကိုရီးယားသမ္မတနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Yeo Han-koo တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် စီးပွားရေးအပေါ် သက်ရောက်မှုများကို ပြန်လည်တုံ့ပြန်မှုများနှင့် ရှေ့ဆက်လက်ပူးပေါင်းဆောင်ရွက်ရန် နယ်ပယ်များ၊ အာဆီယံ-ကိုရီးယား လွတ်လပ်သော ကုန်သွယ်မှုသဘောတူစာချုပ် အကောင်အထည်ဖော်မှု၊ အာဆီယံ-ကိုရီးယား စီးပွားရေးပူးပေါင်းဆောင်ရွက်မှုစီမံကိန်းများ တိုးတက်မှုအခြေအနေတို့ကို ဆွေးနွေးကြ၍ (၁၈) ကြိမ်မြောက် အာဆီယံ-ကိုရီးယား စီးပွားရေးဝန်ကြီးများ အစည်းအဝေး ပူးတွဲကြေညာချက်ကို အတည်ပြုခဲ့သည်။

**စီးပွားရေးပြန်လည်ဦးမော့စေရေး**

ယင်းအစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၏ ကိုဗစ်-၁၉ ကပ်ရောဂါ ဖြစ်ပွားမှုအခြေအနေများ၊ ထိန်းချုပ်မှုလုပ်ငန်းစဉ်များ၊ ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှုအခြေအနေကို မျှဝေခဲ့ပြီး ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းစဉ်များ ဆောင်ရွက်ရာ၌ ကုလသမဂ္ဂ၏ စဉ်ဆက်မပြတ်ဖွံ့ဖြိုးမှုပန်းတိုင်များ၊ အာဆီယံ ဘက်စုံပြန်လည်ထူထောင်ရေးမူဘောင်နှင့် ဂျီအမ်အက်စ် လုပ်ငန်းအစီအစဉ်များနှင့်အညီ မြန်မာနိုင်ငံ စီးပွားရေးပြန်လည် ဦးမော့စေရေးစီမံချက်ကို ရေးဆွဲဆောင်ရွက်လျက်ရှိမှုတို့အပြင် ကိုဗစ်-၁၉ ကပ်ရောဂါအလွန် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ရာတွင် ပထမဦးစွာ ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့၏ ပြဋ္ဌာန်းချက်များနှင့်အညီ နိုင်ငံစုံကုန်သွယ်ရေးစနစ် ကျင့်သုံးဆောင်ရွက်ခြင်း၊ ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုများ လွယ်ကူချောမွေ့စေခြင်းနှင့် ဖြေလျှော့မှုများ မြှင့်တင်ခြင်းဖြင့် ဒေသတွင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်ရန်၊ ဒုတိယအနေဖြင့် စီးပွားရေးနှင့် လူမှုရေးစဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သည့် ပတ်ဝန်းကျင်တစ်ခုဖန်တီးရန်အတွက် အားလုံးပါဝင်ဆောင်ရွက်ရန်၊ တတိယအနေဖြင့် ဒစ်ဂျစ်တယ်နှင့် နည်းပညာတီထွင်ဆန်းသစ်မှု အခွင့်အလမ်းများကို ရှာဖွေရန် လိုအပ်ကြောင်း အလေးပေး ပြောကြားခဲ့သည်။

**အမြင်ချင်းဖလှယ်ဆွေးနွေး**

မွန်းလွဲပိုင်းတွင် (၁၃) ကြိမ်မြောက် မဲခေါင်-ဂျပန် စီးပွားရေးဝန်ကြီးများအစည်းအဝေးကို ကျင်းပရာ လာအိုနိုင်ငံ စက်မှုနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Khampheng Saysompheng နှင့် ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Hiroshi Kajiyama တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး ၂၀၂၀ ပြည့်နှစ်၌ ကျင်းပခဲ့သည့် (၁၂) ကြိမ်မြောက် မဲခေါင်-ဂျပန် ထိပ်သီးအစည်းအဝေးနှင့် (၁၂) ကြိမ်မြောက် မဲခေါင်-ဂျပန် စီးပွားရေးဝန်ကြီးများ အစည်းအဝေး၏ ဆွေးနွေးမှုရလဒ်များ၊ မဲခေါင်စက်မှုဖွံ့ဖြိုးတိုးတက်မှု မျှော်မှန်းချက် ၂.၀ လုပ်ငန်းအစီအစဉ်အောက်မှ လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်နေသည့် စီမံကိန်းများ၏ ဖြစ်ပေါ်တိုးတက်မှုအခြေအနေနှင့် ဂျပန်နိုင်ငံက အဆိုပြုလာသည့် စီမံကိန်းများအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မဲခေါင်ဒေသနိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဂျပန်နိုင်ငံ၏ ကူညီပံ့ပိုးပေးမှုအပေါ် များစွာကျေးဇူးတင်ရှိပါကြောင်း၊ ကိုဗစ်-၁၉ ကာလအလွန် စီးပွားရေးပြန်လည်ထူထောင်ရေးနှင့် ဒေသတွင်း ဖွံ့ဖြိုးတိုးတက်မှုညီမျှစေရန်အတွက် မဲခေါင်စက်မှုဖွံ့ဖြိုးတိုးတက်မှု မျှော်မှန်းချက် ၂.၀ သည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်လျက်ရှိနေသဖြင့် ယင်းလုပ်ငန်းအစီအစဉ်အောက်ရှိ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စီမံကိန်း၏ ဖြစ်ပေါ်တိုးတက်မှုများအပေါ် ကြိုဆိုပါကြောင်း၊ ဂျပန်နိုင်ငံမှ အဆိုပြုထားသည့် ဒစ်ဂျစ်တယ် တီထွင်ဆန်းသစ်မှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ စီမံကိန်းများကို ကြိုဆိုပါကြောင်း၊ ဂျပန်နိုင်ငံအနေဖြင့် အရှေ့-အနောက် စီးပွားရေးစင်္ကြံ ဖွံ့ဖြိုးတိုးတက်မှုအတွက် မြန်မာနိုင်ငံတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် စီမံကိန်းများအပေါ် ဆက်လက်ပံ့ပိုးပေးစေလိုကြောင်းနှင့် ဒစ်ဂျစ်တယ်အခြေပြုရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာ မဟာဗျူဟာနှင့်စပ်လျဉ်း၍ စွမ်းဆောင်ရည်မြှင့်တင်ရေး အစီအစဉ်များကို ပံ့ပိုးပေးစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

**ပူးတွဲကြေညာချက်ကို အတည်ပြု**

ထို့နောက် အာဆီယံ-ဆွစ်ဇာလန် Troika စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ဆက်လက်ကျင်းပရာ ဘရူနိုင်းနိုင်ငံ ဝန်ကြီးချုပ်ရုံး ဝန်ကြီးနှင့် ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီး H.E. Dato Dr. Amin Liew Abdullah နှင့် ဆွစ်ဇာလန်နိုင်ငံ စီးပွားရေးရာ၊ ပညာရေးနှင့် သုတေသနဌာန အကြီးအကဲနှင့် Swiss Confederation ၏ ဥက္ကဋ္ဌ H.E. Guy Parmelin တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး အာဆီယံနှင့် ဥရောပလွတ်လပ်သော ကုန်သွယ်မှုအဖွဲ့အကြား ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ပူးတွဲကြေညာချက် (မူကြမ်း)နှင့် အာဆီယံနှင့် ဆွစ်ဇာလန်နိုင်ငံတို့အကြား လက်တွေ့ပူးပေါင်းဆောင်ရွက်မှုနယ်ပယ်များ (၂၀၂၂-၂၀၂၆)အောက်ရှိ စီးပွားရေးပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းစဉ်များအပေါ် အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြပြီး ပူးတွဲကြေညာချက်ကို အတည်ပြုခဲ့သည်။

ဆက်လက်၍ (၂၄) ကြိမ်မြောက် အာဆီယံအပေါင်းသုံး စီးပွားရေးဝန်ကြီးများ အစည်းအဝေးကို ကျင်းပရာ ဘရူနိုင်းနိုင်ငံ ဝန်ကြီးချုပ်ရုံး ဝန်ကြီးနှင့် ဘဏ္ဍာရေးနှင့် စီးပွားရေးဝန်ကြီး H.E. Dato Dr. Amin Liew Abdullah၊ တရုတ်နိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီး H.E. Wentao Wang၊ ဂျပန်နိုင်ငံ စီးပွားရေး၊ ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးဌာန ဝန်ကြီး H.E. Hiroshi Kajiyama နှင့် ကိုရီးယားသမ္မတနိုင်ငံ ကုန်သွယ်ရေး၊ စက်မှုနှင့် စွမ်းအင်ဒုတိယဝန်ကြီး H.E. Dr. Yoonjong Chun တို့က ပူးတွဲသဘာပတိများအဖြစ် ဆောင်ရွက်ကြပြီး အာဆီယံအပေါင်းသုံး စီးပွားရေးပူးပေါင်းဆောင်ရွက်မှုလုပ်ငန်းအစီအစဉ် (၂၀၂၁-၂၀၂၂) အပေါ် ဝန်ကြီးများက ဆွေးနွေးအတည်ပြုကြ၍ ကိုဗစ်-၁၉ ကူးစက်ရောဂါကြောင့် စီးပွားရေးထိခိုက်မှုများ လျော့နည်းစေရေး အာဆီယံအပေါင်းသုံး လုပ်ငန်းစီမံချက်၏ ဖြစ်ပေါ်တိုးတက်မှုများကို မှတ်တမ်းတင်ခဲ့သည်။

**သတင်းစဉ်**

## ရေလုပ်သားများအတွက် အခြေခံငါးမွေးမြူရေးသင်တန်း ဖွင့်လှစ်

**မြင်းခြံ စက်တင်ဘာ ၁၃**

မြင်းခြံခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှ ငါးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ကျေးလက်နေပြည်သူများ တစ်ဖက်တစ်လမ်းမှ ဝင်ငွေရရှိစေရန် ဒေသတွင်း ငါးရိက္ခာများ ပိုမိုစားသုံးနိုင်စေရေးအတွက် ရေလုပ်ငန်းလုပ်ကိုင်သူများ၊ ရေလုပ်ငန်းနှင့် ဆက်နွှယ်သူများအား မြင်းခြံခရိုင်ငါးလုပ်ငန်းဦးစီးဌာန မှူးရုံးတွင် အခြေခံငါးမွေးမြူရေးနှင့် ဆေးထိုးသားဖောက် သင်တန်းကို စက်တင်ဘာ ၁၃ ရက်မှ ၁၄ ရက်အထိ ဖွင့်လှစ်ပို့ချခဲ့သည်။

အဆိုပါသင်တန်းတွင် ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးထွန်းတင်က ငါးလုပ်ငန်းဦးစီးဌာနမှ ဆောင်ရွက်နေသည့် ငါးသယံဇာတထိန်းသိမ်းရေးလုပ်ငန်းများ၊ ငါးမွေးမြူရေးတိုးတက်ရန် ဆောင်ရွက်ရမည့် နည်းစနစ်များအား အကျယ်တဝင့်ပြောကြားခဲ့ပြီး ဒုတိယဦးစီးမှူး ဒေါ်စပယ်လှိုင်က ငါးမွေးမြူရေးဆိုင်ရာလိုက်နာရမည့် စံများနှင့်ပတ်သက်၍ လည်းကောင်း၊ လက်ထောက်ဦးစီးမှူး ဒေါ်တည်ငြိမ်အေးက တားမြစ်ငါးဖမ်းကိရိယာ၊ ငါးဖမ်းနည်း၊ ငါးအမျိုးအစား၊ အချိန်ကာလ သတ်မှတ်ချက်များကို ရှင်းလင်းပို့ချခဲ့ပြီး သင်တန်းသို့ မြင်းခြံမြို့ပေါ်နှင့် အနီးအနားကျေးရွာမှ သင်တန်းသား သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

■

## ဝန်မြစ်ရေ စိုးရိမ်ရေမှတ်၌ တည်ရှိနေ

**နေပြည်တော် စက်တင်ဘာ ၁၃**

ယနေ့ နံနက် ၈ နာရီခွဲ တိုင်းထွာချက်အရ ငဝန်မြစ်ရေသည် သာပေါင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ သုံးလက်မခန့် ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်နှစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

**မိုး/ဇလ**

# မအူပင်မြို့နယ်အတွင်းရှိ ဝါဆိုဝါကပ် သီတင်းသုံးတော်မူကြသော သံဃာတော်များနှင့် သီလရှင်များအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်

**မအူပင် စက်တင်ဘာ ၁၃**
ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်အတွင်းရှိ ဝါဆိုဝါကပ်တော်မူကြသော သံဃာတော်များနှင့် သီလရှင် ဆရာကြီး၊ ဆရာလေးများအား ဆွမ်းဆန်တော်နှင့် လှူဖွယ်ဝတ္ထုများ ဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို စက်တင်ဘာ ၁၁ ရက် မွန်းတည့် ၁၂ နာရီက ရွှေကျင်ကျောင်းတိုက် ဓမ္မာရုံအတွင်း ကျင်းပခဲ့သည်။




**လှူဒါန်း**

အဆိုပါအခမ်းအနားသို့ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် တာဝန်ရှိသူများ၊ မအူပင်ခရိုင် စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေး၊ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး နိုင်လွင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးအဖွဲ့ဥက္ကဋ္ဌ ဦးတိုးတိုးဝင်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်း များ၊ မြို့မိမြို့ဖများ၊ လုပ်ငန်းရှင်များနှင့် စေတနာရှင် အလှူရှင်များ တက်ရောက်လှူဒါန်းခဲ့ကြသည်။

မအူပင်ခရိုင် မအူပင်မြို့နယ်တွင် ဘုန်းတော်ကြီးကျောင်း ၃၈၇ ကျောင်း၊ သီလရှင်ကျောင်း ၄၇ ကျောင်း၊ ဆရာတော်၊ သံဃာတော်များနှင့် သီလရှင် ဆရာကြီး၊ ဆရာလေး စုစုပေါင်း ၂၇၁၅ ပါးရှိပြီး စုစုပေါင်းတန်ဖိုးငွေကျပ် ၂၀၇ သိန်းရှိ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲများနှင့် လှူဖွယ်ဝတ္ထုများအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်းသိရသည်။

**အောင်ခိုင်၊ အောင်မြင့်မြတ်(မအူပင်)**



စီးတီးတက္ကစီ မှတ်ပုံတင်ထားသည့် အငှားယာဉ်တစ်စီးကို တွေ့ရစဉ်။

# စီးတီးတက္ကစီနှင့် ကုန်တင်ယာဉ်မှတ်ပုံတင်ခြင်းလုပ်ငန်းကို တစ်ရက်လျှင် အစီး ၁၀၀ နှုန်းဖြင့် ဆောင်ရွက်ပေးသွားမည်

**ရန်ကုန် စက်တင်ဘာ ၁၃**
ရန်ကုန်တိုင်းဒေသကြီးအတွင်း ခရီးသည်များအား ဝန်ဆောင်မှုပေးလျက်ရှိသော အငှားယာဉ်/စီးတီးတက္ကစီယာဉ်များအား မှတ်ပုံတင်ခြင်းလုပ်ငန်းနှင့် ကုန်စည်ပို့ဆောင်ရေးယာဉ်များ မှတ်ပုံတင်ခြင်း လုပ်ငန်းကို စက်တင်ဘာ ၁၅ ရက်တွင် မှတ်ပုံတင်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများ ပြန်လည်ပေးနိုင်တော့မည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိကသယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC) ရုံးမှ သိရသည်။

**ပြန်လည်ဖွင့်လှစ်**

ပြန်လည်ဖွင့်လှစ်ချိန်တွင် တက္ကစီယာဉ်များ မှတ်ပုံတင်ခြင်းလုပ်ငန်းကို အမှတ် ၂၆ ပင်လုံလမ်း ၂၉ ရပ်ကွက် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တွင် ပြောင်းလဲ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ပြီး ကုန်စည်ပို့ဆောင်ရေးယာဉ်များ မှတ်ပုံတင်ခြင်းလုပ်ငန်းကို ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ကမ်းနားလမ်းနှင့် ဝါးတန်းလမ်းထိပ်ရှိ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာနရုံးအနီးတွင် ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဝန်ဆောင်မှုပေးနိုင်ခဲ့**

အဆိုပါ ရန်ကုန် စီးတီးတက္ကစီ မှတ်ပုံတင်ခြင်းနှင့် ကုန်စည်ပို့ဆောင်ရေးယာဉ်များ မှတ်ပုံတင်ခြင်း ဝန်ဆောင်မှုလုပ်ငန်းများကို ယခင် ကိုဗစ်-၁၉ ဒုတိယလှိုင်းကာလတွင်းမှာလည်း ယာယီရပ်ဆိုင်းထားရာမှ ဇူလိုင် ၁ ရက်တွင် ပြန်လည်စတင်ခဲ့ရာ ရက်သတ္တနှစ်ပတ်မျှကာလအတွင်း စီးတီးတက္ကစီ မှတ်ပုံတင်ခြင်းလုပ်ငန်းကို အစီးရေ ၈၂၅ စီး ဝန်ဆောင်မှုပေးနိုင်ခဲ့ပြီး ကုန်တင်ယာဉ် မှတ်ပုံတင်ခြင်းလုပ်ငန်းကိုလည်း အစီးရေ ၁၉၄၃ စီး ဝန်ဆောင်မှုပေးနိုင်ခဲ့သည်။ မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ယခုပြန်လည် ဝန်ဆောင်မှုပေးရာတွင် YRTC အနေဖြင့် တစ်ရက် အစီး ၁၀၀ နှုန်းဖြင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အစီးရေ ၆၅၀၀၀**

ယခုအခါ ရန်ကုန်တိုင်းဒေသကြီးအတွင်း အငှားယာဉ် စီးတီးတက္ကစီ မှတ်ပုံတင်ထားသည့် ယာဉ်အရေအတွက် စုစုပေါင်းမှာ အစီးရေ ၆၅၀၀၀ ကျော်ရှိပြီး အခြားတိုင်းဒေသကြီးနှင့် နယ်ပယ်အသီးသီးမှ အငှားယာဉ် နယ်လိုင်စင်စီးရေမှာ ၂၀၀၀၀ ကျော်ရှိကြောင်းနှင့် ကုန်စည်ပို့ဆောင်ရေးယာဉ် စုစုပေါင်းမှာ အစီးရေ ၅၀၀၀၀ ဝန်းကျင်ရှိကြောင်း YRTC မှ သိရသည်။

**သတင်း - မြင့်မိုရ်၊ ဓာတ်ပုံ - မိုးမခ**

# မြန်မာ့ပင်လယ်ပြင် အခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၃**
မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြစ်ဝကျွန်းပေါ်၊ ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ကိုးပေမှ ၁၂ ပေခန့်နှင့် မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ခြောက်ပေမှ ရှစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

## မြစ်ယံပွဲတော်

❖ မာသသစ်ဆင်း၊ တော်သလင်းတွင်
ရင်းမာအခိုင်၊ ဝင်းဝါလှိုင်သည်
မွှေးကြိုင်သင်းပျံ့နေတကား။
❖ လှိုင်းကင်းလေကင်း၊ တော်သလင်းတွင်
မြစ်တွင်းရေပြင်၊ မြရောင်လွင်သည်
ရေသင်ဖြူးခင်းသို့တကား။
❖ ရေသင်ဖြူးခင်း၊ တော်သလင်းတွင်
တေးချင်းလွင့်ပျံ၊ အားပေးသံနှင့်
မြစ်ယံပွဲကြီး စည်တကား။
❖ မြစ်ယံပွဲခါ၊ လှေပွဲတော်တည့်
မော်မော်ကြွားကြွား၊ လှေတော်သားတို့
ယောက်ျားဘသား၊ ရေပေါ်လွှားလို့
အားမာန်လွှင့်ချီ၊ ဘာမထီဘဲ
တက်ညီလက်ညီ၊ စည်းလုံးညီသည်
ညီသည့်လက်များ ခိုင်တကား။
❖ ညီသည့်လက်များ၊ စွမ်းပကားဖြင့်
နင်လားငါလား၊ ဇွဲတင်းထားကာ
လွှားခနဲကျော်၊ ဟည်းတိုက်လျော်ပြီ
ဖော်ချင်းတို့ရေ ကျူးလိုက်ဟေ့။
ယီးလေလေ့၊ ယီးလေလေ့။ ။

ရေနံ့သာမောင်ကျော်ညွန့်

# အသက်မွေးဝမ်းကျောင်းအထောက်အကူပြု သင်တန်းဆင်းပွဲကျင်းပ

**ကန်ကြီးထောင့် စက်တင်ဘာ ၁၃**
ကန်ကြီးထောင့်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ဖွင့်လှစ်သည့် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု ကွန်ပျူတာအခြေခံသင်တန်းကို သင်တန်းသား သင်တန်းသူ ၁၅ ဦးဖြင့် သင်တန်းကာလ ၂၅ ရက်ကြာ သင်ကြားခဲ့ပြီး စက်တင်ဘာ ၁၀ ရက် နံနက် ၁၀ နာရီတွင် သင်တန်းဆင်းပွဲ ကျင်းပသည်။ အဆိုပါ သင်တန်းဆင်းပွဲသို့ ကန်ကြီးထောင့်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင် ဦးလှမြင့်က တက်ရောက် ချီးမြှင့်သည်။



သင်တန်း၏ အကျိုးကျေးဇူးမှာ ကျေးလက်နေလူငယ်များ အလုပ်အကိုင် အခွင့်အလမ်းရရှိစေရန်နှင့် စွမ်းဆောင်ရည် မြင့်မားလာစေရန် ရည်ရွယ် ဖွင့်လှစ်ထားခြင်း ဖြစ်သည်။

**၂၂၂**

# ပွင့်ဖြူမြို့နယ်၌ ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံရန်ကျန်ရှိသူများအား ဆက်လက်ထိုးနှံပေး

**ပွင့်ဖြူ စက်တင်ဘာ ၁၃**
ပွင့်ဖြူမြို့နယ်၌ ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသူများကို ယနေ့နံနက် ၉ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး ဗိုလ်ဥတ္တမခန်းမတွင် ထိုးနှံပေးခဲ့ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးရမည့် ဦးရေမှာ ၆၀၉၂ ဦးရှိပြီး ဩဂုတ် ၂၉ ရက်မှ စက်တင်ဘာ ၁၀ ရက်အထိ ဆေးထိုးစုရပ် လေးနေရာခွဲ၍ ဦးစားပေးအုပ်စုအလိုက် ထိုးနှံဆောင်ရွက်ပေးခဲ့ရာ ကာကွယ်ဆေးလာရောက်ထိုးနှံသူဦးရေ စုစုပေါင်း ၅၃၈၉ ဦး လာရောက်ထိုးနှံခဲ့သဖြင့် ကာကွယ်ဆေးထိုးနှံရန်ကျန်ရှိသူ ၇၀၃ ဦးရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**



## ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးနှင့်ဆေးပစ္စည်းများ လက်လီလက်ကားရောင်းချပေးသည့် အစီအစဉ် တိုးချဲ့ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၃**

ကိုဗစ်-၁၉ ရောဂါ တတိယလှိုင်းဖြစ်ပွားနေသည့် ကာလအတွင်း ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ ဆေးဝါးလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး၊ ဆေးဝါးများ လွယ်လင့်တကူ ဝယ်ယူနိုင်ရေး အရည်အသွေးနှင့်ဈေးနှုန်းမှန်ကန်စွာရရှိစေရေးအတွက် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ညွှန်ကြားချက်အရ မြန်မာနိုင်ငံ ဆေးနှင့်ဆေးပစ္စည်းလုပ်ငန်းရှင်များအသင်း၏စီစဉ်မှုဖြင့် ဒုတိယနေရာအဖြစ် ပန်းဘဲတန်းမြို့နယ် ကုန်သည်လမ်းနှင့် ဗိုလ်ဆွန်ပက်လမ်းထောင့်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုဗဟိုဌာန အဆောက်အအုံ၌ အိမ်သုံးဆေးဝါးများ လက်လီလက်ကား ဖြန့်ဖြူးရောင်းချခြင်းအစီအစဉ်ကို ယနေ့တွင် ဆောင်ရွက်ခဲ့ရာ ဆေးနှင့်ဆေးပစ္စည်း ဖြန့်ဖြူးရောင်းချသော ကုမ္ပဏီ ၁၁ ခုမှ အိမ်သုံးဆေးဝါး ၁၃၈ မျိုးကို ရောင်းချပေးလျက်ရှိပြီး ငွေကျပ် ၁၀ သိန်းကျော်တန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများကို ရောင်းချခဲ့သည်။

အလားတူ ပထမအစီအစဉ်အဖြစ် ဖွင့်လှစ်ရောင်းချပေးလျက်ရှိသည့် အလုံမြို့နယ် ကမ်းနားလမ်း လွတ်လပ်ရေးရပ်ကွက် အမှတ်(၁၀၄/၁၀၈)နေရာ၌လည်း ၂၁ ရက်နေ့အဖြစ် ဆက်လက်ရောင်းချပေးလျက်ရှိပြီး ယနေ့တွင် ငွေကျပ်ရှစ်သိန်းကျော်တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများ ရောင်းချနိုင်ခဲ့သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့၏ လမ်းညွှန်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ မြို့နယ်အချို့တွင်လည်း ရွှေ့လျားဈေးကားဖြင့် အသား၊ ငါးများနှင့် စားသောက်ကုန်များကို ရောင်းချပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၃-၉-၂၀၂၁)ညနေ ၆ နာရီအချိန်ထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Antibiotics** | | | | |
| 1 | P.O - Cefalexin 500 mg | Box of 10x10's | 6100 | Aorta |
| 2 | P.O - Levofloxacin 500 mg | Box of 10x10's | 7000 | Shwe Htay Min |
| 3 | P.O.Cefixime | Box of 3x10's | 3600 | Aorta |
| 4 | P.O Amoxicillin+ Clavulanic Acid | Box of 1x6's | 1800 | Aorta |
| 5 | Injection - Levofloxacin 500 mg | 1x1 | 3000 | Yadanar |
| 6 | Injection - Ceftriazone 1G | 1's | 700 | KCL |
| 7 | Injection - Cefoperazone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 8 | Injection - Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 9 | Injection - Meropenam | 1g/Vial | 10000 | AA Medical |
| **Anti-inflammatory** | | | | |
| 10 | P.O Dexamethasone | Box of 10x10's | 1450 | JDS |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org)နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

## တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့ကြီးများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ပို့ဆောင်

**နေပြည်တော် စက်တင်ဘာ ၁၃**

ကိုဗစ်-၁၉ ရောဂါ ခံတက်ခွဲအတည်ပြု လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများကို တပ်မတော်ဆေးရုံများ၊ ပြည်သူ့ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့်ကိုဗစ်စင်တာများတွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို တပ်မတော်သားဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များ ပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိရာ ယင်းလုပ်ငန်းများတွင် အထောက်အကူဖြစ်စေရန်အတွက် ရန်ကုန်မြို့ မင်းဓမ္မလမ်းရှိ တိုးချဲ့ကာကွယ်ဆေးသိုလှောင်ခန်းတွင်ထားရှိသည့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင်ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ဖြန့်ဖြူးပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်း ဆေးအလုံးပေါင်း ၃၀၀၀၀၀၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ ဆေးအလုံးပေါင်း ၂၃၀၀၀၀၊ မွန်ပြည်နယ် မော်လမြိုင်မြို့သို့ ဆေးအလုံးပေါင်း ၁၁၈၀၀၀၊ ကရင်ပြည်နယ် ဘားအံမြို့သို့ ဆေးအလုံးပေါင်း ၅၀၀၀၀၊ မကွေးတိုင်းဒေသကြီးသို့ ဆေးအလုံးပေါင်း ၁၅၀၀၀၀နှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့သို့ ဆေးအလုံးပေါင်း ၈၀၀၀၀ တို့ကို မြေပြင်ခရီးလမ်းကြောင်းမှ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ဆက်လက်ပို့ဆောင်ပေးသည်။

ယင်းသို့ ပေးပို့ဖြန့်ဖြူးပေးသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို ဦးတည်အုပ်စုလူဦးရေ ဦးစားပေးအစီအစဉ်များနှင့်အညီ ပြည်သူများသို့ အမြန်ဆုံးထိုးနှံပေးနိုင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ပြီး ဝေးလံခက်ခဲသောဒေသများသို့ တပ်မတော်(လေ) ပို့ဆောင်ရေးလေယာဉ်များနှင့် မြန်မာ့လေကြောင်းတို့၏ အကူအညီများရယူကာ လေကြောင်း ခရီးဖြင့်လည်း ဆက်လက်ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**





## မောင်တောမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ပိုး ရှိ၊ မရှိ အခမဲ့ စစ်ဆေး

**မောင်တော စက်တင်ဘာ ၁၃**

ရခိုင်ပြည်နယ် မောင်တောမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် ကညင်တောကျေးရွာနှင့် ပေါင်းစားကျေးရွာရှိ ပြည်သူများအား ယနေ့နံနက် ၉ နာရီတွင် ကိုဗစ် - ၁၉ရောဂါ ပိုး ရှိ၊ မရှိ အခမဲ့ ကွင်းဆင်းစစ်ဆေး ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးကံထွန်းအောင်၏ ဦးဆောင်လမ်းညွှန်မှုဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် မြို့နယ်ကျန်းမာရေးဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီ တပ်ဖွဲ့ဝင်များက ကညင်တောကျေးရွာရှိ ပြည်သူများထဲမှ မိမိသဘောဆန္ဒအရ လာရောက်စစ်ဆေးခံသူ ၂၃ ဦးနှင့် ပေါင်းစားကျေးရွာရှိ ပြည်သူများထဲမှ မိမိသဘောဆန္ဒအရ လာရောက်စစ်ဆေးသူ ၄၀ စုစုပေါင်း ၆၃ ဦးအား ကိုဗစ်-၁၉ ရောဂါပိုး ရှိ/မရှိ Rapid Diagnostic Test (RDT) ဖြင့် စစ်ဆေးခဲ့ရာ ၎င်းတို့မှာ ကိုဗစ်-၁၉ ရောဂါပိုး မတွေ့ရှိခဲ့ကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရသည်။

**သက်လွင်စိုး (ပြန်/ဆက်)**

■



# ဂျပန်နိုင်ငံလူဦးရေ၏ တစ်ဝက်ကျော်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပေးပြီးဖြစ်

**တိုကျို စက်တင်ဘာ ၁၃**

ဂျပန်နိုင်ငံလူဦးရေ၏ တစ်ဝက်ကျော်အား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပေးပြီးဖြစ်ကြောင်း ဂျပန်နိုင်ငံအစိုးရ၏ အချက်အလက်များအရ သိရသည်။

ဂျပန်နိုင်ငံ၌ ယနေ့အထိ နိုင်ငံလူဦးရေစုစုပေါင်း၏ ၅၀ ဒသမ ၉ ရာခိုင်နှုန်း သို့မဟုတ် နိုင်ငံလူဦးရေ၏ ၆၄ ဒသမ ၅ ရာခိုင်နှုန်းနီးပါးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံပေးပြီးဖြစ်ကြောင်း ဂျပန်အစိုးရက ပြောကြားသည်။

ဂျပန်နိုင်ငံလူဦးရေ ၇၉ ဒသမ ၈ သန်းနီးပါး သို့မဟုတ် နိုင်ငံလူဦးရေ၏ ၆၃ ရာခိုင်နှုန်းသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအနည်းဆုံးတစ်ကြိမ်ထိုးနှံပြီးဖြစ်ကြောင်းလည်း ဂျပန်နိုင်ငံအစိုးရက ပြောကြားသည်။ ဂျပန်နိုင်ငံအစိုးရသည် အောက်တိုဘာလကုန်ပိုင်း သို့မဟုတ် နိုဝင်ဘာလအစောပိုင်းကာလအတွင်း နိုင်ငံသားအားလုံးအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး အပြီးတိုင်ထိုးနှံပေးနိုင်ရန် ရည်ရွယ်ထားကြောင်း သိရသည်။

ထို့ပြင် ဂျပန်နိုင်ငံအစိုးရသည် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံပြီးသူများနှင့် ကိုဗစ်-၁၉ ရောဂါကူးစက်မှုလက္ခဏာမရှိကြောင်း ပြသနိုင်သူများ ခရီးသွားလာခွင့်၊ အခမ်းအနားကျင်းပခွင့်စသည့် ကိုဗစ်-၁၉ ရောဂါ ဆိုင်ရာကန့်သတ်ချက်များကို ဖြေလျှော့ပေးရန် စီစဉ်လျက်ရှိကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အလင်းသစ်**

# မလေးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၉၁၉၈ ဦး ထပ်မံတွေ့ရှိ

**ကွာလာလမ်ပူ စက်တင်ဘာ ၁၃**

မလေးရှားနိုင်ငံ၌ ယမန်နေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၉၁၉၈ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၁၉၇၉၆၉၈ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အဆိုပါ ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ ၁၉၁၉၈ ဦးအနက် ငါးဦးမှာ ပြည်ပမှပြန်လည်ရောက်ရှိလာသူများဖြစ်ပြီး ၁၉၁၉၃ဦးမှာ ပြည်တွင်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူများဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနကဆိုသည်။ အလားတူ ကိုဗစ်-၁၉ ရောဂါကြောင့် ၂၉၂ ဦး ထပ်မံသေဆုံးသဖြင့် နိုင်ငံအတွင်း၌ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၂၀၇၁၁ ဦးရှိလာကြောင်း သိရသည်။

ထို့ပြင် ၂၀၉၈၀ မှာ ကိုဗစ်-၁၉ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၁၇၂၁၇၁၀ ရှိလာကြောင်း သိရသည်။

နိုင်ငံအတွင်း ယမန်နေ့ကအထိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၂၂၇၄၇၆ကို ထိုးနှံပြီးစီးခဲ့သည်။ နိုင်ငံလူဦးရေ၏ ၆၅ ဒသမ ၄ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးစီးခဲ့ပြီး နိုင်ငံလူဦးရေ၏ ၅၂ ဒသမ ၆ ရာခိုင်နှုန်းမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံမှုခံယူပြီးစီးပြီးဖြစ်သည်။

**ကိုးကား - ဆင်ဟွာ ၊ ဘာသာပြန် - စိုးသူရ**





# ဗီယက်နမ်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၁၇၂ ဦးရှိ

**ဟနွိုင်း စက်တင်ဘာ ၁၃**

ဗီယက်နမ်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၁၇၂ ဦးရှိကြောင်း၊ ယင်းတို့အနက် ၁၁၁၆၈ ဦးသည် ပြည်တွင်း၌ ကူးစက်ခံရသူများဖြစ်ကြောင်းနှင့် လေးဦးသည် ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအနက်မှ ကူးစက်ခံရသူများဖြစ်ကြောင်း ဗီယက်နမ်နိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ယင်းသို့ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁၁၁၇၂ ဦးရှိခြင်းကြောင့် ဗီယက်နမ်နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၆၂၄၅၄၇ ဦးရှိလာကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူအရေအတွက်သည်လည်း ၁၅၆၆၀ ရှိလာကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ဗီယက်နမ်နိုင်ငံ၌ လူအစုလိုက်အပြုံလိုက် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရမှုအများဆုံးမှာ နိုင်ငံတောင်ပိုင်းမှဖြစ်ပြီး ဟိုချီမင်းစီးတီး၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၅၄၄၆ ဦး၊ ဘင်ဒေါင်းပြည်နယ်၌ ၃၆၅၁ ဦး၊ ဒွန်နိုင်းပြည်နယ်၌ ၇၆၈ ဦးအသီးသီးရှိကြောင်း သိရသည်။

ဗီယက်နမ်နိုင်ငံ၌ ယမန်နေ့တွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ ၁၁၂၀၀ ရှိခြင်းကြောင့် လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူ စုစုပေါင်း ၃၈၅၇၇၈ ဦး ရှိကြောင်းနှင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၂၉ ဒသမ ၃ သန်းနီးပါး အသုံးပြုပြီးဖြစ်ကြောင်း ဗီယက်နမ်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - အလင်းသစ်**

# အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ နိုင်ငံတကာလေကြောင်းလိုင်းများ မကြာမီ ပြန်လည်ပြေးဆွဲမည်

**ကဘူးလ် စက်တင်ဘာ ၁၃**

အာဖဂန်နစ္စတန်နိုင်ငံ ကဘူးလ်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ နိုင်ငံတကာလေကြောင်းလိုင်းများ မကြာမီ ပြန်လည်ပြေးဆွဲသွားနိုင်ရန် လုပ်ငန်းများဆောင်ရွက်လျက်ရှိကြောင်း အဆိုပါလေဆိပ်မှ ညွှန်ကြားရေးမှူး အဗ္ဗဒူဟာဒီဟာမာဒနီက ယနေ့ ပြောကြားသည်။

လက်ရှိအချိန်၌ အဆိုပါလေဆိပ်တွင် ပြည်တွင်းလေကြောင်းခရီးစဉ်များကို ပြေးဆွဲလျက်ရှိပြီး နည်းပညာပိုင်းဆိုင်ရာအခက်အခဲများကို ဖြေရှင်းဆောင်ရွက်ပြီးပါက နိုင်ငံတကာလေကြောင်းလိုင်းများ ပြန်လည်ပြေးဆွဲနိုင်မည်ဖြစ်ကြောင်း ၎င်းက မီဒီယာများအား ပြောကြားသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ အာဖဂန်နစ္စတန်နိုင်ငံမှ ဆုတ်ခွာချိန်နှင့် အမေရိကန်နိုင်ငံသားများ နေရပ်ပြန်ချိန်တွင် ကဘူးလ်လေဆိပ်၏အဆောက်အအုံအများအပြားသည် တိုက်ခိုက်မှုများဖြစ်ပွားသဖြင့် ပျက်စီးခဲ့ကြောင်း ၎င်းကပြောကြားသည်။

ကာတာ၊ ဘာရိန်း၊ အာရပ်စော်ဘွားများပြည်ထောင်စု၊ ဥဇဘက်ကစ္စတန်၊ ကာဇက်စတန်နှင့် ပါကစ္စတန်နိုင်ငံများမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးပစ္စည်းများ သယ်ဆောင်လာသောလေယာဉ်များသည် ကဘူးလ်လေဆိပ်သို့ ရောက်ရှိလာကြောင်းနှင့် ရုရှားနှင့် တူရကီနိုင်ငံများမှ အဆိုပါလေယာဉ်များလည်း မကြာမီရက်ပိုင်းအတွင်း ထပ်မံရောက်ရှိလာရန်ရှိကြောင်း ၎င်းကပြောကြားသည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**



# တရုတ်နိုင်ငံက လှူဒါန်းသည့် Sinopharm ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအသုတ် ဘရူနိုင်းနိုင်ငံ လက်ခံရရှိ

**ဘန်ဒါဆရီဘီဂါဝန် စက်တင်ဘာ ၁၃**
ဘရူနိုင်းနိုင်ငံသည် တရုတ်နိုင်ငံအစိုးရက လှူဒါန်းသည့် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး အလုံးရေ စုစုပေါင်း တစ်သိန်းပါဝင်သည့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအသုတ်ကို လက်ခံရရှိခဲ့ကြောင်းနှင့် အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် စက်တင်ဘာ ၁၂ ရက်ညပိုင်းက ဘရူနိုင်း အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာခဲ့ခြင်းဖြစ်ကြောင်း ယနေ့သတင်းများအရ သိရသည်။

တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးဒုတိယအသုတ် လွှဲပြောင်းပေးအပ်ခြင်းအခမ်းအနားကို ဘရူနိုင်းနိုင်ငံ အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကျင်းပခဲ့ပြီး အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး လွှဲပြောင်းပေးအပ်ခြင်း အခမ်းအနားသို့ ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဟာဂျီအီရိုင်ဝန်နှင့် တရုတ်နိုင်ငံအစိုးရ ကိုယ်စားပြု ဘရူနိုင်းနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး ယူဟွန်တို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

ဘရူနိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့သည် ၂၀၂၀ ပြည့်နှစ်ကတည်းက ကိုဗစ်-၁၉ ကပ်ရောဂါကို တိုက်ဖျက်ရာတွင် အပြန်အလှန် အထောက်အပံ့ပေးခဲ့ကြောင်း သိရသည်။

ဘရူနိုင်းနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinopharm ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအသုတ်ကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအတွင်းက လက်ခံရရှိခဲ့ခြင်းဖြစ်ကြောင်း ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယခုနှစ်သည် ဘရူနိုင်းနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား သံတမန်ဆက်ဆံရေးတည်ထောင်မှုနှစ် ၃၀ ပြည့်သည့်နှစ် ဖြစ်ကြောင်းလည်း ဘရူနိုင်းနိုင်ငံခြားရေးဝန်ကြီးဌာန၏ သတင်းထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**






# အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၃၃ ဒသမ ၂၆ သန်းကျော်ရှိလာ

**နယူးဒေလီ စက်တင်ဘာ ၁၃**
အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၇၂၅၄ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၃၃၂၆၄၁၇၅ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံးအချက်အလက်များအရ သိရသည်။

ထို့ပြင် အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၁၉ ဦးရှိသဖြင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၄၄၂၈၇၄ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

လက်ရှိတွင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးမှု အများဆုံးမှာ ကီရာလာပြည်နယ် တောင်ပိုင်းမှ ဖြစ်ကြောင်း သိရသည်။ ထို့ပြင် အိန္ဒိယနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါပိုးတွေ့ရှိဆဲ လူနာစုစုပေါင်း ၃၇၄၂၆၉ ဦးရှိကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၃၇၆၈၇ ဦး ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူစုစုပေါင်း ၃၂၄၄၇၀၃၂ ဦး ရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- အလင်းသစ်**

# အင်ဒိုနီးရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၅၇၇ ဦး ထပ်မံတွေ့ရှိ

**ဂျကာတာ စက်တင်ဘာ ၁၃**
အင်ဒိုနီးရှားနိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၅၇၇ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူပေါင်း ၄၁၇၀၀၈၈ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

အလားတူ ကိုဗစ်-၁၉ ရောဂါကြောင့် ၂၇၆ ဦး ထပ်မံသေဆုံးခဲ့သဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၁၃၉၁၆၅ ဦး ရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

ထို့ပြင် ၁၂၄၇၄ ဦးမှာ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၃၉၃၁၂၂၇ ဦး ရှိလာသည်။ နိုင်ငံအတွင်းရှိ ၄၂ ဒသမ ၁၀ သန်းမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံမှု ခံယူပြီးစီးခဲ့ပြီး ၇၃ ဒသမ ၃၁ သန်းမှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးတစ်ကြိမ် ထိုးနှံမှုခံယူပြီး ဖြစ်ကြောင်း သိရသည်။

နိုင်ငံလူဦးရေသန်း ၂၇၀ ကျော်ရှိသော အင်ဒိုနီးရှားနိုင်ငံ၌ ၂၀၈ ဒသမ ၂၆ သန်းအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးရန် ဆောင်ရွက်လျက်ရှိသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**



# ဖိလစ်ပိုင်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၀၇၄၅ ဦး ထပ်မံတွေ့ရှိ

**မနီလာ စက်တင်ဘာ ၁၃**
ဖိလစ်ပိုင်နိုင်ငံ၌ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၀၇၄၅ ဦး ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၂၂၄၈၀၇၁ ဦး ရှိလာကြောင်း ဖိလစ်ပိုင်ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။



ထို့ပြင် ကိုဗစ်-၁၉ ရောဂါကြောင့် ၁၆၃ ဦး ထပ်မံသေဆုံးသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူပေါင်း ၃၅၃၀၇ ဦးရှိလာကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ဆိုသည်။

လူဦးရေ သန်း ၁၁၀ ခန့်ရှိသော ဖိလစ်ပိုင်နိုင်ငံ၌ ၁၈ သန်းကျော်မှာ ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ စစ်ဆေးမှု ခံယူပြီးစီးကြောင်း သိရသည်။ နိုင်ငံ၏ ကိုဗစ်-၁၉ ရောဂါ ကုသရေးဆိုင်ရာ အကြီးဆုံးဆေးရုံဖြစ်သော ဖိလစ်ပိုင်နိုင်ငံ အထွေထွေရောဂါကု ဆေးရုံကြီးမှာ ကျန်းမာရေးဝန်ထမ်းအင်အား နည်းပါးမှု ပြဿနာနှင့် ရင်ဆိုင်နေရသည်။

မိမိတို့၏ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းအများစုမှာ လက်ရှိအချိန်၌ ဖျားနာနေသောကြောင့် ဝန်ထမ်းအင်အား လျော့နည်းသည့် ပြဿနာကို ရင်ဆိုင်နေရကြောင်း အဆိုပါဆေးရုံ၏ ပြောရေးဆိုခွင့်ရှိသူ ဂျိုနက်ဒယ်လ်ရိုဆာရီယိုက ပြောကြားသည်။

လက်ရှိအချိန်၌ မိမိတို့၏ဆေးရုံသို့ တက်ရောက်ကုသရန် ကိုဗစ်-၁၉ ရောဂါ ပြင်းထန်စွာခံစားနေရသော လူနာများစွာ ရှိကြောင်း ၎င်းက ပြောကြားသည်။

မိမိတို့အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူများ တက်ရောက်ကုသရန် ခုတင်အရေအတွက် ကန့်သတ်ချက်များ ရှိခြင်းကြောင့် လူနာအများအပြား တက်ရောက်ကုသရန် မဖြစ်နိုင်သဖြင့် အခြားဆေးရုံများသို့ ပြောင်းရွှေ့ကုသရန် လူနာများအား ပန်ကြားထားကြောင်း ၎င်းက ပြောကြားသည်။

လက်ရှိအချိန်၌ ဖိလစ်ပိုင်နိုင်ငံတွင် ဒယ်လ်တာဗီဇပြောင်း ဗိုင်းရပ်စ်သည် အခြားဗီဇပြောင်း ဗိုင်းရပ်စ်များထက် ကူးစက်မှု ပိုမိုလျင်မြန်လျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ယနေ့ ပြောကြားသည်။

နိုင်ငံအတွင်း လက်ရှိအချိန်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၃၈ ဒသမ ၇ သန်းကျော်ကို ထိုးနှံပြီးစီးခဲ့ပြီး နိုင်ငံသား ၁၆ ဒသမ ၇ သန်းကျော်မှာ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ် ထိုးနှံမှုခံယူပြီးဖြစ်ကြောင်း သိရသည်။

**ကိုးကား- ဆင်ဟွာ**
**ဘာသာပြန်- စိုးသူရ**

# တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးအလုံးရေ ၁၀၁ ဒသမ ၇၄ သန်းကျော်အသုံးပြုပြီးဖြစ်

**အန်ကာရာ စက်တင်ဘာ ၁၃**

တူရကီနိုင်ငံ၌ နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံမှုအစီအစဉ်အောက်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးအလုံးရေ ၁၀၁ ဒသမ ၇၄ သန်းကျော်အသုံးပြုပြီးဖြစ်ကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ယမန်နေ့တွင် သတင်းထုတ်ပြန်သည်။

တူရကီနိုင်ငံသည် တရုတ်နိုင်ငံထုတ် Sinovac ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးကို နိုင်ငံအတွင်း အရေးပေါ်အသုံးပြုရန် တူရကီကျန်းမာရေးအာဏာပိုင်များက အတည်ပြုပေးခဲ့ပြီးနောက် နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို ဇန်နဝါရီ ၁၄ ရက်တွင် စတင်ခဲ့ခြင်းဖြစ်သည်။

လက်ရှိတွင် တူရကီနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးတစ်ကြိမ်ထိုးနှံပြီးသူ ၅၁ ဒသမ ၅၃ သန်းကျော်ရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးနှစ်ကြိမ်ထိုးနှံပြီးသူ ၄၀ ဒသမ ၃ သန်းကျော်ရှိကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

တူရကီနိုင်ငံသည် ကိုဗစ်-၁၉ ရောဂါကူးစက်မှုမြင့်တက်ခြင်းနှင့် ကြုံတွေ့နေရပြီး ယမန်နေ့က ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၁၃၅၂ ဦး ထပ်မံတွေ့ရှိခြင်းကြောင့် နိုင်ငံတစ်ဝန်း၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူစုစုပေါင်း ၆၆၅၈၂၅၁ ဦး ရှိလာကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

ထို့ပြင် တူရကီနိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူ ၂၄၃ ဦး ရှိခြင်းကြောင့် ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၅၉၈၈၆ ဦးရှိလာကြောင်းနှင့် လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူ ၂၅၆၁၆ ဦးရှိကြောင်း တူရကီကျန်းမာရေးဝန်ကြီးဌာနက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**





# ထိုင်းနိုင်ငံ၌ ကိုဗစ် - ၁၉ ရောဂါကူးစက်ခံရသူ ၁၂၅၈၃ ဦး ထပ်မံတွေ့ရှိ

**ဗန်ကောက် စက်တင်ဘာ ၁၃**

ထိုင်းနိုင်ငံ၌ လွန်ခဲ့သောတစ်ရက်အတွင်း ကိုဗစ်-၁၉ရောဂါ ကူးစက်ခံရသူ ၁၂၅၈၃ဦးနှင့် အဆိုပါရောဂါကြောင့် သေဆုံးသူ ၁၃၂ ဦး ကိုထပ်မံတွေ့ရှိရကြောင်း ယနေ့ သိရသည်။

ထို့ပြင် ကိုဗစ်-၁၉ရောဂါဖြစ်ပွားမှု ဗဟိုချက်ဒေသဖြစ်သော မြို့တော်ဗန်ကောက်၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၃၃၂၉ ဦး တွေ့ရှိရကြောင်း ထိုင်းနိုင်ငံ ကိုဗစ်-၁၉ရောဂါ စီမံခန့်ခွဲရေးစင်တာကပြောကြားသည်။

လက်ရှိအချိန်၌ နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၁ ဒသမ ၃၉ သန်းကျော်ရှိကြောင်း သိရသည်။

နိုင်ငံအတွင်း လက်ရှိအချိန်၌ ကိုဗစ်-၁၉ရောဂါကြောင့် သေဆုံးသူဦးရေမှာ ၁၄၄၈၅ ဦးရှိကြောင်း ထိုင်းနိုင်ငံ ကိုဗစ်-၁၉ရောဂါ စီမံခန့်ခွဲရေးစင်တာက ပြောကြားသည်။ အဆိုပါ ရောဂါကြောင့် သေဆုံးသူများ၏ ၈၅ ရာခိုင်နှုန်းကျော်မှာ အသက် ၆၀ကျော် အရွယ် သက်ကြီးရွယ်အိုများနှင့် ရောဂါအခံရှိသူများဖြစ်ကြောင်း သိရသည်။ နိုင်ငံအတွင်း လက်ရှိအချိန်၌ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးအလုံးရေ သန်း ၄၀ ကျော်ကို ထိုးနှံပေးခဲ့ပြီး နိုင်ငံလူဦးရေ၏ ၁၇ ရာခိုင်နှုန်းကျော်မှာ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံမှုခံယူပြီးစီးကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

■

# အီရန်နိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ ၂၀၂၁၉ ဦးရှိ

**တီဟီရန် စက်တင်ဘာ ၁၃**

အီရန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၀၂၁၉ ဦးရှိခြင်းကြောင့် နိုင်ငံတစ်ဝန်းတွင် ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူစုစုပေါင်း ၅၂၉၅၇၈၆ ဦးရှိလာကြောင်း အီရန်နိုင်ငံကျန်းမာရေးဝန်ကြီးဌာနက သတင်းထုတ်ပြန်သည်။

ထို့ပြင် အီရန်နိုင်ငံ၌ လွန်ခဲ့သည့်တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါကြောင့်သေဆုံးသူ ၄၈၇ ဦး ထပ်တိုးလာသဖြင့် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကိုဗစ်-၁၉ ရောဂါကြောင့် သေဆုံးသူစုစုပေါင်း ၁၁၄၃၁၁ ဦး ရှိလာကြောင်း အီရန်နိုင်ငံ ကျန်းမာရေးနှင့် ဆေးဘက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာန၏ နောက်ဆုံးထုတ်ပြန်ချက်အရ သိရသည်။

လက်ရှိတွင် အီရန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါမှ ပြန်လည်ကျန်းမာလာသဖြင့် ဆေးရုံအသီးသီးမှ ဆင်းခွင့်ရရှိသူစုစုပေါင်း ၄၅၆၈၂၃၆ ဦးရှိကြောင်းနှင့် အထူးကြပ်မတ်ကုသဆောင်များ၌ ဆေးဝါးကုသမှုခံယူလျက်ရှိသူ စုစုပေါင်း ၇၂၇၈ ဦးရှိကြောင်း အဆိုပါဝန်ကြီးဌာနက ပြောကြားသည်။

အီရန်နိုင်ငံ၌ ယမန်နေ့ကအထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး တစ်ကြိမ်ထိုးနှံပြီးသူစုစုပေါင်း ၂၂၉၄၃၁၄၁ ဦးရှိကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး နှစ်ကြိမ်ထိုးနှံပြီးသူစုစုပေါင်း ၁၂၁၀၄၀၀၂ ဦးရှိကြောင်း သိရသည်။

အီရန်နိုင်ငံသည် ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလမှ စတင်ကာ ကိုဗစ်-၁၉ ရောဂါကူးစက်မှုစတင်ကြုံတွေ့ခဲ့ရပြီး လက်ရှိတွင် ကိုဗစ်-၁၉ ရောဂါအပြင် ဒယ်လ်တာဗီဇပြောင်း ဗိုင်းရပ်စ်ကူးစက်မှုလည်း ကြုံတွေ့နေရကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-အလင်းသစ်**






# ရုရှားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၈၀၇၈ ဦး ထပ်မံတွေ့ရှိ

**မော်စကို စက်တင်ဘာ ၁၃**

ရုရှားနိုင်ငံ၌ လွန်ခဲ့သောတစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၈၀၇၈ ဦးကို ထပ်မံတွေ့ရှိရသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း ၇၁၅၈၂၄၈ ဦးရှိလာကြောင်း ကိုဗစ်-၁၉ ရောဂါ စောင့်ကြည့်ရေးနှင့် တုံ့ပြန်ရေးစင်တာက ယနေ့ပြောကြားသည်။

အလားတူ ကိုဗစ်-၁၉ရောဂါကြောင့် နိုင်ငံတစ်ဝန်း သေဆုံးသူပေါင်း ၁၉၃၄၆၈ ဦးရှိလာပြီး ကိုဗစ်-၁၉ရောဂါမှ ပြန်လည်ကျန်းမာလာသူပေါင်း ၆၄၀၂၁၂၆ ဦးရှိလာကြောင်းသိရသည်။ မော်စကိုဒေသ၌ ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူ ၂၀၂၂ဦးအား ထပ်မံတွေ့ရှိသဖြင့် အဆိုပါဒေသ၌ ကိုဗစ်-၁၉ရောဂါကူးစက်ခံရသူပေါင်း ၁၅၈၀၁၉၅ ဦး ရှိလာသည်။

ရုရှားနိုင်ငံသား ၃၉ ဒသမ ၇ သန်းကျော်မှာ ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးနှစ်ကြိမ် ထိုးနှံမှုခံယူပြီးစီးကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ၊ ဘာသာပြန်-စိုးသူရ**

| ကမ္ဘာ့တစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ | ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | သေဆုံးသူ | ပြန်လည်ကျန်းမာလာသူ |
|---|---|---|---|
| | ၂၂၅၆၁၅၂၁၂ ဦး | ၄၆၄၆၇၆၈ ဦး | ၂၀၂၂၃၅၂၇၉ဦး |

# မန္တလေးတိုင်းဒေသကြီးအတွင်း ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်အဖွဲ့အား အကြမ်းဖက်သူများက ချိန်ကိုက်မိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်

**နေပြည်တော် စက်တင်ဘာ ၁၃**

မြန်မာနိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ တပ်မတော်နှင့် လူမှုအဖွဲ့အစည်းများ ပူးပေါင်း၍ ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။ ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုကို မလိုလားသည့် NUG၊ CRPH နှင့် PDF အကြမ်းဖက်အဖွဲ့များသည် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းစဉ်များကို ပျက်ပြားစေရန် အကြမ်းဖက်တိုက်ခိုက်မှုများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိသည်။

**ဖောက်ခွဲတိုက်ခိုက်ခဲ့**

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် ဒေါနဘွားရပ်ကွက် ၁၉ လမ်း၊ ၅၆ လမ်းနှင့်၅၇ လမ်းကြားရှိကိုဗစ်-၁၉ ရောဂါနယ်ကျော်စစ်ဆေးရေးဂိတ်၌ အကြမ်းဖက်သူများက ချိန်ကိုက်မိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက်ခဲ့ကြောင်း သိရှိရသည်။

ဖြစ်စဉ်မှာ ဌာနဆိုင်ရာတာဝန်ရှိသူများပါဝင်သော ပူးပေါင်းအဖွဲ့က အဆိုပါ ကိုဗစ်-၁၉ ရောဂါ နယ်ကျော်စစ်ဆေးရေးဂိတ်၌ ကျန်းမာရေးစစ်ဆေးမှုများ ဆောင်ရွက်စဉ် စစ်ဆေးရေးနေရာ၏ အနောက်ဘက် အုတ်တံတိုင်းနှင့် သစ်ပင်အနီး ကြိုတင်စီစဉ်ထားသော ချိန်ကိုက်မိုင်းဖြင့် ဖောက်ခွဲခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်တစ်ဦးနှင့် စေတနာ့ဝန်ထမ်း ပြည်သူတစ်ဦး သေဆုံးခဲ့ပြီး အပြစ်မဲ့ပြည်သူ နှစ်ဦး၊ မီးသတ်တပ်ဖွဲ့ဝင် နှစ်ဦးနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာများရရှိခဲ့သဖြင့် နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှုခံယူစေလျက်ရှိသည်။

အဆိုပါ အကြမ်းဖက်ဖြစ်စဉ်တွင် ပါဝင်ခဲ့သည့် တရားခံများအား အမြန်ဆုံး ဖော်ထုတ်ဖမ်းဆီး၍ ထိရောက်စွာအရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

## အိမ်မဲမြို့နယ် မြို့ပေါ်ရပ်ကွက်များ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေးနှိုးဆော်

**အိမ်မဲ စက်တင်ဘာ ၁၃**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်အတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်နိုင်ရန်အတွက် မြို့နယ်ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်များကို အသံချဲ့စက်ဖြင့် မြို့ပေါ်ရပ်ကွက်များ၌ စက်တင်ဘာ ၁၂ ရက် ည ၉ နာရီက လိုက်လံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အိမ်မဲ(ပြန်/ဆက်)





**ဆရာကြီး ကာတွန်းမောင်စိန်၏ ကာတွန်းလက်ရာများကို မူရင်းအတိုင်း ဖော်ပြပါသည်။**

စာတည်း





## မနက်ဖြန် မွန်းတည့်ချိန်အထိ ခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၁၃**

ရှမ်းပြည်နယ်(မြောက်ပိုင်းနှင့်အရှေ့ပိုင်း)တို့တွင် နေရာကွက်ကျား၊ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (တောင်ပိုင်း) တို့တွင် နေရာကျဲကျဲ၊ ချင်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် ဧရာဝတီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။

မိုး/ဇလ

## နောက် နှစ်ရက်အတွက် ခန့်မှန်းချက်

**နေပြည်တော် စက်တင်ဘာ ၁၃**

အနောက်တောင် မုတ်သုံလေသည် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်သည်။

မိုး/ဇလ

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၁၄-၉-၂၀၂၁ အင်္ဂါနေ့

### MRTV HD

- ၀၆:၀၀ မေတ္တာသုတ်၊ ရတနသုတ်၊ မောရွှင်္ဂသုတ် အန္တရာယ်ကင်းပရိတ်တရားတော်
- ၀၇:၀၀ နံနက်ခင်းသတင်း
- ၀၈:၃၅ ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက်များအကြောင်းသိကောင်းစရာ
- ၀၉:၁၀ ကုလသမဂ္ဂအဖွဲ့အစည်း၏စွမ်းဆောင်ရည်နှင့် နိုင်ငံရေးပရိယာယ်(အပိုင်း-၁)
- ၁၀:၀၀ သတင်းထဲကသတင်း
- ၁၀:၃၀ လေ့လာစရာသုတစုံလင် အမျိုးသားပရဆေးဥယျာဉ် (နေပြည်တော်)(အပိုင်း-၂)
- ၁၂:၃၀ ကုလသမဂ္ဂအဖွဲ့အစည်း၏စွမ်းဆောင်ရည် နှင့် နိုင်ငံရေးပရိယာယ်(အပိုင်း-၂)
- ၁၃:၃၀ MRTV National News
- ၁၄:၀၀ Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'မြန်မာစာဘာသာရပ်'
- ၁၇:၀၅ ဒေသတစ်ခုထုတ်ကုန်တစ်မျိုး
- ၁၇:၃၀ မြန်မာနိုင်ငံလုံးဆိုင်ရာသုတစုံလင် ဗုဒ္ဓဝင်ပြိုင်ပွဲ(သုတစံပြမောင်၊ စံပြမယ်ဆုရ)(ပွဲစဉ်-၂)
- ၁၈:၀၀ ပြည်တွင်းသတင်း
- ၁၈:၂၅ ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက် များအကြောင်းသိကောင်းစရာ
- ၁၉:၂၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားဒေါ်အောင်ရာ' (အပိုင်း-၆၆)
- ၂၀:၀၀ ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- ၂၁:၄၀ နိုင်ငံခြားဇာတ်လမ်းတွဲ 'အိမ်ထောင်ရေးပညတ်ချက်များ' (အပိုင်း-၃၀)(ဇာတ်သိမ်းပိုင်း)

### mitv

- 07:01 News
- 07:27 Evergreen Classic: Suvanna Sama (Hnin Yee Thant)
- 07:35 Travelogue: "Anyar Myay" or Upcountry (Part-1)
- 08:01 Discovering Tribes: "Ta'ang (Palaung): their life and customs"
- 08:48 Farming: Duck Breeder
- 09:01 Five Treasures in the Ancient City Of Mrauk U
- 09:17 Egg Shell
- 09:27 Myanmar Orchestra (Thichinkhant)
- 09:31 The Rising Glory Of Myanmar Arts
- 10:01 Myanmar Masterclass: Fantastic Art
- 10:07 International Dances in Myanmar
- 10:26 Myanmar Traditional Identity (EP-1) The Culture Of Pennant Pillar
- 10:40 Star Bean Production
- 11:01 Ecotourism: The Tourist Attractions of Mingun, Sagaing

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
သွားကိုက်ပျောက်စေတဲ့နည်း

**ဝကေကရင် (၀၈:၀၀ မှ ၀၉:၀၀)**
ကရင်ရိုးရာဝတ်စုံလက်ရက်ကန်းလုပ်ငန်း

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ဧရာဝတီရဲ့အရှိန်းဆန်တဲ့အလှဂေါ်ရန်ဂျီ (အပိုင်း-၃)

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ကရင်တိုင်းရင်းသားတို့ရဲ့ကန်ပေါင်ဟင်းလျာ

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
ချင်းဘာသာစကားပြောကြရအောင်(အပိုင်း-၁)

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
မောဝီတောင်

**မွန် (၁၃:၀၀ မှ ၁၄:၀၀)**
သွားလည်ကြမယ်ဇင်းကျိုက်ရေတံခွန်ဆီ

**ရခိုင် (၁၄:၀၀ မှ ၁၇:၀၀)**
ရခိုင်တိုင်းရင်းသားတို့ရဲ့ချစ်စရာရိုးရာအိမ်ကလေး

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ရှမ်းမုန့်တီချက်နည်း

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ဝက်သားချဉ်ပြုလုပ်နည်း

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ဗိုင်ဝါးစကားပြောကြရအောင်

### MRTV PARLIAMENT

- ၀၉:၀၀ အဖွင့်၊အလံ
- ၁၀:၀၀ ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
- ၁၀:၃၀ အတွေးအမြင်(အပိုင်း-၂)
- ၁၁:၀၀ ဥပဒေရေးရာအပြာပြာဇာတ်လမ်းတို 'ကျောင်းမှန်မှန်တက်တပါက်'
- ၁၁:၃၀ အတွေးအမြင်(အပိုင်း-၂)

### MRTV SPORTS

- ၀၆:၀၀ အဖွင့်
- ၀၆:၃၀ အခြေခံအားကစားနည်းစနစ်များ
- ၀၇:၀၀ Sports News
- ၀၇:၃၀ Soccer View/ Weekly Sports Info
- ၀၇:၄၅ အားကစားလောကထဲက သူတို့အကြောင်း
- ၀၈:၀၀ ပြန်လည်ခံစားမြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- ၂၀:၀၀ ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည(၁၀:၀၀)နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀)နာရီမှ ညနေ(၆:၀၀)နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။
SCAN ME
www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# အကြမ်းဖက်တိုက်ခိုက်မှုဖြစ်စဉ်များတွင် ပါဝင်ပတ်သက်သော အကြမ်းဖက်သမားများကို ခိုလှုံခွင့် (သို့မဟုတ်) ယာယီနေထိုင်ခွင့် ပေးထားသည့် အဆောက်အဦများနှင့်စပ်လျဉ်း၍ အများပြည်သူများ သိရှိလိုက်နာနိုင်ရန် အသိပေးထုတ်ပြန်ချက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရှေ့လုပ်ငန်းစဉ်များချမှတ်၍ တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်နေမှုအပေါ်တွင် မလိုလားသော အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH၊ ယင်းက ဖွဲ့စည်းထားသော NUG၊ ယင်းကဖွဲ့စည်းသည့် PDF နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများက နိုင်ငံတစ်ဝှမ်း ဖောက်ခွဲဖျက်ဆီးခြင်း၊ မီးရှို့သတ်ဖြတ်ခြင်း စသည့်အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိရာ ထိုသို့လုပ်ဆောင်ရာတွင် တိမ်းရှောင်၊ ပုန်းခိုနေထိုင်ရန်အတွက် နေအိမ်၊ တိုက်ခန်းများကို ငှားရမ်းသုံးစွဲခဲ့ကြပြီး အကြမ်းဖက်လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ထိုသို့ဆောင်ရွက်ရာတွင် သာဓကအားဖြင့် ၂၀၂၁ ခုနှစ်၊ ဇွန်လ ၈ ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရွေးစုအနောက်ကျေးရွာရှိ အကြမ်းဖက်သမားများ ငှားရမ်းထားသော နေအိမ်တစ်ထပ်တိုက်အတွင်းမှ လက်နက်မျိုးစုံ ၂၅ လက်၊ လက်ပစ်ဗုံး ၇၂ လုံး၊ ဖျူ့စ် ၇၁ ခု၊ ကျည်ဘောက်မျိုးစုံ ၁၄ ခု၊ TNT ယမ်း ၁၅၆ တောင့်၊ ဒီတိုနေတာ ၅၄၀ ချောင်း၊ ကျည်ခါးပတ် ၂ ခုအပါ ၄ ဘူး၊ ၁၂ ဗို့ကျည် (ယမ်းမပါ) ၂၇ တောင့်၊ (ယမ်းပါ) ၂၅ တောင့်၊ စက်လတ်ကျည်ခါးပတ်တွဲ ၃ ခု၊ ကျည်မျိုးစုံ ၃၂၈၅ တောင့်တို့အား ရှာဖွေတွေ့ရှိသိမ်းဆည်းရမိခဲ့ပါသည်။ ထို့အတူ ဇွန်လ ၂၂ ရက်နေ့၊ နံနက် ၈ နာရီ ၁၅ မိနစ်အချိန်တွင် မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်းတုံး ရပ်ကွက်၊ ၅၄ လမ်းနှင့် ၁၁၁(E) လမ်းရှိ အကြမ်းဖက်သမားများ ငှားရမ်းထားသော အိမ်အမှတ် ၁၆/၈-၁၉ ၌ အကြမ်းဖက်သောင်းကျန်းသူများ ရောက်ရှိခိုအောင်းနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က သွားရောက်စစ်ဆေးစဉ် အကြမ်းဖက်သောင်းကျန်းသူများမှ အဆိုပါတိုက်ခန်းအတွင်းမှနေ၍ လုံခြုံရေးတပ်ဖွဲ့ဝင်များအား လက်နက်ငယ်၊ လက်လုပ်ဗုံးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ကျဆုံး/ဒဏ်ရာရရှိခဲ့ပြီး အကြမ်းဖက်သမား ၆ ဦး သေဆုံးကာ အကြမ်းဖက်သမား ၈ ဦးအား လက်နက်ခဲယမ်း၊ ဆက်စပ်ပစ္စည်းအများအပြားတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပါသည်။

အလားတူ ဩဂုတ်လ ၁၄ ရက်နေ့ ညနေ ၄ နာရီ ၁၅ မိနစ်အချိန်တွင် အင်းစိန်မြို့ပတ်ရထားသည် အလုံဘူတာနှင့် ပန်းလှိုင်ဘူတာကြားအရောက်၌ အဆိုပါရထားပေါ်တွင် လုံခြုံရေးလိုက်ပါလာသော လုံခြုံရေးတပ်ဖွဲ့ဝင်များအား အကြမ်းဖက်လက်နက်ကိုင်အဖွဲ့မှ သေနတ်ဖြင့် ပစ်ခတ်ခဲ့မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် ၅ ဦးကျဆုံးကာ တစ်ဦးဒဏ်ရာရရှိခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်များ ကိုင်ဆောင်သော လက်နက် ၄ လက်နှင့် ခဲယမ်းအချို့တို့ကို အကြမ်းဖက်လက်နက်ကိုင်အဖွဲ့က ယူဆောင်သွားခဲ့သည့် ဖြစ်စဉ်တွင် အကြမ်းဖက်တိုက်ခိုက်သော တရားခံများကို စိစစ်ဖော်ထုတ်ချက်များအရ ရန်ကုန်မြို့တွင်းရှိ နေအိမ်၊ တိုက်ခန်းများအား ကာလတိုငှားရမ်းပြီး ဖြန့်ခွဲနေထိုင်ခဲ့ကြကြောင်း တွေ့ရှိရပါသည်။

အထက်ပါဖြစ်စဉ်များနှင့်ပတ်သက်၍ စုံစမ်းဖော်ထုတ်ခဲ့ရာ ပြစ်မှုကျူးလွန်သူများသည် အကြမ်းဖက်မှုများ ကျူးလွန်နိုင်ရန်အတွက် ကြိုတင်ကြံစည်၍ နေအိမ်၊ တိုက်ခန်းများကို ကာလတို ငှားရမ်းနေထိုင်ခဲ့ကြောင်း စုံစမ်းဖော်ထုတ်သိရှိခဲ့ရသည့်အတွက် နေအိမ်၊ တိုက်ခန်းငှားရမ်းသူ အိမ်ရှင်များအနေဖြင့်လည်း မိမိတို့၏ နေအိမ်၊ တိုက်ခန်းများအား ငှားရမ်းမည်ဆိုပါက ငှားရမ်းနေထိုင်သည့်သူများနှင့်ပတ်သက်၍ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးဥပဒေ ပုဒ်မ ၁၇ အရ သက်ဆိုင်ရာ အုပ်ချုပ်ရေးမှူးရုံးများသို့ ဧည့်စာရင်းတိုင်ကြားရန် တာဝန်ရှိသည့်အတွက် ငှားရမ်းနေထိုင်သူများ၏ ကိုယ်ရေးအချက်အလက်၊ အထောက်အထားပြည့်စုံစွာဖြင့် သက်ဆိုင်ရာရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးများသို့ သတ်မှတ်ချက်များနှင့်အညီ ဧည့်စာရင်းတိုင်ကြားရန်နှင့် မိမိငှားရမ်းထားသောသူများသည် သံသယဖြစ်ဖွယ်ရှိကြောင်း တွေ့ရှိရပါက သက်ဆိုင်ရာတာဝန်ရှိသူများကို အချိန်မီသတင်းပို့ အကြောင်းကြားခြင်းဖြင့် အိမ်ရှင်များမှလည်း ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ နေအိမ်၊ တိုက်ခန်း ငှားရမ်းနေထိုင်ပြီး အကြမ်းဖက်မှုများ ကျူးလွန်ကြောင်း ဖော်ထုတ်ရရှိပါက နေအိမ်၊ တိုက်ခန်းများ ငှားရမ်းစဉ် သက်ဆိုင်ရာ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံးသို့ ဧည့်စာရင်းတိုင်ကြားထားခြင်းမရှိကြောင်း စိစစ်တွေ့ရှိရပါက ငှားရမ်းသည့် ပိုင်ရှင်များတွင် တာဝန်ရှိမည်ဖြစ်သဖြင့် သက်ဆိုင်ရာ တည်ဆဲဥပဒေအရ အရေးယူခံရမည့်အပြင် အဆိုပါ ငှားရမ်းထားသည့် နေအိမ်၊ တိုက်ခန်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ အရေးယူဆောင်ရွက်သည့် အမှုများနှင့်ဆက်စပ်၍ သက်သေခံအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ပြီး တရားရုံးတွင် စစ်ဆေးပေါ်ပေါက်ချက်အရ နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

**အကြမ်းဖက်မှုတိုက်ဖျက်ရေးဗဟိုအဖွဲ့**

## အသိပေးကြေညာချက်

၁။ အကောက်ခွန်ဦးစီးဌာန အနေဖြင့် လေဆိပ်(ကုန်လှောင်ရုံ)/ ဆိပ်ကမ်းမှတစ်ဆင့် ရေကြောင်း/လေကြောင်းတို့မှ တင်သွင်းလာသော COVID-19 ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများနှင့် ဆေးဝါးများအား တင်သွင်းသူများထံ ထုတ်ပေးနိုင်ရေးအတွက် ပိတ်ရက်မရှိဆောင်ရွက်ပေးလျက်ရှိသည့်အပြင် ဆေးနှင့် ဆေးပစ္စည်းများ လျင်မြန်စွာ ထုတ်ယူနိုင်ရေးအတွက် (၁၇-၇-၂၀၂၁) ရက်နေ့မှစ၍ ကိုယ်တိုင်တာဝန်ခံမှုဖြင့် ဆောင်ရွက်ခွင့်ပြုခဲ့ပါသည်။

၂။ ထိုသို့ခွင့်ပြုခဲ့သည့် COVID-19 ဆေးနှင့် ဆေးပစ္စည်းများအား (၁၇-၇-၂၀၂၁) ရက်နေ့မှ (၁၂-၉-၂၀၂၁) ရက်နေ့အထိ ဖိုင်အရေအတွက် (၁၆၃၅) စောင်အား နှစ်ပတ်အတွင်း အပြီးသတ်ရှင်းလင်းပေးရန် ကတိခံဝန်ချက်ဖြင့် ကြိုတင်ထုတ်ပေးခဲ့ပါသည်။ ယင်းဖိုင်များအနက် (၁၂-၉-၂၀၂၁) ရက်နေ့အထိ(၁၀၆၁) ဖိုင် အပြီးသတ်ရှင်းလင်းခဲ့ပြီး (၅၇၄) ဖိုင်စာရင်းရှင်းလင်းရန် ကျန်ရှိနေပါသည်။

၃။ ထုတ်ယူပြီး အပြီးသတ်ရှင်းလင်းရန် ကျန်ရှိနေသော သက်ဆိုင်ရာ ကုမ္ပဏီများသည် (၃၀-၉-၂၀၂၁)ရက်နေ့ နောက်ဆုံးထား၍ အပြီးသတ် ရှင်းလင်းပေးရမည်ဖြစ်ပါသည်။

၄။ ထို့အပြင်လေဆိပ်(ကုန်လှောင်ရုံ) တွင် လေကြောင်းလိုင်းအသီးသီးမှ ရောက်ရှိနေသော ဆေးနှင့် ဆေးပစ္စည်းများအား အမြန်ဆုံး လာရောက်ရှင်းလင်း ထုတ်ယူကြရမည်ဖြစ်ပါသည်။ လေဆိပ် (ကုန်လှောင်ရုံ) တွင်ရောက်ရှိနေသော ဆေးနှင့် ဆေးပစ္စည်းများ၊ အမြန်လာရောက်ထုတ်ယူကြရန် ကိုယ်တိုင်တာဝန်ခံမှုဖြင့် ထုတ်ယူပြီး အပြီးသတ်ရှင်းလင်းရန် ကျန်သောဖိုင်များအား လာရောက်ရှင်းလင်းကြရန်နှင့် လာရောက်ထုတ်ယူခြင်း၊ စာရင်းရှင်းလင်းခြင်း မပြုသော သက်ဆိုင်ရာကုမ္ပဏီများအား အကောက်ခွန် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**အကောက်ခွန်ဦးစီးဌာန**



## ဆီစားသုံးမှုဖူလုံစေရေး မြို့နယ် ၁၇ မြို့နယ်တွင် မိုးနေကြာစိုက်ကေ ၄၈၀၀၀ ကျော်ကို လျာထားစိုက်ပျိုး

**မန္တလေး စက်တင်ဘာ ၁၃**

မန္တလေးတိုင်းဒေသကြီးအတွင်း ဆီစားသုံးမှုဖူလုံစေရေးအတွက် မြို့နယ် ၁၇ မြို့နယ်တွင် မိုးနေကြာစိုက်ကေ ၄၈၀၀၀ ကျော်ကို လျာထားစိုက်ပျိုးလျက်ရှိကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

အဆိုပါ မိုးနေကြာစိုက်ကေများကို ခရိုင် ခုနစ်ခရိုင်ရှိ မြို့နယ် ၁၇ မြို့နယ်တို့တွင် လျာထားကေ ၄၈၀၀၀ ကျော်ကို မေလမှစတင်ပြီး စိုက်ပျိုးမှုများပြုလုပ်ခဲ့ကာ ယနေ့အချိန်ထိ မိုးနေကြာကေ ၃၃၀၀၀ ကျော်ကို စိုက်ပျိုးထားရှိပြီးဖြစ်ကြောင်း၊ ကျန်ရှိနေသေးသည့် ကေများကိုလည်း ဆက်လက်စိုက်ပျိုးမှုများပြုလုပ်နေကြကြောင်း မန္တလေးတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တိုးတိုးဝင်းက ပြောသည်။

အဆိုပါ မိုးနေကြာကို ခရိုင် ခုနစ်ခရိုင်ရှိ မြို့နယ် ၁၇ မြို့နယ်တွင် ကေအလိုက်စိုက်ပျိုးထားရှိရာတွင် အမရပူရမြို့နယ်တွင် ၁၀ ကေ၊ မတ္တရာမြို့နယ်တွင် ၄၇၆ ကေ၊ စဉ့်ကူးမြို့နယ်တွင် ၃၃ ကေ၊ ပြင်ဦးလွင်မြို့နယ်တွင် ၂၇၁ ကေ၊ ကျောက်ဆည်မြို့နယ်တွင် ၂၂၉၇ ကေ၊ စဉ့်ကိုင်မြို့နယ်တွင် ၂၂၅၇ ကေ၊ တံတားဦးမြို့နယ်တွင် ၂၁၁၅ ကေ၊ မိတ္ထီလာမြို့နယ်တွင် ကေ ၅၇၀၊ မလှိုင်မြို့နယ်တွင် ၃၂ ကေ၊ သာစည်မြို့နယ်တွင် ကေ ၁၂၅၀၊ မြင်းခြံမြို့နယ်တွင် ၂၆ ကေ၊ တောင်သာမြို့နယ်တွင် ၃၂၃ ကေ၊ နွားထိုးကြီးမြို့နယ်တွင် ၆၁၁ ကေ၊ ငါန်းဇွန်မြို့နယ်တွင် ၈၁ ကေ၊ ကျောက်ပန်းတောင်းမြို့နယ်တွင် ၆၉၃၄ ကေ၊ ရမည်းသင်းမြို့နယ်တွင် ၉၈၃၃ ကေ၊ ပျော်ဘွယ်မြို့ နယ်တွင် ၆၂၃၆ ကေ စုစုပေါင်း စိုက်ပျိုးပြီးကေသည် ၃၃၀၀၀ ကျော်ရှိနေပြီဖြစ်ကြောင်း သိရသည်။

နေကြာကို စတင်စိုက်ပျိုးစဉ်မှ ရိတ်သိမ်းချိန်အထိ သက်တမ်းမှာ ၈၅ ရက်ရှိကြောင်း၊ တောင်သူများအနေဖြင့် နေကြာကို သီးထပ်သီးညှပ်အဖြစ် ဝင်ငွေတိုးပွားစေရန် စိုက်ပျိုးကြကြောင်း၊ ဆီထွက်သီးနှံများ စိုက်ပျိုးရာတွင် နေကြာအပြင် မြေပဲ၊ နှမ်း၊ ပန်းနှမ်းနှင့် ဆီမုန်ညင်းများကိုလည်း စိုက်ပျိုးကြကြောင်း သိရသည်။ **မင်းထက်အောင်(မန်းကိုယ်ပွား)**

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၃**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများကို ရေကြောင်း၊ လေကြောင်း၊ ဆိပ်ကမ်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိရာ စက်တင်ဘာ ၁၃ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာ



လေဆိပ်တွင် ကုမ္ပဏီ လေးခုမှ Dexaperazon (Powder of Injection) ၈၉၆၈ ခု၊ Noxaparin Injection အခု ၄၀၀၀၊ Lazon Tablets အခု ၅၀၀၊ Azitec 250 MG အခု ၁၀၀၀၀၊ Flow Meter အခု၂၁၀၊ GAS Outlet အခု ၁၀၀၊ Quick Probe Adaptors အခု ၆၀၊ Ring Brass အခု ၂၀၀၊ အိမ်သုံးအောက်ဆီဂျင်စက်နှင့် Accessories အခု ၃၀၊ ရန်ကုန်ဆိပ်ကမ်းများမှ Nebulizer အခု ၂၀၀၊ Cylinder အခု ၁၀၀၊ Oxygen Regulator အခု ၁၁၀၀၊ အိမ်သုံးအောက်ဆီဂျင်စက် ၆၀၀ နှင့် ဆေးဝါးမျိုးစုံ ၆၃ မျိုး ၂၂၈၁၀၁ ဒသမ ၀၃ ကီလိုဂရမ်၊ နယ်စပ် (ချင်းရွှေဟော်၊ မူဆယ်၊ မြဝတီ)တွင် ကုမ္ပဏီ ၁၁ ခုတို့မှ Oxygen Cylinder ၂၀၃၅ ခု၊ အိမ်သုံးအောက်ဆီဂျင်စက် ၂၇ ခု၊ နှာခေါင်းစည်း ၇၈၁၉ ကီလိုဂရမ်၊ Liquid Oxygen တန် ၄၀၊ Regulator အခု ၁၁၆၀၊ တစ်ကိုယ်ရေသုံးကာကွယ်ရေးဝတ်စုံ ၇၃၄၅၀၊ အောက်ဆီဂျင်ထုတ်သည့်စက် နှစ်ခု၊ Oxygen Mask အခု ၂၀၀၀၊ Syringe ၁၂၃၃၆ ခု၊ Infusion ၂၉၁၆ ခု၊ Surgical Gown ကီလိုဂရမ် ၂၇၀၀၊ Sodium Chloride Injection ၆၃၀၇၂ ကီလိုဂရမ်၊ Hydro-Chloride Injection ၃၅၀၉ ကီလိုဂရမ်၊ Vitamin C Injection ၃၀၃၁၂ ကီလိုဂရမ်၊ Vitamin C Tablets ၃၆၁၈ ကီလိုဂရမ်၊ Glucose Injection ၃၀၄၈၀ ကီလိုဂရမ်၊ Disposable Cap ၁၀၀၀ ကီလိုဂရမ်တို့ကို ထုတ်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# လမ်းတံတားများပေါ်များစွာဖြင့် လူမှုဘဝမြင့်မားတိုးတက်နေသော ဧယျာရွှေမြေ စစ်ကိုင်းတိုင်းဒေသ (၂)

**ချမ်းမြေ့မောင်**

မုံရွာ-ပုလဲ-ဂန့်ဂေါလမ်း၊ မိုင် ၀/၀ မှ ၆၅/၀ အထိ (၆၅ မိုင် ၀ ဖာလုံ) သည် နိုင်ငံတကာဆက်သွယ်သည့်လမ်း အာရှလမ်းမကြီးများ၊ အာဆီယံလမ်းမကြီးများစာရင်းတွင်ပါဝင်ပြီး တမူး-မန္တလေး-မိတ္ထီလာ-ရန်ကုန်-ပဲခူး(ဘုရားကြီး)-သထုံ-မြဝတီ (AH1) အပိုင်းတွင်ပါဝင်သောလမ်းဖြစ်ခြင်းကြောင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ရေးဆွဲထားသော National Transport Master Plan နှင့် KIOCA အဖွဲ့အကူအညီဖြင့် ရေးဆွဲထားသည့် Master Plan For Arterial Road Network Development in Myanmar တို့ကိုအခြေခံ၍ လမ်းဦးစီးဌာနက ရေးဆွဲထားသော နှစ်ရှည်စီမံကိန်း (Master Plan) အရ ခုနစ်မီတာ အကျယ် ကတ္တရာကွန်ကရစ်လမ်း (AC) အဆင့်ရောက်ရှိအောင် ဆောင်ရွက်ရန် ရည်မှန်းထားသည်။


ရေဦး-ကလေးဝကားလမ်းကို အဆင့်မြှင့်တင်ဆောင်ရွက်ထားစဉ်။

နှစ်စဉ်ရန်ပုံငွေ ခွင့်ပြုရရှိမှုအခြေအနေအရ လက်ရှိလုပ်ကိုင်နေသည့်လုပ်ငန်းမှာ မူလ ၁၂ ပေ အကျယ် ကတ္တရာလမ်းကို ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ် လမ်းချဲ့ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး လမ်းလုပ်ငန်းအနေဖြင့် မူလ ၂၄ ပေအကျယ် ကတ္တရာလမ်းမှ ၂၄ ပေ အကျယ် ကွန်ကရစ်လမ်းအဖြစ် နှစ်မိုင် သုံးဖာလုံ၊ မူလ ၁၈ ပေအကျယ်မှ ၂၄ ပေနှင့်အထက်အကျယ် ကွန်ကရစ်လမ်းအဖြစ် သုံးမိုင် ၇ ဒသမ ၅ ဖာလုံ၊ မူလ ၁၂ ပေ အကျယ်မှ ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ် ၃၁ မိုင် ၀ ဒသမ ၉၄ ဖာလုံ၊ တံတားလုပ်ငန်းအနေဖြင့် ကွန်ကရစ်တံတား ပေ ၁၈၀ အောက် ငါးစင်း တိုးတက်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါသဖြင့် ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ မြန်မာနိုင်ငံအနှံ့အပြားသို့ ဆက်သွယ်သွားလာနိုင်မည်ဖြစ်သည်။

**နှစ်စဉ်ရန်ပုံငွေ ခွင့်ပြုရရှိမှုအခြေအနေအရ လက်ရှိလုပ်ကိုင်နေသည့်လုပ်ငန်းမှာ မူလ ၁၂ ပေ အကျယ် ကတ္တရာလမ်းကို ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ် လမ်းချဲ့ခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိပြီး လမ်းလုပ်ငန်းအနေဖြင့် မူလ ၂၄ ပေအကျယ် ကတ္တရာလမ်းမှ ၂၄ ပေ အကျယ် ကွန်ကရစ်လမ်းအဖြစ် နှစ်မိုင် သုံးဖာလုံ၊ မူလ ၁၈ ပေအကျယ်မှ ၂၄ ပေနှင့်အထက်အကျယ် ကွန်ကရစ်လမ်းအဖြစ် သုံးမိုင် ၇ ဒသမ ၅ ဖာလုံ၊ မူလ ၁၂ ပေအကျယ်မှ ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ် ၃၁ မိုင် ၀ ဒသမ ၉၄ ဖာလုံ၊ တံတားလုပ်ငန်းအနေဖြင့် ကွန်ကရစ်တံတား ပေ ၁၈၀ အောက် ငါးစင်းတိုးတက်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ပါသဖြင့် ချင်းပြည်နယ်နှင့် မကွေးတိုင်းဒေသကြီးတို့မှ မြန်မာနိုင်ငံအနှံ့အပြားသို့ ဆက်သွယ်သွားလာနိုင်မည်**

လက်ရှိလမ်းအခြေအနေမှာ ၂၄ ပေနှင့်အထက် ကွန်ကရစ်လမ်း လေးမိုင် နှစ်ဖာလုံ၊ ၂၄ပေနှင့်အထက် ကတ္တရာလမ်း ခြောက်မိုင် ၁ ဒသမ ၂၉၁ ဖာလုံ၊ ၁၈ပေ ကတ္တရာလမ်း ၄၆ မိုင် ၂ဒသမ ၆၇၉ ဖာလုံ၊ ၁၂ ပေ ကတ္တရာလမ်း ရှစ်မိုင် ၅ ဒသမ ၀၃ ဖာလုံဖြစ်သည်။

တိုင်းဒေသကြီးအတွင်း မြတ်နိုးသူကုမ္ပဏီသည် လက်ပံခြေပေါ် (ညောင်ဦး)-ပခုက္ကူ-လင်းကတော-မုံရွာလမ်း (ပုသိမ်-မုံရွာလမ်း) မိုင် ၄၂၄/၅ မှ ၄၅၀/၅ အထိ (၂၆ မိုင် သုညဖာလုံ) (ယခု ၃၉၀/၆ မှ ၄၁၆/၆ အထိ) ပုသိမ်-မုံရွာလမ်း (၂၆ မိုင် သုညဖာလုံ) အား ၁-၈-၂၀၁၃ ရက်နေ့တွင် B.O.T စနစ်ဖြင့် စတင်လုပ်ကိုင်ခွင့်ရရှိခဲ့ပြီး ၁၂ပေအကျယ် ကတ္တရာလမ်းအား ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပြီးစီးခဲ့သည်။

ထို့အပြင် ပုသိမ်-မုံရွာလမ်းအား ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်စတင်၍ ၁၂ ပေအကျယ် ကတ္တရာလမ်းမှ လမ်းချဲ့ခြင်းစတင်ဆောင်ရွက်ခဲ့ရာ ၂၀၂၂ ခုနှစ် မတ်လကုန်အထိ လမ်းအခြေအနေမှာ ၄၈ ပေအကျယ် ကတ္တရာလမ်း သုညမိုင် လေးဖာလုံ၊ ၂၄ ပေအကျယ် ကတ္တရာလမ်း သုညမိုင် သုံးဖာလုံ၊ ၁၈ ပေအကျယ် ကတ္တရာလမ်း ၂၅ မိုင် တစ်ဖာလုံ စုစုပေါင်း ၂၆ မိုင် သုညဖာလုံဖြစ်သည်။

၎င်းနောက် ညီညွတ်နှင်းလူကုမ္ပဏီသည် ချောင်းဦး-ပခုက္ကူလမ်း ၁၄ မိုင် တစ်ဖာလုံအား ၂၅-၉-၂၀၀၉ ရက်နေ့တွင် B.O.T စနစ်ဖြင့် စတင်လုပ်ကိုင်ခွင့်ရရှိခဲ့ပြီး ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်မှစတင်၍ ၁၈ ပေအကျယ် ကတ္တရာလမ်းမှ လမ်းချဲ့ခြင်း စတင်ဆောင်ရွက်ခဲ့ရာ (၃/၂၀၁၂) လကုန်တွင် ၂၄ ပေအကျယ် ကတ္တရာလမ်းအဖြစ် ၁၄ မိုင် တစ်ဖာလုံ ဆောင်ရွက်ပြီးစီးပြီးဖြစ်သည်။

ဆုထူးပန်ကုမ္ပဏီသည် မုံရွာ-ရေဦးလမ်း ၄၇ မိုင်ကို ၁-၁၂-၂၀၁၉ ရက်နေ့တွင် B.O.T စနစ်ဖြင့် စတင်လုပ်ကိုင်ခွင့်ရရှိခဲ့ပြီး ၁၇-၄-၂၀၂၂ ရက်နေ့တွင် (မိုင် ၈၄/၁ မှ ၁၀၅/၁ အထိ) ၂၁ မိုင်အားလည်းကောင်း၊ ၁-၄-၂၀၁၅ ရက်နေ့တွင် (မိုင် ၁၀၅/၁ မှ ၁၃၁/၁ အထိ) ၂၆ မိုင်အားလည်းကောင်း၊ ၁၂ ပေအကျယ် ကတ္တရာလမ်းမှ ၁၈ ပေအကျယ် ကတ္တရာလမ်းအဖြစ် တိုးချဲ့ဆောင်ရွက်ခဲ့ပြီး ၂၀၀၉-၂၀၁၀ ဘဏ္ဍာနှစ်မှစတင်၍ ၁၂ ပေအကျယ် ကတ္တရာလမ်း လမ်းချဲ့ဆောင်ရွက်ခဲ့ရာ ၂၀၂၂ ခုနှစ် မတ်လကုန်တွင် ပေ ၆၀ အကျယ် ကတ္တရာလမ်း တစ်မိုင် သုညဖာလုံ၊ ပေ ၃၀အကျယ် ကတ္တရာလမ်း လေးမိုင် သုံးဖာလုံ၊ ၂၄ ပေအကျယ် ကတ္တရာလမ်း ၄၁ မိုင် ငါးဖာလုံ စုစုပေါင်း ၄၇ မိုင် သုညဖာလုံ ဆောင်ရွက်ပြီးစီးပြီးဖြစ်သည်။

စာမျက်နှာ ၁၇ သို့ ✣


သက္ကယ်ကျင်း-ဖောင်းပြင်-ဟုမ္မလင်းလမ်းကို တွေ့ရစဉ်။


ချင်းတွင်းတံတား (ဟုမ္မလင်း) ကို တွေ့ရစဉ်။

✣ စာမျက်နှာ ၁၆ မှ

မုံရွာအုပ်စုကုမ္ပဏီသည် မုံရွာ-ယာကြီးလမ်း ၄၀ မိုင်အား ၁-၁၂-၂၀၀၉ ရက်နေ့တွင် B.O.T စနစ်ဖြင့် စတင်လုပ်ကိုင်ခွင့်ရရှိခဲ့ပြီး ၂၂-၄-၂၀၂၁ ရက်နေ့တွင် မိုင် (၀/၀ မှ ၂၀/၀အထိ) မိုင် ၂၀ အားလည်းကောင်း၊ ၁-၁၀-၂၀၁၄ ရက်နေ့တွင် မိုင် (၂၀/၀ မှ ၄၀/၀ အထိ) မိုင် ၂၀ အားလည်းကောင်း၊ ၁၈ ပေအကျယ် ကတ္တရာလမ်းအား အဆင့်မြှင့်တင် ဆောင်ရွက်ပြီးစီးခဲ့သည်။

ရွှေတောင်ဟိုင်းဝေးကုမ္ပဏီသည် မန္တလေး-စစ်ကိုင်း- မုံရွာ-ရေဦးလမ်း (၇၄ မိုင် ၇ဖာလုံ) အား ၁၄-၃-၂၀၀၈ ရက်နေ့တွင် B.O.T စနစ်ဖြင့် စတင်လုပ်ကိုင်ခွင့်ရရှိခဲ့ပြီး ၁၈ ပေအကျယ် ကတ္တရာလမ်းအား ၂၄ ပေအကျယ် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပြီးစီးခဲ့သည်။ မန္တလေး-စစ်ကိုင်း-မုံရွာ-ရေဦးလမ်းအား ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်မှစတင်၍ ၁၈ ပေအကျယ်ကတ္တရာလမ်းမှ လမ်းချဲ့ခြင်း စတင်ဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ် အောက်တိုဘာလကုန်တွင် ၄၈ ပေအကျယ် AC လမ်း ၃၁ မိုင် ၇ ဖာလုံ၊ ၄၈ ပေအကျယ်ကတ္တရာလမ်း ၃၆ မိုင် ၁ ဒသမ ၅ဖာလုံ၊ ၂၅ ပေမှ ၄၃ ပေအကျယ် ကတ္တရာလမ်း သုံးမိုင် ၃ ဒသမ ၅ ဖာလုံ၊ ၂၄ ပေ အကျယ် ကတ္တရာလမ်း သုံးမိုင် သုံးဖာလုံ စုစုပေါင်း ၇၄ မိုင် ခုနစ်ဖာလုံ ဆောင်ရွက်ပြီးစီးပြီးဖြစ်သည်။ ၄၈ ပေအကျယ် လေးလမ်းသွားနှင့်လျော်ညီစွာ တံတားကြီး/ ငယ်ပေါင်း ၁၅၃ စင်းကိုလည်း လေးလမ်းသွားတံတားများအဖြစ် တိုးချဲ့ ဆောင်ရွက်ပြီးဖြစ်သည်။ ဆက်လက်၍ ရွှေတောင်ဟိုင်းဝေးကုမ္ပဏီသည် မန္တလေး-စစ်ကိုင်း-ရွှေဘိုလမ်း (အုန်းတော-ရွှေဘိုအပိုင်း) ၄၃ မိုင်အား ၁၄-၃-၂၀၀၈ ရက်နေ့တွင် B.O.T စနစ်ဖြင့် စတင်လုပ်ကိုင်ခွင့်ရရှိခဲ့ပြီး ၁၈ ပေအကျယ် ကတ္တရာလမ်းအား ၂၄ ပေအကျယ် ကတ္တရာလမ်းအဖြစ် ဆောင်ရွက်ပြီးစီးခဲ့ပြီး မန္တလေး-စစ်ကိုင်း - ရွှေဘိုလမ်း (အုန်းတော-ရွှေဘိုအပိုင်း)အား ၂၀၀၈-၂၀၀၉ ဘဏ္ဍာနှစ်မှစတင်၍ ၁၈ ပေအကျယ် ကတ္တရာလမ်းမှ လမ်းချဲ့စတင်ဆောင်ရွက်ခဲ့ရာ (၁၁/၂၀၂၀) လကုန်တွင် ၄၈ ပေအကျယ် AC လမ်း တစ်မိုင် တစ်ဖာလုံ၊ ၄၈ ပေအကျယ် ကတ္တရာလမ်း တစ်မိုင် နှစ်ဖာလုံ၊ ၃၆ ပေအကျယ် ကတ္တရာလမ်း ၁၈ မိုင် ၆ ဖာလုံ၊ ၂၄ ပေအကျယ်ကတ္တရာလမ်း ၂၁မိုင် ခုနစ်ဖာလုံ စုစုပေါင်း ၄၃ မိုင် သုညဖာလုံ ဆောင်ရွက်ပြီးစီးပြီးဖြစ်သည်။


ရွှေဘို-မြစ်ကြီးနားသွားကားလမ်းကို တွေ့ရစဉ်။

**ချင်းတွင်းတံတား (ဟုမ္မလင်း) ၂၇၆၂ ဒသမ ၆ ပေ**

တံတားများကဏ္ဍတွင် ချင်းတွင်းတံတား (ဟုမ္မလင်း) သည် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးခရိုင် ဟုမ္မလင်းမြို့နယ် ချင်းတွင်းမြစ်ပေါ်ရှိ တံတားတစ်စင်းဖြစ်သည်။ ကက်သာ- အောင်ဇေယျလမ်း (ဟုမ္မလင်းမြို့) တွင် တည်ရှိပြီး အရှေ့ဘက်ကမ်း (ဟုမ္မလင်းမြို့)မှ သက္ကယ်ကျင်း - ဖောင်းပြင် - ဟုမ္မလင်း - ခန္တီးလမ်း၊ ယောင်ဟီး - ပင်လည်ဘူး လမ်းမှတစ်ဆင့် ရွှေဘို-မြစ်ကြီးနားလမ်း ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီးတို့နှင့် ဆက်သွယ်သွားလာနိုင်သည်။ အနောက်ဘက်ကမ်း (ကက်သာ) မှ အိန္ဒိယနိုင်ငံနယ်စပ် တမူးမြို့၊ တမူးမှကလေး၊ ချင်းပြည်နယ်သို့လည်းကောင်း၊ ဂန့်ဂေါ-ကလေးလမ်းမှ မကွေးတိုင်းဒေသကြီးသို့လည်းကောင်း ဆက်သွယ်သွားလာနိုင်သည်။

တံတားအရှည်မှာ ၈၄၂ မီတာ၊ ၂၇၆၂ ဒသမ ၆ ပေ၊ ခန်းဖွင့်အကျယ် ၂၀ မီတာ x တစ်ခန်း+ ၁၂၀ မီတာ x လေးခန်း + ၆၀ မီတာ x နှစ်ခန်း + ၂၀ မီတာx ၁၁ ခန်း၊ တံတားအကျယ် ၁၀ ဒသမ ၂ မီတာ၊ ၃၃ ဒသမ ၅ ပေ၊ ယာဉ်သွားလမ်းအကျယ် ၈ ဒသမ ၅ မီတာ၊ ၂၈ ပေ နှစ်လမ်းသွား၊ လူသွားလမ်းအကျယ် တစ်ဖက်လျှင် သုံးပေ၊ တံတားအမျိုးအစားမှာ အုတ်မြစ်သည် သံကူကွန်ကရစ် ဘိုးပိုင်အုတ်မြစ်ဖြစ်ပြီး ကိုယ်ထည်မှာ သံကူကွန်ကရစ်ကမ်းကပ်ခုံနှင့် အပေါ်ထည်ပင်မတံတား သံမဏိသံပေါင်၊ ချဉ်းကပ်တံတား R.C Girder နှင့် သံကူကွန်ကရစ် ကြမ်းခင်း၊ လက်ရန်း၊ ချဉ်းကပ်လမ်းအရှည်မှာ ဟုမ္မလင်းဘက်ကမ်း တစ်မိုင် လေးဖာလုံနှင့် ကက်သာဘက်ကမ်း လေးဖာလုံ၊ တံတားခံနိုင်ဝန် AASHTO H.S-25 ၊ ရေလမ်းကင်းလွတ် အမြင့် ၁၂ မီတာ၊ ရေလမ်းကင်းလွတ်အကျယ် ၁၀၅ မီတာ၊ လုပ်ငန်းစတင်သည့်နေ့ ၂၁-၈-၂၀၁၆၊ စီမံကိန်း တန်ဖိုး ကျပ်သန်း ၂၃၃၁၃ ဒသမ ၈ သန်း ဖြစ်သည်။

**ချင်းတွင်းတံတား(ခန္တီး) ၂၆၅၆ ပေ**

ချင်းတွင်းတံတား (ခန္တီး) သည် စစ်ကိုင်းတိုင်း ဒေသကြီး ခန္တီးခရိုင် ခန္တီးမြို့နယ် ချင်းတွင်းမြစ်ပေါ်ရှိ တံတားတစ်စင်းဖြစ်သည်။ ခန္တီး-ဆင်သေ-လဟယ် လမ်း (ခန္တီး) မြို့တွင် တည်ရှိပြီး ခန္တီးတံတားမှတစ်ဆင့် ကချင်ပြည်နယ် ဖားကန့်မြို့၊ နာဂဒေသများဖြစ်သော လဟယ်မြို့၊ နန်းယွန်းမြို့များသို့ ဆက်သွယ်သွားလာ နိုင်သည်။

တံတားအရှည်မှာ ၈၀၉ ဒသမ ၅ မီတာ၊ ၂၆၅၆ ပေ၊ တံတားခန်းဖွင့် ပင်မတံတား ၁၁၂ မီတာ x လေး ခန်း၊ ချဉ်းကပ်တံတား(ခန္တီး) ၂၀ မီတာx ၁၁ ခန်း၊ ချဉ်းကပ်တံတား(ဆင်သေ) ၂၀ မီတာx ခုနစ်ခန်း၊ ချဉ်းကပ်လမ်း ဆင်သေဘက်ကမ်း တစ်မိုင် ငါးဖာလုံ နှင့် ခန္တီးဘက်ကမ်း နှစ်မိုင်၊ တံတားအကျယ် ကားလမ်း ၈ ဒသမ ၅ မီတာ၊ လူသွားလမ်းတစ်ဖက် လျှင် တစ်မီတာ၊ ရေလမ်းကင်းလွတ်အမြင့် ၁၀ မီတာ၊ ရေလမ်းကင်းလွတ်အကျယ် ၉၅ ဒသမ ၆ မီတာ၊ တံတားခံနိုင်ဝန် AASHTO HS-25၊ စီမံကိန်းတန်ဖိုး ကျပ်သန်း ၁၈၆၂၃ သန်း (ချဉ်းကပ်လမ်းမပါ) ဖြစ်ပြီး တံတားအမျိုးအစားမှာ အချင်း ၁ ဒသမ ၅ မီတာ၊ အချင်း ၁ ဒသမ ၂ မီတာ လွန်တူးပိုင်အုတ်မြစ်၊ တံတားအောက်ထည်ကို သံကူကွန်ကရစ်၊ တံတား အပေါ်ထည် ပင်မတံတားသည် သံမဏိသံပေါင် ဖြစ်သည်။

**ချင်းတွင်းတံတား(ကလေးဝ) ၂၈၀၅ ပေ**

ချင်းတွင်းတံတား (ကလေးဝ) သည် စစ်ကိုင်း တိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ် ချင်းတွင်းမြစ်ပေါ်ရှိ တံတားတစ်စင်းဖြစ်သည်။ ရေဦး - ကလေးဝလမ်း (ကလေးဝ) မြို့တွင် တည်ရှိပြီး အရှေ့ဘက်ကမ်း(ကိုင်းရွာ) ရေဦး - ကလေးဝမှ တစ်ဆင့် မန္တလေးတိုင်းဒေသကြီးသို့လည်းကောင်း၊ မုံရွာ-ရေဦး-ကလေးဝလမ်း၊ ရွှေဘို-မြစ်ကြီးနား လမ်းမှတစ်ဆင့် ကချင်ပြည်နယ်များသို့ လည်းကောင်း ဆက်သွယ်သွားလာနိုင်သည်။ အနောက်ဘက်ကမ်း (ကလေးဝမြို့မှ) ကလေးဝ-ကျီကုန်း-တမူးလမ်းအားဖြတ်၍ အိန္ဒိယနိုင်ငံ နယ်စပ် တမူးမြို့သို့လည်းကောင်း၊ ကလေး-ကျီကုန်း - တမူးလမ်း၊ ဂန့်ဂေါ - ကလေးလမ်းမှ တစ်ဆင့် မကွေးတိုင်းဒေသကြီးသို့လည်းကောင်း၊ ကလေးမြို့မှတစ်ဆင့် ချင်းပြည်နယ်သို့လည်းကောင်း ဆက်သွယ်သွားလာနိုင်သည်။

တံတားအမျိုးအစားသည် သံကူကွန်ကရစ် ဘိုးပိုင်အုတ်မြစ်၊ သံကူကွန်ကရစ်ကပ်ခုံနှင့် ကိုယ်ထည်နှင့် အပေါ်ထည်မှာ သံမဏိသံပေါင် ဖြစ်သည်။ ယာဉ်သွားလမ်းအကျယ် ၈ ဒသမ ၅ မီတာရှိ သံကူကွန်ကရစ်ကြမ်းခင်း၊ တံတားအရှည် ၈၅၄ ဒသမ ၈၈ မီတာ၊ ခန်းဖွင့်အကျယ် ၂၇ ဒသမ ၄၃ မီတာ x သုံးခန်း+ ၁၂၀ မီတာ x ငါးခန်း+ ၂၇ ဒသမ ၄၃ မီတာ x ခြောက်ခန်း၊ တံတားအကျယ် ၁၀ ဒသမ ၂ မီတာ၊ ချဉ်းကပ်လမ်းအရှည် ပေ ၈၅၂၀ (ကလေးဝဘက်ကမ်း) + ၁၄၃၉ ပေ (ရေဦးဘက်ကမ်း)၊ တံတား ခံနိုင်ဝန် AASHITO H.S-25၊ ရေလမ်းကင်းလွတ်အမြင့် ၁၂ မီတာ၊ ရေလမ်းကင်းလွတ်အကျယ် ၁၀၅ မီတာနှင့် စီမံကိန်းတန်ဖိုး ငွေကျပ်သန်း ၂၁၈၃၅ ဒသမ ၅ သန်းဖြစ်သည်။

တိုင်းဒေသကြီးအတွင်း တိုင်းလမ်းဦးစီး ဌာနက လမ်းတံတားများ အဆင့်မြှင့်ခြင်း လုပ်ငန်းများကို ၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ် ၆၇၅၃၃ ဒသမ ၈၁၆၄၇၄ သန်း၊ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ခွင့်ပြုငွေကျပ် ၅၅၃၉၃ ဒသမ ၂၇၂ သန်း၊ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ခွင့်ပြုရန်ပုံငွေကျပ် ၆၄၁၉၆ ဒသမ ၀၅၇၄ သန်းတို့ကို သုံးစွဲ၍ လမ်းများအဆင့်မြှင့်တင်ခြင်းနှင့် တံတားများအဆင့်မြှင့်တင်ခြင်းကို တံတားပေ ၁၈၀ အထက်နှင့် ပေ ၁၈၀ အောက် စုစုပေါင်း ၁၁၇၂ စင်းတို့ကို ဆောင်ရွက်ခဲ့သည်ဟု သိရသည်။

အချုပ်အားဖြင့်တင်ပြရလျှင် စစ်ကိုင်းတိုင်း ဒေသကြီး လမ်းဦးစီးဌာနသည် မြန်မာနိုင်ငံအထက် ပိုင်းရှိ စတုရန်းမိုင်ပေါင်း ၃၅၈၈၅ ဒသမ ၂၇ မိုင် ကျယ်ဝန်းသော ဇေယျာရွှေမြေ (ခေါ်) စစ်ကိုင်း တိုင်းဌာနကို လမ်းတံတားများဖြင့် အလှဆင်နေ သော ဌာနကြီးတစ်ခုဖြစ်ပါတော့သည်။ ။


ကျောက်တံခါးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် အဖွဲ့က ကျေးလက်ကုန်ထုတ်လမ်း တံတားလုပ်ငန်း လျာထားဆောင်ရွက်နိုင်ရန်အတွက် ဆယ့်လေးရွာ ကျေးရွာအုပ်စု ဆယ့်လေးရွာကျေးရွာသို့ စက်တင်ဘာ ၁၃ ရက်တွင် အကြိုကွင်းဆင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ကြစဉ်။ ၂၂၂

# ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီး

**နေပြည်တော် စက်တင်ဘာ ၁၃**

ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်နှင့် ရွာငံမြို့နယ်အတွင်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေကျပ် ၂၈၁၆ ဒသမ ၆၁ သန်းဖြင့် မြေလမ်း ၁၃ မိုင်၊ ကျောက်လမ်း ၁၂ မိုင် ၆ ဖာလုံ၊ ကတ္တရာထပ်ပိုးလွှာခင်းခြင်း ငါးမိုင်၊ ကတ္တရာခင်းခြင်း တစ်မိုင်နှင့် ကျောက်စီရေမြောင်း ပေ ၄၀၀ တို့အား အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**အခွင့်အလမ်းများ ရရှိ**

အဆိုပါလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့မှုကြောင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း လမ်းပန်းဆက်သွယ်မှု ပိုမိုကောင်းမွန်လာပြီး လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းများ



ရရှိခံစားနိုင်ကြပြီဖြစ်ကြောင်း သိရသည်။

သတင်းစဉ်



## ကျောက်တံတားမြို့နယ်၌ ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံသူ ၁၁၂၂ ဦးအထိ ရှိနေပြီဖြစ်

**ရန်ကုန် စက်တင်ဘာ ၁၃**

ကျောက်တံတားမြို့နယ်၌ ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး(Sinopharm) ထိုးနှံပြီးသူများအား ဒုတိယအကြိမ်ကာကွယ်ဆေး ထိုးနှံပေးခြင်းလုပ်ငန်းကို စက်တင်ဘာ ၃ ရက်မှစတင်၍ အမှတ်(၃) ရပ်ကွက် မဟာဗန္ဓုလလမ်းနှင့် ၃၅ လမ်းထိပ်(မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန) ရှေ့၌ ထိုးနှံပေးလျက်ရှိရာ ယနေ့အထိ ဒုတိယအကြိမ် ကာကွယ်ဆေးလာရောက်ထိုးနှံခဲ့သူ ၁၁၂၂ ဦးအထိ ရှိနေပြီဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

မြို့နယ်အတွင်းရှိ ဆေးထိုးစုရပ်ဖြစ်သော အမှတ်(၃) ရပ်ကွက် မဟာဗန္ဓုလလမ်းနှင့် ၃၅ လမ်းထိပ်( မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ) ရှေ့တွင် ယနေ့ ကာကွယ်ဆေး လာရောက်ထိုးနှံသူ ၂၆၀ ရှိကြောင်းသိရပြီး ကာကွယ်ဆေး လာရောက်ထိုးနှံကြသူဦးရေစာရင်းအရ အသက် ၆၅ နှစ်နှင့်အထက် ၁၄ ဦး၊ အစိုးရ/ ပုဂ္ဂလိက ကျန်းမာရေးဝန်ထမ်း ၃၃ ဦး၊ စေတနာ့ဝန်ထမ်း ၁၄ ဦး၊ နိုင်ငံ့ဝန်ထမ်း ၁၇၀၊ ဟိုတယ်/မိုတယ်/ တည်းခိုခန်းမှဝန်ထမ်း ၂၉ ဦးတို့ဖြင့် စုစုပေါင်း ၂၆၀ ကာကွယ်ဆေး လာရောက်ထိုးနှံခဲ့ကြကြောင်း သိရသည်။

**သတင်း-ပွင့်သစ္စာ၊ ဓာတ်ပုံ(စိုးမြင့်အောင်)**

## ကလေးမြို့၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ဆက်လက်ထိုးနှံပေး

**ကလေး စက်တင်ဘာ ၁၃**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခြင်းကို ထေကြီးဝါကြီးဆရာတော်၊ သံဃာတော်များ၊ သီလရှင်များ၊ ခရစ္စယာန်အသင်းတော်များမှ သင်းအုပ်ဆရာ ဆရာမများနှင့် အခြားသောဘာသာရေးခေါင်းဆောင်များ၊ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွားများ၊ ဝန်ထမ်းမိသားစုများ၊ ဘဏ်ဝန်ထမ်းများ၊ ဈေးသူဈေးသားများ၊ လူမှုကူညီရေးအသင်းများနှင့် ပုဂ္ဂလိကစက်ရုံအလုပ်ရုံများမှ ဝန်ထမ်းများကို ယနေ့ နံနက် ၉ နာရီမှ ၁၂ နာရီအထိ သတ်မှတ်စုရပ်နေရာများ၌ ကာကွယ်ဆေးများ ဒုတိယအကြိမ် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ပထမအကြိမ် ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးများ ထိုးနှံပေးခဲ့ရာ၌ ဩဂုတ် ၁၆ ရက်တွင် ၆၄၄ ဦး၊ ဩဂုတ် ၁၇ ရက်တွင် ၆၈၄ ဦး၊ ဩဂုတ် ၁၈ ရက်တွင် ၉၈၂ ဦးနှင့် ဩဂုတ် ၁၉ ရက်တွင် ၇၄၃ ဦး စုစုပေါင်း ၃၀၀၀ တို့ကို စက်တင်ဘာ ၁၃ ရက်မှ ၁၆ ရက်အထိ သတ်မှတ်စုရပ်နေရာများ၌ ကာကွယ်ဆေးများ ဒုတိယအကြိမ် ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း ကိုဗစ်-၁၉ ရောဂါ တိုက်ဖျက်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေးကော်မတီထံမှ သိရသည်။

**မောင်ကျော်(ပြန်/ဆက်)**



## မြစ်ကြီးနားမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ဆက်လက်ထိုးနှံပေး

**မြစ်ကြီးနား စက်တင်ဘာ ၁၃**

ကချင်ပြည်နယ် မြစ်ကြီးနားမြို့နယ် ရောရပ်ကွက်ရှိအမှတ်(၉)အခြေခံပညာအထက်တန်းကျောင်း၌ ယနေ့ နံနက် ၉ နာရီက ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများအား ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

မြစ်ကြီးနားမြို့နယ်တွင် ဒုတိယအကြိမ်မြောက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးခြင်းကို ဩဂုတ် ၃၀ ရက်မှ စတင်ထိုးနှံပေးလျက်ရှိပြီး စက်တင်ဘာ ၁၁ ရက်အထိ ဆောင်ရွက်ခဲ့ရာ ဆေးထိုးနှံပြီးသူ သာသနာ့ဝန်ထမ်း ၅၄၅ ဦး၊ အသက် ၆၅ နှစ်အထက် သက်ကြီးဘိုးဘွား ၁၉၀၈ ဦး၊ အစိုးရ/ပုဂ္ဂလိကကျန်းမာရေးဝန်ထမ်း ၂၇၂ ဦး၊ လူမှုကူညီရေးအသင်းမှ ၃၅၈ ဦး၊ နိုင်ငံ့ဝန်ထမ်းများ ၁၃၆၇ ဦး၊ ပုဂ္ဂလိကဘဏ်ဝန်ထမ်း ၇၇ ဦး၊ စက်ရုံ/အလုပ်ရုံမှဝန်ထမ်းများ ၁၁၆၇ ဦး၊ ဟိုတယ်/မိုတယ်များမှဝန်ထမ်း ၈၈ ဦး၊ အကျဉ်း/အချုပ်သား ၈၁၉ဦး၊ ပုဂ္ဂလိကပို့ဆောင်ရေးဝန်ထမ်း ၃၁၉ ဦး၊ ဈေးများမှ ဈေးရောင်း ဈေးဝယ်ပြည်သူများ ၁၈၃၃ ဦး စုစုပေါင်း ၈၇၅၃ ဦး ရှိပြီဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**ခရိုင်(ပြန်/ဆက်)**

## ပြည်သူအားလုံးကျန်းမာရေး ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေး

**ရန်ကုန်**

ရန်ကုန်တောင်ပိုင်းခရိုင် ကျောက်တန်းမြို့နယ်၌ စက်မှုဇုန်အတွင်းရှိ စက်ရုံအလုပ်ရုံများမှ ဝန်ထမ်းများနှင့် လုပ်သားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ဆက်လက်ထိုးနှံခြင်းကို စက်တင်ဘာ ၁၃ ရက် နံနက် ၁၀ နာရီက သတ်မှတ်နေရာ သုံးနေရာ၌ ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ကျောက်တန်းမြို့နယ်၌ စက်မှုဇုန်အတွင်းရှိ စက်ရုံအလုပ်ရုံများမှ ဝန်ထမ်းများနှင့် လုပ်သားများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေးခြင်းကို စက်တင်ဘာ ၇ ရက်မှ စတင်ထိုးနှံပေးရာ စက်တင်ဘာ ၁၂ ရက်အထိ သီလဝါအထူးစီးပွားရေးဇုန်အတွင်းရှိ စက်ရုံဝန်ထမ်းနှင့် စက်မှုဇုန်ပြင်ပရှိ ဆန်စက်နှင့် အခြားလုပ်သားစုစုပေါင်း ၁၆၅၁၅ ဦးတို့အား ထိုးနှံပြီးဖြစ်ကြောင်းနှင့် ကျန်ရှိနေသော စက်ရုံအလုပ်ရုံများမှ ဝန်ထမ်းများနှင့် လုပ်သားများအား သတ်မှတ်နေရာများတွင် ဆက်လက်ထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ သိရသည်။

**မြို့နယ် (ပြန်/ဆက်)**



ရန်ကုန်

**မအူပင်**

ဧရာဝတီတိုင်းဒေသကြီး မအူပင်မြို့နယ်အတွင်းရှိ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ဆက်လက်ထိုးနှံမှုကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီက မအူပင်မြို့ အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းတွင် ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ကာကွယ်ဆေးထိုးနှံပေးရာတွင် ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး ဒေါက်တာကျော်စွာလွင်၏ လမ်းညွှန်မှုဖြင့် ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများက ကာကွယ်ဆေးလာရောက်ထိုးနှံကြသည့် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများအား ကျန်းမာရေးစစ်ဆေးခြင်း၊ ကိုယ်အပူချိန်တိုင်းတာခြင်းတို့ကို ပြုလုပ်ပြီးမှသာ ကာကွယ်ဆေးကို စနစ်တကျထိုးနှံပေးခဲ့ပြီး မိနစ် ၃၀ အကြာ အနားယူစေကာ စိတ်ချသည့်အခြေအနေရောက်ရှိမှသာ ပြန်ခွင့်ပြုကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

**ပုလော**

တနင်္သာရီတိုင်းဒေသကြီး ပုလောမြို့နယ်တွင် အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုများနှင့် ဦးစားပေးအဆင့်လိုက် ပြည်သူများအား စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက ပုလောမြို့နယ်ပြည်သူ့ဆေးရုံတွင် ဒုတိယအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ထိုသို့ ထိုးနှံပေးလျက်ရှိရာ စက်တင်ဘာ ၁ ရက်မှ ၁၂ ရက်အထိ ပုလောမြို့နယ်၌ အမျိုးသား ၂၆၃၆ ဦး၊ အမျိုးသမီး ၂၁၆၄ ဦး စုစုပေါင်း ၄၈၀၀ တို့အား ကာကွယ်ဆေးထိုးနှံပေးခဲ့ကြောင်း သိရသည်။

**အေးအေးမော် (ပုလော)**

**ကလေးဝ**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့နယ်အတွင်း ရပ်ကွက်၊ ကျေးရွာအုပ်စုများရှိ ပြည်သူများအား ဦးစားပေးအဆင့်လိုက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို စက်တင်ဘာ ၁၃ ရက် နံနက် ၉ နာရီကစတင်၍ ကလေးဝမြို့ပေါ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)နှင့် ချင်းတွင်းမြစ်သာခန်းမ မစိန်စံပြကျေးရွာနှင့် ကိုင်းကျေးရွာတို့ရှိ ဓမ္မာရုံတို့တွင် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ထိုးနှံပေးလျက်ရှိသည်။

ကလေးဝမြို့နယ်အတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး လူဦးရေ ၂၀၀၀ တို့အား ထိုးနှံပေးသွားမည်ဖြစ်ရာ ဒေသခံပြည်သူများ သွားလာမှုလွယ်ကူစေရန်အတွက် ကလေးဝမြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု၌ ဆေးထိုးနှံရာ ၁၀ နေရာသတ်မှတ်၍ သုံးရက်အတွင်း အပြီးထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

## တာမွေမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဆက်လက်ထိုးနှံပေးလျက်ရှိ

**ရန်ကုန် စက်တင်ဘာ ၁၃**

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ်အတွင်း ယနေ့နံနက်ပိုင်းက မြို့နယ်စီမံ အုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများက မြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးရန် ကျန်ရှိနေသေးသည့် အသက် ၆၅ နှစ်နှင့်အထက် အဘိုးအဘွားများနှင့် အလုပ်ရုံ/ ဈေးဝယ်စင်တာများမှ ဝန်ထမ်းများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများကို တာမွေမြို့နယ်ရှိအမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်းနှင့် အမှတ်(၃) အခြေခံပညာ အထက်တန်းကျောင်းတို့တွင် နှစ်နေရာခွဲ၍ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးလမ်းညွှန်ချက်များနှင့်အညီ ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ကိုဗစ်-၁၉ရောဂါ ကာကွယ်ဆေးများကို ဩဂုတ် ၂ ရက်မှ စတင်ထိုးနှံပေးလျက်ရှိပြီး စက်တင်ဘာ ၈ ရက်အထိ တာမွေမြို့နယ်အတွင်းရှိ အသက် ၆၅ နှစ်နှင့်အထက် အဘိုးအဘွား ၆၄၅၃ ဦး၊ အစိုးရ/ပုဂ္ဂလိက ကျန်းမာရေးဝန်ထမ်း ၁၃၉၃ ဦး၊ ပရဟိတအသင်းဝင် ၁၀၇၅ ဦး၊ ဘုန်းတော်ကြီးကျောင်း/သီလရှင်ကျောင်းနှင့်ဘာသာရေးကျောင်းများမှ ၃၇၁ ဦး၊ နိုင်ငံ့ဝန်ထမ်း ၁၁၄၅ ဦး၊ နိုင်ငံ့ဝန်ထမ်းမိသားစု ၂၁၀၊ ဟိုတယ်/မိုတယ်နှင့် တည်းခိုခန်းများမှ ဝန်ထမ်း ၁၆ ဦး၊ ပုဂ္ဂလိကပို့ဆောင်ရေးလုပ်ငန်းမှ ဝန်ထမ်း ၁၇ ဦး၊ အလုပ်ရုံများနှင့် ဈေးဝယ်စင်တာများမှ ဝန်ထမ်း ၅၁၀ တို့ကို ထိုးနှံပေးနိုင်ခဲ့သည်။

**နိုင်လင်းအောင်(ပြန်/ဆက်)**

# အပျင်းကို နိုင်နည်း

## ပီမိုးနင်း

> အပျင်းကို ခွဲခြားစိတ်ဖြာ၍ကြည့်၊ မလုပ်မီ တစ်ခဏမျှသာ အပျင်းရှိ၏။ ထိုတစ်ခဏကလေး တွင်နိုင်ဖို့အလုပ်ကို ယခုထ၍စလိုက်ရန်မှာ ခက်ခဲခြင်းမရှိပေ။ ထိုခက်ခဲသော အစကို စပါလေ။ စမိသောအခါ အပျင်း၏အစွမ်းသတ္တိ မာန်စွယ်ကို ချိုးနှိမ်ပြီးဖြစ်ကြောင်း တွေ့ရပေလိမ့်မည်။ အကြောင်းမူကား စမိသောအခါ မစမီကလောက် မပျင်းတော့ပေ။ ထို့နောက် တစ်မိနစ်ကို ငါးမိနစ်ဖြစ်ပြီးနောက် ၁၀ မိနစ်ဖြစ်အောင်ဆွဲဖို့ရန် သာ၍လွယ်၏။ ထိုနည်းဖြင့် အပျင်းကိုနိုင်လေ

လုံ့လရှိရမည်၊ ကံကိုသာ အားမကိုးရ၊ ဝီရိယကို မလျှော့ကောင်းဟူသော တရားစကားကို သူသူ ငါငါဟောကြ၊ ရေးကြ၊ ပြောကြ၏။ ထိုအကြောင်းကို မည်သူမဆို သိပြီးဖြစ်ကြလေရာ အလဟဿ ပျင်းသောသူတို့အား ကုသောသိပ္ပံ အဘယ်မှာပညာ ရအံ့နည်း စသည့်လောကနီတိစကားမျိုးသည် ရိုးလျက် အကျိုးမရှိပေ။ ထိုအကြောင်းကို လောကနီတိမဖတ်ဘဲ မည်သူမဆိုသိ၏။ စာရေးသူအား တစ်စုံတစ်ယောက်က ဆရာရေးတာတွေဟာ မှန်ပါရဲ့၊ သို့သော်လည်း လောကနီတိကို ဖတ်ပါဦး၊ လောကနီတိမှ အရေးအသားပါတယ်ဟု ပြောဖူးလေသည်။

စာရေးသူမှာ ရှေးပညာရှိကြီးများစွာတို့၏ စာများစွာတို့ကို ဖတ်ခဲ့ဖူးသည့်အပြင် ကိုယ်တိုင် ထိထိရောက်ရောက် မြောက်မြားစွာသောစာတို့ကို လူတိုင်း သဘောပေါက်အောင် ရေးခဲ့သူဖြစ်ရကား ထိုကဲ့သို့သော ပုဂ္ဂိုလ်တစ်ယောက်အား လောကနီတိထက် ကောင်းသောစာများကို မတွေ့သူဖြစ်ကြောင်း ဝန်ခံလာသူပင်ဖြစ်သည်။ ၎င်းကိုယ်တိုင်ကလည်း မိမိကိုယ်တိုင် နှုတ်ငုံရကြောင်း ဖွင့်၍ ဝန်ခံရှာလေသည်။ စာရေးသူမှာ လောကနီတိလို စာသွားမျိုးနှင့် လူ၏စိတ်ကို မပြောင်းလဲစေနိုင်ကြောင်းသိသဖြင့် ထိုကျမ်းကလေးကို တစ်ခါမျှသာ ဖတ်ဖူးရုံရှိ၏။ ကျက်မှတ်စရာဟူ၍ကား ပါဠိမှတစ်ပါး အခြားမတွေ့ခဲ့ရပေ။ လောကနီတိ၌ လုံ့လရှိရမည်ဟူ၍ကား မပါပေ။

ပျင်းရိခြင်းသည် အကျိုးယုတ်စေကြောင်း လူတိုင်းသိ၏။ သို့သော်လည်း အပျင်းကို အရသာရှိသည်ဟု မှတ်ထင်နေကြရာ သိလျက်နှင့် ပျင်း၍နေကြခြင်းဖြစ်လေသည်။ ယခုကာလ ဆိုက်ကိုလိုဂျီနည်းမှာ လောကနီတိလို မပျင်းနှင့်မဆို၊ အပျင်းကို နိုင်အောင်လုပ်နည်းကို ညွှန်ပြလေသည်။ ညွှန်းပြပုံမှာ ပျင်း၍ဘာကိုမျှမလုပ်ဘဲနေလျှင် ပျင်းခြင်းမှာ ဝန်လေး၍ လာတတ်ကြောင်း၊ အပျင်းဟု အရသာရှိသည်ဟု ပျင်းသူများ မှတ်ထင်တတ်ကြသည်မှာ မဟုတ်ကြောင်း၊ ထိုသဘောကို အဖန်ဖန်ရှုခြင်းဖြင့် အပျင်းကိုနိုင်ကြောင်း ဖြစ်လေသည်။

အလုပ်တစ်ခုခုရှိသည့်အခါ နက်ဖြန်သို့မဆိုင်းဘဲ ယခုချက်ချင်းလုပ်မှ ပြီးပြတ်ကြောင်း သိကြ၏။ သို့သော်လည်း ယခုချက်ချင်း လုပ်ချင်အောင် အဘယ်ပုံကြိုးစားရပါမည်နည်း။

အပျင်းကို ခွဲခြားစိတ်ဖြာ၍ကြည့်၊ မလုပ်မီ တစ်ခဏမျှသာ အပျင်းရှိ၏။ ထိုတစ်ခဏကလေး တွင် နိုင်ဖို့အလုပ်ကို ယခုထ၍စလိုက်ရန်မှာ ခက်ခဲခြင်းမရှိပေ။ ထိုခက်ခဲသော အစကို စပါလေ။ စမိသောအခါ အပျင်း၏အစွမ်းသတ္တိ မာန်စွယ်ကို ချိုးနှိမ်ပြီးဖြစ်ကြောင်း တွေ့ရပေလိမ့်မည်။ အကြောင်းမူကား စမိသောအခါ မစမီကလောက် မပျင်းတော့ပေ။ ထို့နောက် တစ်မိနစ်ကို ငါးမိနစ်ဖြစ်ပြီးနောက် ၁၀ မိနစ်ဖြစ်အောင်ဆွဲဖို့ရန် သာ၍လွယ်၏။ ထိုနည်းဖြင့် အပျင်းကို နိုင်လေသည်။

ပို၍နိုင်ဖို့ရန် အကူအညီမှာ ပျင်းခြင်းသည် ကျက်သရေမရှိ၊ ဂုဏ်မရ၊ သားသားနားနားအလုပ်ကို လုပ်ခြင်းသည် ဂုဏ်ရှိ၏။ အလုပ်လုပ်၍နေသူအား မလုပ်သောလူပျင်းသည် အလိုလိုရှက်ကြောက်ရှိသေရ၏။ အဖန်ဖန်ဆင်ခြင်တတ်က အပျင်းသည် တစ်စတစ်စလျော့ရလေသည်။

အခြားအကူအညီမှာ အလုပ်နှင့်ဆိုင်ရာ လက်နက်ကိရိယာတို့ကို အလုပ်ဌာန၌ အသင့်ရှိစေရမည်။ အလုပ်၌ ပျော်စရာအချက်တွေကို ရှာရမည်။ အလုပ်နေရာကို သပ်ရပ်စွာထားရမည်။ ဥပမာ လက်သမားသည် ကုလားထိုင်ကို လုပ်ရမည့်အတွက် ပျင်း၍နေ၏။

ငါအလုပ်မလုပ်သေးဘူး၊ လက်နက်ကိရိယာများ တို့သာ အသင့်လုပ်ထားရမည်ဟု အောက်မေ့ကာ လက်နက်များကိုယူ၍ စီမံနေရာချထားပါလေ။ ထို့နောက် ငါမလုပ်သေးဘူး၊ ဒီသစ်သားဖောင်းကလေးကို ရွှေ့ရုံရွှေ့ကြည့်စမ်းမယ်ဟု မိမိကိုယ်ကိုပြောကာ နည်းနည်းတိုး၍ လုပ်ရမည်။ ထိုနည်းဖြင့် ပျင်းကို တစ်ပတ်ရိုက်လှည့်စားဖန်များသောအခါ ပျင်းကို နိုင်ရုံမက တစ်စတစ်စ အလုပ်၌ အကျင့်ပါပြီး အပျင်းရောဂါမှ ကင်းလွတ်နိုင်လေသည်။

အပျင်းမှာ အလုပ်ကိုကြောက်သော အကြောက်တစ်ခုရှိ၏။ ထိုအကြောက်ကိုလည်း နိုင်ဖို့နည်းရှိလေသည်။ အလုပ်များခြင်းနှင့် နည်းခြင်းကို ကြည့်လျှင် ကြောက်မက်ဖွယ်ကောင်း၏။ ပညာသင်သော သူသည်လည်းကောင်း၊ စာအုပ်ကြီးကို ဖတ်ရမည့်သူသည်လည်းကောင်း အဆုံးဘက်ကို မကြာခဏ ကြည့်ချေက တော်တော်နဲ့ပြီးမှာမဟုတ်၊ ပေါက်ရောက်မှာမဟုတ်ဟုတွေးကာ စိတ်လျှော့တတ်လေသည်။ ထိုကဲ့သို့မကြည့်ဘဲ ဤမျှသာပြီးအောင်လုပ်မည်၊ ကျန်သောအပိုင်းများမှာ နောင်ခါလာ နောင်ခါဈေး အရေးမကြီးပါဘူး၊ ယခု ငါ့မှာလုပ်စရာ ဤအစကလေးသာရှိသည်။ ဤနည်းလမ်းကလေးကို ပြီးအောင်လုပ်ရမည်။ အဘိဓာန်ကြည့်သူသည် အလွန်ကြီးသောအလုပ်ကြီး၏အဆုံးသို့ လှမ်းမျှော်လျှင် များစွာစိတ်ပျက်ဖွယ်ဖြစ်လိမ့်မည်။ ကကြီးတစ်လုံးကို ငါသေသေချာချာ ကုန်စင်အောင်ရေးမည်ဟု သဘောထားချေက စိတ်ပျက်ဖွယ်ကို မြင်မည်မဟုတ်ပေ။ အချိန်သည် မကုန်မီမှာသာ ကြာသည်ထင်ရ၏။ ကုန်လွန်သောအခါ မကြာလှပေ။

အလကားနေလျှင် နောင်သုံးနှစ်ကြာသောအခါ ငါ့မှာ တစ်စုံတစ်ရာရမည်မဟုတ်၊ သုံးနှစ်သည် မသေလျှင် ယနေ့အတွက်ရ၏။ နောက်တစ်နေ့ကျလျှင်လည်း ယနေ့နည်းနည်းလုပ်ရမည်ဟု သဘောထား၍ လုပ်ပါလေ။ သို့လုပ်သူမှာ ယနေ့တစ်နေ့အတွက် လုပ်ရင်း သုံးနှစ်ကြာသောအခါ အဖိုးတန်တစ်စုံတစ်ရာကို စုပုံပြီးရနိုင်လေသည်။ လုပ်ရသည်ကား သုံးနှစ်စာကို လုပ်ရသည်မဟုတ်ပေ။ တစ်နေ့စာကလေးမျှသာ လုပ်ရ၏။ တစ်နေ့ကိုသာ တွေး၍ လုပ်ပါ၊ သုံးနှစ်တာကာလသည် အလိုလိုဖြစ်၍ လာလိမ့်မည်။ သုံးနှစ်ကို တင်ကြိုမမျှော်နှင့်၊ ယခုမျက်မှောက်အချိန်ကလေး အချည်းအနှီးဖြစ်မှာကိုသာ နှမြောပါလေ။ တစ်နေ့တစ်လံသွားရခြင်းသည် အနည်းငယ်မျှမပင်ပန်းပေ။ နောင်နှစ်ကာလ အတော်ကြာသောအခါ မပင်ပန်းဘဲနှင့် ခရီးပေါက်ရောက်ပြီးဖြစ်၍နေလိမ့်မည်။ တစ်နေ့လျှင် တစ်လံမျှမသွားသူမှာ သွားသူထက်ပို၍ မသက်သာပေ။ နောက်ဆုံး၌ ခရီးမရောက်ခြင်းသာ ခြားနားလေသည်။

တစ်နေ့လျှင် အင်္ဂလိပ်စကားတစ်လုံးမှတ်ရခြင်းသည် မမှတ်သူထက် ပို၍မပင်ပန်းပေ။ သုံးနှစ်ကြာသောအခါ အများကြီးရလိမ့်မည်။ တစ်နေ့တစ်လုံးမျှ မမှတ်သူမှာ မှတ်သူထက် ပို၍သက်သာခြင်း မရှိပေ။ သုံးနှစ်ကြာသောအခါ တစ်စုံတစ်ရာမျှ မရခြင်းသာ ခြားနားလေသည်။ သုံးနှစ်မက ငါးနှစ်၊ ဆယ်နှစ်သည် မကြာမီကုန်လွန်တတ်၏။ ကုန်သောအခါကျမှ ပြန်၍ နှမြောချေက ရတော့မည် မဟုတ်ပေ။ သုံးနှစ်ကြာမှတတ်မှာ ဘာလုပ်မလဲဟု တွေးတတ်ကြ၏။ သုံးနှစ်ကြာပြီးနောက် မတတ်ဘဲနေခြင်းထက် မဖြစ်ပါလော။

ဘယ်အခါမှတတ်တတ် တစ်နေ့တစ်လုံး မှတ်ရခြင်းကြောင့် ပင်ပန်းပါသလော။ မပင်ပန်းလျှင် အဘယ်အတွက် ညည်းညူရန်ရှိပါသနည်း။ အိုကာမှ ငွေတစ်ရာဟူသောစကားကလည်း ထို့အတူဖြစ်လေသည်။ ပင်ပန်းစွာ ခြိုးခြံခြင်းမပြုရဘဲလျက် အိုသောအခါ မတော်တဆအရေးတကြီးလိုသဖြင့် ငွေတစ်ရာအားကိုးဖို့ရှိချေက မရှိသူထက်မကောင်းပါလော။ ။

■



### ဆရာကြီးပီမိုးနင်း

(၁၈၈၃–၁၉၄၀)

ဆရာကြီးပီမိုးနင်းသည် စစ်ကြိုခေတ်ကာလ တစ်လျှောက်လုံးတွင် ထင်ရှားကျော်ကြားခဲ့သော စာရေးဆရာကြီးတစ်ဦးဖြစ်သည်။ ပီမိုးနင်းသည် ကာလပေါ်ဝတ္ထုခေတ်ကို ပျိုးထောင်ပေးခဲ့သော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်သာမက မြန်မာစာပေတွင် လက်ာစပ်မနေသော စကားပြေအရေးအသားမျိုး ခေတ်စားတွင်ကျယ်လာအောင် လမ်းသစ်ထွင် မျိုးစေ့ချခဲ့သော ပုဂ္ဂိုလ်ကြီးတစ်ဦးလည်း ဖြစ်သည်။ ဆရာကြီးသည်ခေတ်မီသော အတွေးအခေါ်သစ်များကို မြန်မာစာဖတ်ပရိသတ်အား ဦးစွာမိတ်ဆက်ပေးခဲ့သော ပုဂ္ဂိုလ်တစ်ဦးလည်း ဖြစ်သည်။

ဆရာကြီးပီမိုးနင်း အမည်ဖြင့် ထင်ပေါ်ကျော်ကြားခဲ့သော သတင်းစာဆရာ ဦးကျော်ညွန့်ကို ၁၈၈၃ ခုနှစ်တွင် သုံးဆယ်မြို့ ရွာမရပ်၌ အဖ ဦးရွှေခမ်း၊ အမိ ဒေါ်စိန်နုတို့က ဖွားမြင်ခဲ့သည်။ ငယ်နာမည်မှာ မိုးနှင်းဖြစ်ပြီး ဇာတာအမည်မှာ မောင်ကျော်ညွန့် ဖြစ်သည်။

ဆရာကြီးပီမိုးနင်းသည် ဟံသာဝတီသတင်းစာတိုက်၊ သူရိယသတင်းစာတိုက်၊ မြန်မာ့အလင်းသတင်းစာတိုက်၊ ပညာအလင်းသတင်းစာတိုက်တို့တွင် လုပ်ကိုင်ခဲ့ပြီး ဒဂုန်မဂ္ဂဇင်း၊ လန်ဒန်အက်မဂ္ဂဇင်း၊ ကဝိမျက်မှန်မဂ္ဂဇင်း၊ ကဝိတံခွန်မဂ္ဂဇင်း၊ ဗြိတိသျှဘားမားမဂ္ဂဇင်း၊ တက္ကသိုလ်မဂ္ဂဇင်း၊ သူရိယသတင်းစာ၊ မြန်မာ့အလင်းသတင်းစာ၊ သစ္စာဝါဒီသတင်းစာ၊ ဗန္ဓုလသတင်းစာ၊ ဗန္ဓုလဂျာနယ်၊ ဒီးဒုတ်ဂျာနယ်တို့တွင် ဝတ္ထုများ၊ ဆောင်းပါးများ ရေးသားသည်။

ဆရာကြီးသည် 'မောင်ကျော်' ကလောင်အမည်ဖြင့် ရှေးဦးကာလက ထင်ရှားခဲ့ပြီးနောက် 'ပိုက်ဆံကြီး' ဖြင့် ထင်ရှားခဲ့သည်။ နောက်ပိုင်းတွင် ပီမိုးနင်းအမည်ဖြင့် ထင်ရှားသည်။ "ခင်ထား၊ ပင်လယ်ကူးဓာတ်ပုံ၊ ဘီအေမောင်တင့်နှင့် ကချေသည်မယ်မြင့်၊ နေရီရီ၊ ပွဲစားကြီးသားအဖနှင့် မြမြ၊ ဘားမားဒေး၊ နေညိုညို၊ တကိုယ်တော်၊ ချစ်ပန်းနွယ်၊ သဲမြည္ဟာ၊ သင်းတို့အကြံ" ဝတ္ထုများ ရေးသားခဲ့သည့်အပြင် စိတ်ပညာ၊ တက္ကဗေဒ၊ ဒဿနိကဗေဒ၊ တက်ကျမ်းများ အပါအဝင် နိုင်ငံရေးရာဆောင်းပါးများ၊ စာပေဆောင်းပါးများ၊ လူမှုရေးဆောင်းပါးများ၊ အင်္ဂလိပ်ဘာသာသင်အထောက်အကူပြု ဆောင်းပါးများ ရေးသားခဲ့သည်။

ဆရာကြီးသည် ၁၉၄၀ ပြည့်နှစ် ဇန်နဝါရီလ ၆ ရက်နေ့တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သည်။

# စက်တင်ဘာ ၁၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၂၇၃ ဦး တွေ့ရှိ

## ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

(၁၃-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့် -

- တတ်နိုင်သမျှ အိမ်တွင်း၌သာနေထိုင်ခြင်း၊
- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း(Mask)ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံး စသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့် နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာ ကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၁၂-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၃-၉-၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း(၂၃,၄၂၄)ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၂,၂၇၃)ဦး တွေ့ရှိရပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း(၃,၉၇၈,၀၂၄)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၃၄,၁၀၆)ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂,၉၆၆) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၃၈၃,၄၄၀)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်-၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၈၇) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၆,၆၁၇) ဦးရှိပါသည်။

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင် အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

### ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ

(၁၃-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၂၈၉)ခု | (၁၈)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၅)ခု | (၈)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၄၂)ခု | (၂၃)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၈၃)ခု | (၂၁၁)ဦး |
| စစ်တွေမြို့၊ အမှတ် (၁၇) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၂)ခု | (၂)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၅၇)ခု | (၇၆)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၂၃)ခု | (၁၅)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၉၁၄)ခု | (၂၀၅)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID-19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၂၀,၄၄၉)ခု | (၁,၇၁၅)ဦး |
| စုစုပေါင်း | (၂၃,၄၂၄)ခု | (၂,၂၇၃)ဦး |

### ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက်/သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၁၈၅၃၃၆၂ | ၃၁၈၇၁၈၆၈ | ၆၇၇၉၈၈ |
| ၂။ | အိန္ဒိယ | ၃၃၂၆၄၁၇၅ | ၃၂၄၄၇၀၃၂ | ၄၄၂၉၀၇ |
| ၃။ | ဘရာဇီး | ၂၀၉၉၉၇၇၉ | ၂၀၀၅၀၄၇၁ | ၅၈၆၈၈၂ |
| ၄။ | ဗြိတိန် | ၇၂၂၆၂၇၆ | ၅၇၈၈၉၁၈ | ၁၃၄၂၀၀ |
| ၅။ | ရုရှား | ၇၁၅၈၂၄၈ | ၆၄၀၂၁၂၆ | ၁၉၃၄၆၈ |
| ၆။ | ပြင်သစ် | ၆၉၀၅၀၇၁ | ၆၅၀၉၂၆၀ | ၁၁၅၅၁၇ |
| ၇။ | တူရကီ | ၆၆၅၈၂၅၁ | ၆၁၄၆၆၆၂ | ၅၉၈၈၆ |
| ၈။ | အီရန် | ၅၃၀၈၃၂၇ | ၄၅၉၇၂၁၅ | ၁၁၄၇၅၉ |
| ၉။ | အာဂျင်တီးနား | ၅၂၂၄၅၃၄ | ၅၀၇၅၀၇၅ | ၁၁၃၄၀၂ |
| ၁၀။ | ကိုလံဘီယာ | ၄၉၃၀၂၄၉ | ၄၇၆၇၅၇၄ | ၁၂၅၆၄၇ |

### အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၄၁၇၀၀၈၈ | ၃၉၃၁၂၂၇ | ၁၃၉၁၆၅ |
| ၂။ | ဖိလစ်ပိုင် | ၂၂၄၈၀၇၁ | ၂၀၃၂၄၇၁ | ၃၅၃၀၇ |
| ၃။ | မလေးရှား | ၁၉၇၉၆၉၈ | ၁၇၂၁၇၁၀ | ၂၀၇၁၁ |
| ၄။ | ထိုင်း | ၁၃၉၄၇၅၆ | ၁၂၄၈၁၅၈ | ၁၄၄၈၅ |
| ၅။ | ဗီယက်နမ် | ၆၂၄၅၄၇ | ၃၈၅၇၇၈ | ၁၅၆၆၀ |
| ၆။ | မြန်မာ | ၄၃၄၁၀၆ | ၃၈၃၄၄၀ | ၁၆၆၁၇ |
| ၇။ | ကမ္ဘောဒီးယား | ၁၀၀၁၃၃ | ၉၄၃၂၆ | ၂၀၄၉ |
| ၈။ | စင်ကာပူ | ၇၁၆၈၇ | ၆၈၁၈၈ | ၅၈ |
| ၉။ | လာအို | ၁၇၅၅၅ | ၅၅၆၈ | ၁၆ |
| ၁၀။ | ဘရူနိုင်း | ၄၁၆၃ | ၂၆၄၇ | ၂၁ |

# ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ အောက်ဆီဂျင်အိုးများ လှူဒါန်း



**ပေါင်းတည် စက်တင်ဘာ ၁၃**

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ် ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသော လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုးအလုံး ၆၀၊ Oxygen Flow Meter အခု ၆၀ နှင့် အိမ်သုံးအောက်ဆီဂျင်စက် သုံးခုတို့အား စက်တင်ဘာ ၁၂ ရက်က ပေါင်းတည်မြို့နယ် ပြည်သူ့ဆေးရုံ၌ ပေးအပ်လှူဒါန်းခဲ့သည်။

ထိုသို့ပေးအပ်လှူဒါန်းရာတွင် မြို့နယ် ပြည်သူ့ဆေးရုံအတွက် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၅၀ နှင့် Oxygen Flow Meterအခု၅၀၊အိမ်သုံးအောက်ဆီဂျင်စက် သုံးခု၊ မှတ္တိုင်တိုက်နယ်ဆေးရုံအတွက် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ငါးလုံးနှင့် Oxygen Flow Meter ငါးခု၊ ကြာနီကန် တိုက်နယ်ဆေးရုံ အတွက် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး ငါးလုံးနှင့် Oxygen Flowmeter ငါးခု တို့အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးအောင်ကျော်ဦး၊ အဖွဲ့ဝင် ဗိုလ်မှူးဝင်းကိုကိုနိုင် နှင့် အဖွဲ့ဝင်များက ပေးအပ်လှူဒါန်းခဲ့ရာ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ချစ်နှင်းသုန်(ပြန်/ဆက်)**

ကြေးမုံသတင်းစာ စာဖတ်ပရိသတ်များ စာပေရသစုံ ခံစားဖတ်ရှုနိုင်ရန်အတွက် အခန်းဆက်ဝတ္ထုရှည်ကဏ္ဍကို ဖော်ပြပေးလျက်ရှိရာ စာရေးဆရာ မောင်သိန်းဆိုင်၏ ရေနံ့သာခင်ခင်ကြီး အခန်းဆက်ဝတ္ထုရှည်ကို အပတ်စဉ် တနင်္လာနေ့မှ သောကြာနေ့အထိ ဖော်ပြပေးသွားမည် ဖြစ်ပါသည်။




**ယမန်နေ့မှအဆက်**

ပြီးလျှင် ယင်းစုံတွဲက မိမိတို့အပေါ် သာမန်ထက် ထူးခြားစွာ အကဲခတ်ကြည့်ရှုနေခဲ့သောကြောင့်လည်း သတိထားမိခဲ့ခြင်းဖြစ်ပါသည်။

ခင်ခင်ကြီးနှယ်ပင် ဖေဖေ၊ မေမေတို့ကလည်း ယင်းစုံတွဲကို အကဲခတ်သည်။ ဖေဖေသည် တစ်ချက်မျှ စူးစိုက်ကြည့်လိုက်ပြီးနောက် မျက်နှာမှာ နီမြန်းတင်းမာလာပြီး ချက်ချင်းပင် တစ်ဖက်သို့ မျက်နှာလွှဲလိုက်ကြောင်း မြင်ရသည်။

အစသော် ယင်းစုံတွဲသည် ခင်ခင်ကြီးတို့နှင့် မလှမ်းမကမ်းတွင် ရပ်နေသည်။ နောက်တော့ ခပ်လှမ်းလှမ်းသို့ ရွှေ့သွားကြလေသည်။ သူတို့၏ အသွင်အပြင်မှာ မိမိတို့ အသွင်အပြင်နှင့်စာလျှင် တောက်ပခြင်းမရှိလှ။

အမျိုးသားကြီးအနေနှင့် ခင်ခင်ကြီးတို့ဘက်သို့ တစ်ချက်နှစ်ချက်မျှ စိုက်ကြည့်ပြီး နောက်ထပ်ကြည့်မလာလေတော့။ သူ၏မျက်နှာမှာလည်း ဖေဖေ့မျက်နှာနှယ်ပင် နီမြန်းတင်းမာလျက်ရှိသည်။ အမျိုးသမီးများအနေနှင့်ကား မကြာမကြာ ကြည့်လာတတ်သည်။ မျက်နှာတွင် လိုလားနှစ်သိမ့်ခြင်း အရိပ်အယောင်များကို တွေ့ရသည်။ တစ်ကြိမ်တွင် ခင်ခင်ကြီးအား ပြုံး၍ပင် ပြလိုက်လေသလားမသိ။ ခင်ခင်ကြီးသည် ပြန်၍ ပြုံးပြရလေမလား၊ သည်အတိုင်းပင် နေရလေမလား။ မတွေးတတ် အောင်ရှိကာ မျက်လွှာကို ကမန်းကတန်း ချလိုက်မိလေသည်။

"ကိုကောင်းမိုးတို့ လင်မယားလည်း လာကြိုပါလား။ သူ့သားလည်း ဒီသင်္ဘောမှာ ပါလာမယ်ထင်တယ်"

မေမေသည် တစ်ယောက်တည်းပြောသလို ပြောသည်။

ဖေဖေက မေမေ့စကားကို မသိကျိုးကျွန်ပြုသည်။

သည်တွင် ခင်ခင်ကြီးက ယင်းစုံတွဲမှာ ဦးကောင်းမိုးနှင့် ဇနီးဒေါ်သူဇာဖြစ်ကြောင်း ရိပ်စားလာမိပါသည်။

ဦးကောင်းမိုးနှင့် ဒေါ်သူဇာတို့အမည်များကို မကြာခဏဆိုသလို ကြားခဲ့ရမြဲပင်။ လူတို့ပြောကြသော စကားများတွင် တစ်ခါတစ်ရံ ယင်းအမည်များ ပါဝင်လာတတ်မြဲပင်။

ဦးကောင်းမိုးသည် ဖေဖေနှင့်မတည့်ကြောင်း ခင်ခင်ကြီး သိသည်။ သဘောပေါက်သည်။ သို့ပေမဲ့ စင်စစ်တွင်လည်း ယင်းအဖြစ်မှာ ခင်ခင်ကြီးတို့ လောက၌ မဆန်းလှ။ မထူးလှ။ တွင်းရိုးတွင်းစား အချင်းချင်းဆိုသည်မှာ စီးပွားပြိုင်ဖက်ဖြစ်သည်။ တစ်ဦးနှင့်တစ်ဦး ဂုဏ်တုဂုဏ်ပြိုင်ဖြစ်သည်။

ပြိုင်ကြဆိုင်ကြသည့် ကိစ္စရပ်များကိုလည်း မကြာခဏ ကြားရတတ်မြဲပင်။

အချို့ကိစ္စရပ်များဆိုလျှင် ရယ်မောဖွယ်ပင် ကောင်းသေးတော့သည်။

ရွာသစ်ဆိပ်တွင် သင်္ဘောကပ်လေ့မရှိ။ တွင်းစားတစ်ဦးက ယင်းဆိပ်၌ သင်္ဘောကပ်အောင် သူတတ်နိုင်သည်ဟု ဆိုသည်။ တစ်ဦးက မကပ်ဟုဆိုသည်။ သို့ဖြင့် အလောင်းအစား ပြုကြသည်။ ပထမတွင်းစားသည် ကမ်းပါးမှ ပဝါပြလျက် သင်္ဘောကို အကပ်ခိုင်းသည်။ သင်္ဘောကပ်ပေးသည်။ အလောင်းအစားတွင် သူနိုင်သည်။ သို့ရာတွင် နောက်ကွယ်၌ သင်္ဘောမာလိန်အား ရွှေဒင်္ဂါးအမြောက်အမြား ပေးခဲ့ရလေသည်။

အချို့ကျတော့လည်း ရာတန်စက္ကူဖြင့်ပင် ရေနွေးအိုးတည်တမ်း အလောင်းအစားပြုကြသည်ဟု ခင်ခင်ကြီး ကြားရဖူးသည်။

သို့ဖြစ်၍လည်း ဖေဖေနှင့် ဦးကောင်းမိုးတို့ သဟဇာတ မမျှ၊ ပဋိပက္ခဖြစ်ခဲ့ကြဖူးသည်ဆိုခြင်းမှာ ခင်ခင်ကြီးအတွက် ဆန်းကြယ်သောကိစ္စ ဖြစ်မနေတော့ပေ။

အညာဆန်သည် ဆိပ်ခံတံတား၌ ဆိုက်ကပ်မိသည်။ ထိုအခါ ဆိပ်ကမ်းရှိလူအုပ်မှာ ပို၍ လှုပ်လှုပ်ရွရွ ဖြစ်လာသည်။ ပို၍ ရုတ်ရုတ်သဲသဲ ဖြစ်လာသည်။ အသံဗလံတို့သည်လည်း ပိုမိုဆူညံလာလေသည်။ ခင်ခင်ကြီးတို့လူသိုက်သည် ဆိပ်ခံသို့ ဆင်းခဲ့ကြသည်။

သင်္ဘောပေါ်တွင် ခရီးသည် အများအပြားပါသည်။ ပထမ၊ ဒုတိယ၊ တတိယအတန်း သုံးတန်းလုံးတွင်ပင် ခရီးသည် အပြည့်ပါဝင်သည်။ ပထမတန်းတွင် ထုံးစံအတိုင်း အင်္ဂလိပ်လူမျိုးများပါသည်။ မျက်နှာသိ တွင်းရိုး တွင်းစားများ ပါသည်။

ဒုတိယတန်း၌ မြန်မာအရာရှိအချို့၊ လူလတ်တန်းစား ကုန်သည်အချို့ စီးနင်းလိုက်ပါလာသည်။ တတိယတန်းတွင်ကား ဆင်းရဲသားများ၊ ဈေးသည်များအပါအဝင် မိလက္ခူလူတန်းစားတို့ပါဝင်စီးနင်းလာလေသည်။

ခင်ခင်ကြီးတို့သည် ပထမတန်းကို ဂရုစိုက်ကြည့်သည်။ ထိုအထဲတွင် ကိုကို့ကို ရှာဖွေသည်။ သို့စေကာမူ မတွေ့ကြရ။ ဖေဖေသည် ကိုကို့အား ငွေပို့စဉ်က ပထမတန်းစီးရန်အတွက် ငွေ ပိုမိုပို့ပေးခဲ့သည်။ ထို့ကြောင့်ပင် ပထမတန်း၌ ကိုကိုပါမည်ဟု ထင်မှတ်ခဲ့ကြသည်။

သို့ပေမဲ့ ကိုကို့အားတွေ့ရသည်မှာ ဒုတိယတန်းတွင် ဖြစ်ပါသည်။

ခင်ခင်ကြီးအနေနှင့် မည်သို့မျှ မခံစားရသော်လည်း ဖေဖေ၏ မျက်နှာမှာမူ ရုတ်တရက် မည်းလာသည်ကို တွေ့ရသည်။ ပြုံတော့မည့်မိုးနှယ် ညိုလာသည်။

ကိုကိုကတော့ အားလုံးကို ဝမ်းသာအားရ နှုတ်ဆက်သည်ပင်။ အထူးသဖြင့် ညီမဖြစ်သူကို အလေးတယူ ပြုံးပြသည်ပင်။ ကိုကိုအား မြင်ရလေတော့လည်း ခင်ခင်ကြီးမှာ စောစောကခံစားခဲ့ရသော ဒုက္ခများကို မေ့သည်။ ပျော်လာသည်။ မြူးလာသည်။ ဝမ်းသာအားရ လက်ဝှေ့ယမ်းပြမိသည်။

သည့်တွင်ပင် ခင်ခင်ကြီးသည် ကိုကို့အနီးအပါးရှိ လူတစ်ယောက်ကို မြင်လာရသည်။ သူသည် ကိုကိုနှင့် ရွယ်တူဖြစ်သည်။ ကိုကို့နှယ်ပင် သေသပ်သော အဝတ်အစားများကို ဝတ်ဆင်ထားသည်။ စိတ်ထဲတွင် မျက်နှာသိတစ်ယောက်ဖြစ်မည်ဟု ထင်နေသည်။ တွေ့ဖူး မြင်ဖူးသူတစ်ယောက်ဟု အထင်ရောက်သည်။ သို့ပေမဲ့ မည်သည့်နေရာတွင် တွေ့မြင်ခဲ့ဖူးသည်ဟူ၍ကား စဉ်းစားမရ။ မည်သူမည်ဝါဟု မသဲကွဲ။ ကိုကို၏ သူငယ်ချင်းပေပဲလား၊ ရန်ကုန်က အဖော်လိုက်လာသူပေပဲလား မခွဲခြားတတ်။

ထိုသူသည် မိမိကို စိန်းစိန်းဝါးဝါးကြီး ကြည့်နေသည်ဟု ခင်ခင်ကြီးထင်သည်။ သူ၏အကြည့်မှာ ရဲရဲစူးစူးနိုင်လှသည်။ စားတော့မလို၊ ဝါးတော့မယောင် ကြည့်နေခြင်းမျိုး။

**ကိုကိုကတော့ အားလုံးကို ဝမ်းသာအားရ နှုတ်ဆက်သည်ပင်။ အထူးသဖြင့် ညီမဖြစ်သူကို အလေးတယူ ပြုံးပြသည်ပင်။ ခင်ခင်ကြီးသည် ကိုကို့အနီးအပါးရှိ လူတစ်ယောက်ကို မြင်လာရသည်။ သူသည် ကိုကိုနှင့်ရွယ်တူဖြစ်သည်။ ကိုကို့နှယ်ပင် သေသပ်သောအဝတ်အစားများကို ဝတ်ဆင်ထားသည်။ စိတ်ထဲတွင် မျက်နှာသိတစ်ယောက်ဖြစ်မည်ဟု ထင်နေသည်။ တွေ့ဖူး မြင်ဖူးသူတစ်ယောက်ဟု အထင်ရောက်သည်။ သို့ပေမဲ့ မည်သည့်နေရာတွင် တွေ့မြင်ခဲ့ဖူးသည်ဟူ၍ကား စဉ်းစားမရ။ မည်သူမည်ဝါဟု မသဲကွဲ။**

ခင်ခင်ကြီးသည် သူ၏အကြည့်ကို မခံမရပ်နိုင်သလိုရှိသည်။ မကြာခဏ မျက်လွှာချမိသည်။ ဖြစ်နိုင်လျှင်တော့ သူ့ကိုမကြည့်ဘဲ နေချင်သည်။ သူနှင့်အကြည့်ချင်းမဆုံချင်ပဲရှိသည်။ သူ၏ ရဲရဲစူးစူးနိုင်သည့် အကြည့်ကို မုန်းမိသည်လည်း အမှန်ပင်။

သို့ပေမဲ့ သူ၏မျက်နှာသည် ခင်ခင်ကြီးမြင်ဖူးခဲ့သမျှ ယောက်ျားကလေးများ၏ မျက်နှာထဲတွင် အချောမောဆုံးပဲ ထင်သည်။ သူ၏မျက်ဝန်းသည် တောက်ပသည်။ သူ၏အကြည့်ကလည်း အင်အားတစ်ရပ်၊ သတ္တိတစ်မျိုး ပါဝင်သည်ဟု ထင်ရသည်။ ညို့ငင်ဆွဲဆောင်ခြင်းတစ်မျိုးဖြင့် ခင်ခင်ကြီးအား ဆွဲဆောင်နေသည်။

သည်တော့လည်း သူ့ကိုပြန်မကြည့်ဘဲ မနေနိုင်။ သူ့အကြည့်ကို မတုံ့ပြန်ဘဲ မနေနိုင်။ သူနှင့် အကြည့်ချင်းဆုံမိလေတော့လည်း ရင်ထဲမှာ ဝေဒနာတစ်ရပ်ကို ခံစားရသည့်နှယ်ရှိပါ၏။ ယင်းဝေဒနာမှာ ခင်ခင်ကြီး၏ တစ်သက်တာတွင် ပထမဆုံးအကြိမ် ခံစားရသော ဝေဒနာပင်ဖြစ်သည်။ ရင်မှာ နွေးထွေးရသည်လား၊ စိမ့်အေးရသည်လား မခွဲခြားတတ်နိုင်။

ထိုသူသည် ကိုကို့ကိုကပ်၍ တစ်စုံတစ်ခု မေးမြန်းသည်။ ကိုကိုက ခေါင်းညိတ်ပြသည်ကို မြင်ရသည်။

ကုန်းဘောင်ချပေးသည်။ သင်္ဘောပေါ်မှ လူများဆင်းလာနိုင်သည်။

ကိုကိုသည် သင်္ဘောပေါ်မှဆင်းလာသည်။ ကိုကို့နောက်မှာ ခင်ခင်ကြီးအား စူးစိုက်ကြည့်လေသူပါလာသည်။ သို့ရာတွင် မကြာမီမှာပင် ထိုသူသည် လူအများ၏အကြားမှာ ရောနှောပျောက်ကွယ်သွားလေသည်။

ခင်ခင်ကြီးနှင့် မေမေက ကိုကို့အား ဝမ်းသာအားရ ဆီးကြိုသည်။ ပွေ့ဖက်လှုပ်ယမ်းကြသည်။

"ကိုကို ဝလာတယ်နော်။ အသားလည်း နည်းနည်းညိုသွားတယ်"

ခင်ခင်ကြီးသည် ကိုကို၏ အပြောင်းအလဲများ အနက် အလွယ်တကူ သတိပြုမိသောအရာကို ပြောကြားမိသည်။

"တစ်နှစ်သာခွဲ ရသေးတယ်။ ညီမလေးကလည်း အပျိုကြီးဖားဖားဖြစ်လာတော့တာပဲနော် မေမေ"

ကိုကိုက ရယ်မောရင်း ဆိုသည်။

ယင်းအချိန်တွင် ဖေဖေသည် ခင်ခင်ကြီးတို့အပါးမှာ မရှိတော့။ မော်တော်ကားဆီသို့ လျှောက်သွားကြောင်း တွေ့ရသည်။ ခင်ခင်ကြီးတို့လည်း မော်တော်ကားရှိရာသို့ လာခဲ့ကြသည်။

"ဖေဖေကတော့ ထုံးစံအတိုင်း ကျွန်တော့်ကို မကျေနပ်ပြန်ဘူးထင်တယ် မေမေ"

လမ်းတွင် ကိုကိုပြောသည်။

"ဘယ်ကျေနပ်ပါ့မလဲ၊ သားက ဒုတိယတန်းစီးလာတာကိုး။ ပထမတန်းစီးဖို့ ငွေပို့ခဲ့ရက်သားနဲ့ ဘာဖြစ်လို့ ဒုတိယတန်းစီးလာရတာလဲ သားရယ်"

မေမေက ညည်းညူသလို ဆိုသည်။

"ဒါတော့ မေမေရယ်၊ ခရီးသွားတာပဲဟာ၊ လိုအပ်တဲ့နေရာကိုရောက်ရင် ပြီးရောပေါ့။ ဘာဖြစ်လို့ ငွေပိုအကုန်ခံမှာလဲ။ ဒုတိယတန်းကလည်း မဆိုးပါဘူး။ သက်သောင့်သက်သာ စီးရပါတယ်။ ပြီးတော့ မျက်နှာဖြူတွေနဲ့ရောပြီး စီးချင်စိတ်လည်း မရှိဘူး မေမေ။ ကိုယ့်ပိုက်ဆံနဲ့ကိုယ်စီးတာတောင် သူတို့က ပထမတန်းမှာ ကျွန်တော်တို့လူမျိုးတွေ စီးတာကို မကျေနပ်ကြသလိုပဲ"

"နောက်တစ်ခု ရှိသေးတယ်သား"

"ဘာလဲ မေမေ"

"သားနဲ့ မောင်မောင်ဦးတို့ အတူတူစီးလာကြပြီး တစ်ယောက်ကိုတစ်ယောက် ခေါ်ခေါ်ပြောပြောနေကြတာကိုလည်း မင့်ဖေဖေက သဘောကျဟန် မတူဘူးကွယ်"

မေမေ့စကားကို ကိုကိုက ရယ်ပစ်လိုက်သည်။

"အဲဒါကို ကျွန်တော် သတိထားမိပါတယ်မေမေ၊ ကျွန်တော်လည်း အစကတော့ သူနဲ့ကင်းကင်းနေမလို့ပါဘဲ၊ သူနဲ့က တစ်ကျောင်းတည်း၊ တစ်တန်းတည်း အတူနေကြတာဆိုတော့ ရှောင်လို့ဘယ်ရမလဲ။ ဒါပေမဲ့ မောင်မောင်ဦးဟာ သူ့အဖေလို ဟုတ်ဟန်မတူပါဘူး။ လူကောင်းကလေး တစ်ယောက်ပါ"

သည်တော့မှပင် ခင်ခင်ကြီးသည် ကိုကို့နံဘေးမှာပါလာသူကို မောင်မောင်ဦးဖြစ်ကြောင်း သိရသည်။ ဦးကောင်းမိုး၏သားဟု သတိထားမိသည်။

ကားဆီသို့ရောက်လာကြသည်။ ကားပေါ်တွင် ဖေဖေရောက်နှင့်နေလေပြီ။

ယင်းအခိုက် ခင်ခင်ကြီးတို့အပါးမှ မြင်းရထားတစ်စီး ဖြတ်မောင်းသွားသည်။ မြင်းရထားပေါ်တွင် ဦးကောင်းမိုးတို့သားအဖတစ်သိုက် ပါသွားသည်။

**ဆက်လက်ဖော်ပြပါမည်။**

ဆရာမောင်သိန်းဆိုင်၏ "ရေနံ့သာ ခင်ခင်ကြီး" စာအုပ်အား စာရေးသူ၏ မိသားစု ခွင့်ပြုချက်ဖြင့် ကူးယူဖော် ပြခြင်းဖြစ်ပါသည်။ **စာတည်း**

## ယင်းမာပင်ခရိုင်အတွင်း စိုက်ပျိုးရေးသွင်းအားစုများပေးအပ်

**မုံရွာ စက်တင်ဘာ ၁၃**
စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်အတွင်းရှိ ဒေသခံတောင်သူများထံ စိုက်ပျိုးရေးသွင်းအားစုများ ပေးအပ်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ဆားလင်းကြီးမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး ငွေသာခန်းမ၌ ကျင်းပသည်။

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်က ဒေသခံတောင်သူများအနေဖြင့် မိုးစပါးတစ်ဧကတင်း ၁၀၀ အထိထွက်ရှိရေး၊ ချည်မျှင်ရှည်ဝါများ တိုးချဲ့စိုက်ပျိုးကာ ယခင်အထွက်နှုန်းထက် နှစ်ဆတိုးထွက်ရှိစေရန်၊ တောင်သူများဘဝ တိုးတက်မြင့်မားလာစေရေးနှင့် ဝင်ငွေများ တိုးတက်စေရန် ရည်ရွယ်၍ စိုက်ပျိုးရေးသွင်းအားစုများပေးအပ်ရခြင်း ဖြစ်ကြောင်း ပြောကြားပြီး ဒေသခံတောင်သူများထံ စိုက်ပျိုးရေးသွင်းအားစုများ ပေးအပ်ကာ ဒေသခံတောင်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ပုလဲမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး ပုလဲရတနာခန်းမနှင့် ယင်းမာပင်မြို့နယ်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသော ယင်းမာပင်မြို့နယ်အတွင်းရှိ ဒေသခံတောင်သူများထံ စိုက်ပျိုးရေးသွင်းအားစုများ ပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ပြီး ဒေသခံတောင်သူများထံ စိုက်ပျိုးရေးသွင်းအားစုများအား အသီးသီးပေးအပ်သည်။

အဆိုပါ ဆားလင်းကြီးမြို့နယ်၊ ပုလဲမြို့နယ်နှင့် ယင်းမာပင်မြို့နယ်တို့ရှိ ဒေသခံတောင်သူများထံ စိုက်ပျိုးရေးသွင်းအားစုပစ္စည်းများဖြစ်သည့် ဓာမဏီကွန်ပေါင်းဓာတ်မြေဩဇာအိတ် ၁၅၀၊ ရွက်ဖျန်း အားဆေးအိတ် ၃၀၀၊ ကောမတ်ဂျစ်ပ်ဆမ်မြေဩဇာအိတ် ၁၅၀၊ EM တစ်လီတာဘူး ၃၀၀၊ ရွှေတောင် ၈ မျိုးသန့်ချည်မျှင်ရှည်ဝါမျိုးစေ့ သုံးပိဿာဝင်အိတ် ၂၁၀၊ ဆေးဖျန်းပုံး ကိုးပုံးတို့အား ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**







## မိုးစပါးစိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲ ကျင်းပ

**ဘားအံ စက်တင်ဘာ ၁၃**
ကောက်စိုက်စက်ဖြင့် မိုးစပါး စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲကို ယမန်နေ့နံနက်ပိုင်းက ဘားအံမြို့နယ်ဖဲကတာကျေးရွာတောင်သူ ဦးစိုးဝင်း၏ ဆင်းသုခမိုးစပါး မျိုးစေ့ထုတ် ခြောက်ဧကစိုက်ခင်း၌ ကျင်းပသည်။

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ် တရားလွှတ်တော် တရားသူကြီးချုပ် ဦးသိန်းကိုကို၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျေးရွာအုပ်စုကိုးအုပ်စုမှ တောင်သူကိုယ်စားလှယ်များ တက်ရောက် လေ့လာခဲ့ကြပြီး ကူဘိုတာ ခြောက်တန်းသွား ကောက်စိုက်စက်နှစ်စီးဖြင့် စိုက်ပျိုး သရုပ်ပြသခြင်းကို ကြည့်ရှု အားပေးခဲ့ကြသည်။

**ရွေးချယ်စိုက်ပျိုး**

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကော့ဂွန်း (ဖဲကတာ) ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံး၌ ရေကြီး နစ်မြုပ်ပျက်စီးသွားသော မိုးစပါး စိုက် တောင်သူများအတွက် မြေဩဇာနှင့် ပိုးသတ်ဆေးများ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်ပြီး တစ်ဧကအထွက်နှုန်း တိုးတက် ကောင်းမွန်အောင် စိုက်ပျိုးလုပ်ကိုင်ကြရန်၊ သီးထပ် သီးညှပ် စိုက်ပျိုးလုပ်ကိုင်ကြရန်နှင့် ဈေးကွက်ရှိသည့် သီးနှံများကို ရွေးချယ်စိုက်ပျိုးကြရန် ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်စီးပွားရေးရာဝန်ကြီး ဦးစောခင်မောင်မြင့်တို့က တောင်သူကုန်း၊ ဓာသပြင်အရှေ့၊ ဓာသပြင်အနောက်၊ ကော့သင်း၊ ကော့လမု၊ ကျုံဖဲ၊ ခရားအတွင်း အစရှိသည့် ကျေးရွာအုပ်စုကိုးအုပ်စုမှ တောင်သူများ၏ ရေကြီးနစ်မြုပ်ပျက်စီးသည့် မိုးစပါးစိုက်ဧက ၆၀၈ ဧကအတွက် မြေဩဇာနှင့် ပိုးသတ်ဆေးများ ထောက်ပံ့ပေးအပ်ခဲ့ကြသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ပရဟိတအသင်းသို့ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်

**မြစ်ကြီးနား စက်တင်ဘာ ၁၃**
မြစ်ကြီးနားမြို့ မင်းရပ်ဗဟိုဗလီ၌ အကျိုးဆောင် မွတ်စလင် လူငယ်ပရဟိတအသင်းအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခြင်းနှင့် IDPs စခန်းများသို့ ရိက္ခာခြောက်များ ထောက်ပံ့ပေးအပ်ခြင်းကို ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် မြစ်ကြီးနားမြို့၌ ကွင်းဆင်းဆောင်ရွက်သည်။

ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ မြစ်ကြီးနားမြို့ မင်းရပ်ရပ်ကွက်ရှိ မင်းရပ်ဗဟိုဗလီ၌ ဘာသာရေးခေါင်းဆောင်များ၊ အကျိုးဆောင် မွတ်စလင်လူငယ်ပရဟိတအသင်းတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြသည့်အတွက် မှတ်တမ်းတင်ကျေးဇူးတင်ရှိကြောင်း၊ မိမိတို့အနေဖြင့်လည်း လိုအပ်သည့် ပံ့ပိုးကူညီမှုများကို အဆက်မပြတ် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်းပြောကြားပြီး အသင်းအတွက် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးသုံးပစ္စည်းများနှင့် ထောက်ပံ့ငွေများကို ထောက်ပံ့ပေးအပ်သည်။

**အားပေးစကားပြောကြား**

ထို့နောက် မြစ်ကြီးနားမြို့ လယ်ကုန်းရပ်ကွက်ရှိ ဇီးအွန် IDPs စခန်း၌ နေရပ်စွန့်ခွာ အိမ်ထောင်စုများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့ကာ စခန်းနေမိသားစုများအတွက် နေထိုင်စားသောက်မှုအထောက်အကူဖြစ်စေရေး ခေါက်ဆွဲခြောက်ဖာများကို ထောက်ပံ့ပေးအပ်ခဲ့ကြပြီး ထိုမှတစ်ဆင့် ဂျာမိုင်ကောင်း IDPs စခန်းသို့ဆက်လက်သွားရောက်ခဲ့ပြီး စခန်းနေမိသားစုများအား အားပေးစကားပြောကြားခဲ့ကာ စခန်းအတွက် ခေါက်ဆွဲခြောက်ဖာများကို ထောက်ပံ့ပေးအပ်ခဲ့ကြပြီး စခန်းအတွင်းရှိ ပြည်သူများ၏ တင်ပြချက်များနှင့်စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။



**ပြည်နယ်(ပြန်/ဆက်)**




## ကျိုင်းတုံမြို့၌ ကိုဗစ်-၁၉ ရောဂါကုသရေးအတွက် အထောက်အကူဖြစ်စေရန် အောက်ဆီဂျင်အိုးများ လှူဒါန်း

**ကျိုင်းတုံ စက်တင်ဘာ ၁၃**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံပြည်သူ့ဆေးရုံကြီးနှင့် အမှတ်(၃) ခုတင် (၃၀၀) တပ်မတော်ဆေးရုံ၌ ကိုဗစ်-၁၉ ရောဂါကုသရေးလုပ်ငန်းများအတွက် အထောက်အကူဖြစ်စေရန် အောက်ဆီဂျင်အိုးများ ပေးအပ်လှူဒါန်းပွဲကို ယနေ့မွန်းလွဲပိုင်းက ကျိုင်းတုံပြည်သူ့ဆေးရုံကြီး၌ ပြုလုပ်သည်။

ရှေးဦးစွာ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မျိုးမင်းထွန်းက ကိုဗစ်-၁၉ အတည်ပြုလူနာများကုသပေးရာတွင် အထောက်အကူဖြစ်စေရန် အောက်ဆီဂျင်အိုးများ ပေးအပ်လှူဒါန်းရခြင်းဖြစ်ကြောင်း ပြောကြားပြီး ကျိုင်းတုံပြည်သူ့ဆေးရုံကြီးအတွက် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၅၀၊ အမှတ်(၃) ခုတင် (၃၀၀) တပ်မတော်ဆေးရုံအတွက် လီတာ ၄၀ ဆံ့ အောက်ဆီဂျင်အိုး အလုံး ၅၀ ပေးအပ်လှူဒါန်းကာ ကျန်းမာရေးဝန်ထမ်းများအတွက် ကြက်ဥအလုံး ၁၀၀၀ ချီးမြှင့်ထောက်ပံ့ပေးသည်။

**ထောက်ပံ့**

ယင်းနောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးကော်မတီမှ ကျိုင်းတုံမြို့နယ်အတွင်း Positive Center များနှင့် Quarantine Center များတွင် တာဝန်ထမ်းဆောင်နေသော ကျန်းမာရေးဝန်ထမ်းများအတွက် ခေါက်ဆွဲခြောက်၊ ဆီ၊ ငါးသေတ္တာဘူးများ ထောက်ပံ့ပေးခဲ့ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

■




## အများသိစေရန်

ကျွန်မ ဒေါ်မေအေးမွန် ပိုင်ဆိုင်သော ဘောင်အမှတ် KMJWAH7JP8U040771 ကားအမျိုးအစား HYUNDAI GRAND STAREX (MINI BUS 4X2) ဆေးအရောင် WHITE/ BLUE ၁၁ယောက်စီးကား၏ ကားနံပါတ် 6N/9216 ၏ ကားနံပါတ်ပြားမှာ (၁၀-၉-၂၀၂၁)ရက် ညအချိန် သိမ်ဖြူလမ်းတွင် ညအိပ်ရပ်နားထားစဉ် ဖြုတ်ယူခိုးယူခြင်းခံခဲ့ရပါသည်။ ၎င်းနံပါတ်ပြားကို အခြားကားတစ်စီးစီးတွင် တပ်ဆင်အသုံးပြုမှုရှိခဲ့ပါက ကျွန်မဒေါ်မေအေးမွန်မှ ကျွန်မနှင့်သက်ဆိုင်မှုမရှိပါကြောင်းနှင့် တာဝန်ယူမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မေအေးမွန်**
**[၁၂/ပဇတ(နိုင်)၀၀၃၃၆၄]**

## အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ သုံးတောင်ကျေးရွာအုပ်စု၊ ကျောက်ဖျာဒိုးကျေးရွာ၊ ကွင်းအမှတ်(၆၅၂-က)၊ ဦးပိုင်အမှတ်(၂၃/၂၅.က)၊ မြေယာအမှတ်(၄၈/၉၄.၄၀/၈၇)၊ ဧရိယာ(၇.၂၄)ဧကအား ဦးဟန်ဝင်းအောင်(ဘ) ဦးမောင်တင် [၉/နထက(နိုင်)၁၀၂၄၅၆]၊ အမှတ်(င/၁၀၂-၁၀၃)၊ နဝရတ်လမ်းသွယ်(၃)လမ်း၊ ရကက (၁၀)၊ ပြင်ဦးလွင်မြို့မှ ပိုင်ဆိုင်ပြီး ၎င်းမြေအား ဦးဟန်ဝင်းအောင်မှ ရောင်းချပိုင်ခွင့်နှင့်အညီ ကျွန်ုပ်အား မြေကွက်တစ်စိတ်တစ်ပိုင်းဖြစ်သော BB.5,BB.6,BB.7 မြေကွက်များအား ရောင်းချရာ ကျွန်ုပ်မှဝယ်ယူပြီး စရန်ငွေတစ်စိတ်တစ်ဒေသများအား ပေးချေထားပြီးဖြစ်ပါသည်။ ၎င်းမြေနှင့်ပတ်သက်ပြီး ရောင်းဝယ်ခြင်းအား ကန့်ကွက်မည့်သူများရှိပါက(၇)ရက်အတွင်း မည်သူမဆို စာရွက်စာတမ်းမူရင်း အချက်အလက် အပြည့်အစုံဖြင့် လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ကျော်လွန်ပါက ဥပဒေနှင့်အညီ အပြီးအပိုင်ငွေချေ၍ မြေကွက်များအား လက်ရောက် လွှဲပြောင်းရယူသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မျိုးမျိုးဇင်**
**အမှတ်(၄/၂)၊ နှင်းဆီလမ်း၊ ရကက(၁၀)**
**ပြင်ဦးလွင်**
**ဖုန်း-၀၉-၄၀၈၅၈၇၉၁၃**

### ❖ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲမှ

ယခုပြိုင်ပွဲမှာ ၂၀၂၀ ပြည့်နှစ်က ကျင်းပနိုင်ခြင်းမရှိသည့် ပြိုင်ပွဲအား ယခုနှစ်တွင် ပြန်လည်ကျင်းပခြင်းဖြစ်ပြီး ၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲအမည်ဖြင့်သာ ပြုလုပ်သွားမည်ဖြစ်သည်။ အုပ်စုမဲခွဲပွဲကို ဩဂုတ် ၁၀ ရက်က ပြုလုပ်ရန် စီစဉ်ထားသော်လည်း ကပ်ရောဂါကြောင့် ယခုလသို့ ရွှေ့ဆိုင်းထားရခြင်းဖြစ်သည်။ ပြိုင်ပွဲကို တစ်နှစ်နောက်ဆုတ်ကာ ယခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ပြန်လည်ပြုလုပ်သွားမည်ဖြစ်ပြီး ကပ်ရောဂါအခြေအနေကြောင့် အိမ်ရှင်နိုင်ငံရွေးချယ်၍ ပြုလုပ်သွားမည်ဖြစ်သည်။

**စုစုပေါင်း ၁၀ သင်းဖြင့် ကျင်းပသွားမည်**

ယခုပြိုင်ပွဲ နောက်ဆုံးအဆင့်တွင် အသင်းစုစုပေါင်း ၁၀ သင်းဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ငါးသင်းနှစ်အုပ်စုခွဲ၍ ပြုလုပ်သွားမည်ဖြစ်သည်။ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲမှာ အရှေ့တောင်အာရှဒေသတွင်း လက်ရွေးစင်အသင်းများအတွက် အဆင့်မြင့်ဆုံးပြိုင်ပွဲဖြစ်ပြီး ဆုကြေးငွေမြင့်မားသည့် ပြိုင်ပွဲလည်းဖြစ်သည်။ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ၁၉၉၆ ခုနှစ်မှစ၍ နှစ်နှစ်တစ်ကြိမ် ပုံမှန်ကျင်းပခဲ့ပြီး ၂၀၂၀ ပြိုင်ပွဲမှသာ ကပ်ရောဂါကြောင့် တစ်နှစ်နောက်ဆုတ်ခဲ့ရခြင်းဖြစ်သည်။

မြန်မာအသင်းသည် ကျင်းပပြီးစီးခဲ့သည့် ၁၂ ကြိမ်စလုံး နောက်ဆုံးအဆင့်တွင် ယှဉ်ပြိုင်ခွင့်ရခဲ့ပြီး လာမည့်ပြိုင်ပွဲတွင်လည်း ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာအသင်းသည် ယင်းပြိုင်ပွဲတွင် ဗိုလ်လုပွဲသို့ တက်ရောက်ဖူးခြင်းမရှိသေးဘဲ ဆီမီးဖိုင်နယ်အဆင့်သာ အမြင့်ဆုံးတက်ရောက်နိုင်ခဲ့သည်။

**ကိုညီလေး**

### ❒ ရုရှားတင်းနစ်ကစားသမားမှ

အသက် ၂၅ နှစ်အရွယ်ရှိ ရုရှားပရော်ဖက်ရှင်နယ် တင်းနစ်ကစားသမား ဒန်နီယယ်မက်ဗီဒက်ဗ်ဟာ ယခင်က ဂရန်းဆလမ်းဗိုလ်လုပွဲ နှစ်ကြိမ်တက်လှမ်းနိုင်ခဲ့ပြီး အဲဒီနှစ်ကြိမ်စလုံးမှာ ရှုံးနိမ့်ခဲ့ပေမယ့် အခုအမေရိကန်အိုးပင်း တင်းနစ်ပြိုင်ပွဲရဲ့ နောက်ဆုံးဗိုလ်လုပွဲမှာတော့ ကမ္ဘာ့နံပါတ်တစ် တင်းနစ်ကစားသမား ဂျိုကိုဗစ်ကို ၆-၄၊ ၆-၄၊ ၆-၄ နဲ့ အနိုင်ရပြီး ဂရန်းဆလမ်းဆုဖလားကို ပထမဆုံးအကြိမ်ရယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

ကမ္ဘာ့နံပါတ်တစ်တင်းနစ်ကစားသမား ဂျိုကိုဗစ်ဟာ ယခုနှစ်အတွင်းမှာ ဂရန်းဆလမ်းပြိုင်ပွဲ လေးခုအနက် ဩစတြေးလျအိုးပင်း၊ ပြင်သစ်အိုးပင်းနဲ့ ဝင်ဘယ်ဒန်ပြိုင်ပွဲတို့မှာ ချန်ပီယံဖြစ်ထားခဲ့တာဖြစ်ပြီး တစ်နှစ်အတွင်း ဂရန်းဆလမ်းဆုဖလား လေးခုစလုံးကို သိမ်းပိုက်နိုင်ဖို့ မျှော်လင့်ထားတာဖြစ်ပါတယ်။

ဒါ့အပြင် အသက် ၃၄ နှစ်အရွယ်ရှိ ဆားဘီးယားတင်းနစ် အကျော်အမော်ဂျိုကိုဗစ်ဟာ တင်းနစ်ကစားသမားဘဝ တစ်လျှောက်မှာ ဂရန်းဆလမ်းဆုဖလားကို အကြိမ် ၂၀ ရယူဆွတ်ခူးထားနိုင်ခဲ့တာကြောင့် ၂၁ ကြိမ်မြောက် ဂရန်းဆလမ်းဆုဖလားကို သိမ်းပိုက်နိုင်မယ်လို့ ရေပန်းစားနေတာ ဖြစ်ပေမယ့် ဒန်နီယယ် မက်ဗီဒက်ဗ်ကို ရှုံးနိမ့်ခဲ့တာကြောင့် ဂျိုကိုဗစ်ရဲ့ ၂၁ ကြိမ်မြောက်ဂရန်းဆလမ်းဆုဖလားရရှိရေး မျှော်လင့်ချက် ပျက်ခဲ့ရတာဖြစ်ပါတယ်။

**ငွေကြယ်**

IMMIGRATION

## ပြည်သူ့အတွက် ပန်းခင်း စီမံချက်

- ❖ လက်ရှိဇာတိဒေသတွင် အမြဲတမ်းနေထိုင်၍ အိမ်ထောင်စုလူဦးရေစာရင်းရှိပြီး ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊
- ❖ လက်ရှိဇာတိဒေသတွင် အမြဲတမ်းနေထိုင်၍ အိမ်ထောင်စု လူဦးရေစာရင်းမရှိ၊ ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊
- ❖ ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စုလူဦးရေ စာရင်းရှိသော်လည်း လက်ရှိဒေသတွင် ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊
- ❖ ရွှေ့ပြောင်းနေထိုင်သူများအတွက် မူလဒေသတွင် အိမ်ထောင်စုလူဦးရေ စာရင်းနှင့် ကိုင်ဆောင်လက်မှတ်မရှိ၊ လက်ရှိဒေသတွင်လည်း အိမ်ထောင်စု လူဦးရေစာရင်းနှင့် ကိုင်ဆောင်လက်မှတ်မရှိသူများအား ဆောင်ရွက်ပေးခြင်း၊

## သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
## သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း
## ပထမနှစ်သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း

၁။ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ သိပ္ပံဘွဲ့(သစ်တောပညာ) B.Sc Forestry ၊ (၅)နှစ်သင်တန်းသို့ ၂၀၂၀ ပြည့်နှစ်၊ တက္ကသိုလ်ဝင်အောင်မြင်သူများ လျှောက်ထားနိုင်သည်။

၂။ အမျိုးသားဦးရေ (၄၈) ဦးနှင့် အမျိုးသမီးဦးရေ (၁၂) ဦး၊ စုစုပေါင်း (၆၀)ဦး လက်ခံမည်။

၃။ လျှောက်ထားသူသည်-

(က) တက္ကသိုလ်ဝင်ခွင့် လျှောက်ထားချိန်၌ တည်ဆဲနိုင်ငံသားဖြစ်မှု ဥပဒေနှင့်ကိုက်ညီသော နိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်ဝင်ခွင့်စာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ သင်္ချာ၊ ရူပဗေဒ၊ ဓာတုဗေဒ၊ ဇီဝဗေဒဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ပြီး တက္ကသိုလ်ဝင်စာမေးပွဲတွင် စုစုပေါင်းရမှတ်(၃၆၀)မှတ်နှင့်အထက် ရရှိသူဖြစ်ရမည်။

(ဂ) တက္ကသိုလ်ဝင်ခွင့်ရရှိပါက သက်ဆိုင်ရာဘာသာရပ်များနှင့်ပတ်သက်၍ လက်တွေ့ကွင်းဆင်းလေ့လာခြင်း ဆောင်ရွက်ရမည်ဖြစ်သဖြင့် တက္ကသိုလ်ဝင်ခွင့် ပဏာမရွေးချယ်ခံရသူများအနေဖြင့် သစ်တောနှင့် ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်းတွင် မိုင် (၂၀) လမ်းလျှောက်စွမ်းရည် စစ်ဆေးခြင်းခံယူရမည်။

(ဃ) သက်ဆိုင်ရာတက္ကသိုလ်၊ တိုက်နယ်ဆေးရုံ၌ ကျန်းမာရေးစစ်ဆေးခြင်းနှင့် အရောင်များအား ခွဲခြားနိုင်ခြင်း ရှိ/ မရှိ(Colour Blind Test) မျက်စိရောဂါ စစ်ဆေးခြင်းခံယူရမည်။

၄။ ဝင်ခွင့်လျှောက်လွှာကို မိမိအစီအစဉ်ဖြင့် (A-4 Size)စာရွက်တွင် ကွန်ပျူတာစာစီရိုက်နှိပ်ပြီး လျှောက်ထားနိုင်ပါသည်။

၅။ ဝင်ခွင့်လျှောက်လွှာနှင့်အတူ အောက်ဖော်ပြပါအထောက်အထားများ ပူးတွဲတင်ပြရမည်-

(က) တက္ကသိုလ်ဝင် စာမေးပွဲအောင်မြင်ကြောင်း သက်ဆိုင်ရာကျောင်းအုပ်ကြီး၏ ထောက်ခံချက်**(မိတ္တူ)** (ကျောင်းအပ်နှံချိန်တွင် မူရင်းတင်ပြရမည်။)

(ခ) ၂၀၂၀ ပြည့်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင် အမှတ်စာရင်း**(မိတ္တူ)**(ကျောင်းအပ်နှံချိန်တွင် မူရင်းတင်ပြရမည်။)

(ဂ) ပြစ်မှု/ပြစ်ဒဏ်ကင်းရှင်းကြောင်းနှင့် အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာရဲစခန်း သို့မဟုတ် ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူး၏ ထောက်ခံချက် **(မူရင်း)**

(ဃ) လျှောက်ထားသူ၏ နိုင်ငံသားစိစစ်ရေးကတ်**(မိတ္တူ)**နှင့် မိဘနှစ်ပါးတို့၏ နိုင်ငံသားစိစစ်ရေးကတ် **(မိတ္တူ)**

(င) လိုင်စင်ဓာတ်ပုံ (၄)ပုံ

၆။ လျှောက်လွှာကို အမှတ်စဉ်(၅)ပါ အထောက်အထားများနှင့်အတူ ၂၉-၁၀-၂၀၂၁ (သောကြာနေ့) နောက်ဆုံးထား၍ သင်တန်းရေးရာဌာန၊ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာ တက္ကသိုလ်၊ ဇေယျာသီရိမြို့နယ်၊ ၊ နေပြည်တော်သို့ လိပ်မူ၍ တိုက်ရိုက်ပေးပို့လျှောက်ထားရမည်။

၇။ အချက်အလက်များ မှန်ကန်မှုမရှိပါက ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၈။ ပဏာမရွေးချယ်ခံရသူများစာရင်းနှင့် ကျောင်းဖွင့်မည့်အချိန်ကို ထပ်မံအသိပေးကြေညာမည်ဖြစ်သည်။

၉။ အကယ်၍ သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်သို့ ဝင်ခွင့်မရရှိပါက တက္ကသိုလ်ဝင်ခွင့် ဆုံးရှုံးမှုမဖြစ်စေရန်အတွက် တက္ကသိုလ်ဝင်ခွင့်စိစစ်ရွေးချယ်ရေးအဖွဲ့က ကြေညာသတ်မှတ်ထားသော နည်းလမ်းအတိုင်း တက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်ဖြင့် အခြားတက္ကသိုလ်များသို့လည်း လျှောက်ထားရန် လိုအပ်မည်ဖြစ်သည်။

၁၀။ အသေးစိတ်စုံစမ်းမေးမြန်းလိုပါက ဖုန်း- ၀၆၇-၃၄၁၆၅၁၉ သို့မဟုတ် Email လိပ်စာ **registrar@ufes.edu.mm** သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

### လျှောက်လွှာနမူနာပုံစံ
### သစ်တောနှင့်ပတ်ဝန်းကျင်ဆိုင်ရာတက္ကသိုလ်၊ ရေဆင်း
### ဘွဲ့ကြိုပထမနှစ်ဝင်ခွင့်လျှောက်လွှာ
### (၂၀၂၀ ပြည့်နှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများအတွက်သာ)

ဓာတ်ပုံ
တစ်ပုံကပ်
သုံးပုံပူးတွဲ

၁။ အမည်(အပြည့်အစုံ) ------------------နိုင်ငံသားစိစစ်ရေးကတ်အမှတ် -----------

၂။ မွေးသက္ကရာဇ်(ရက်၊ လ၊ ခုနှစ်) -----------------------------------

၃။ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ခုံအမှတ် ------------- ခုနှစ် -----------

စာစစ်ဌာန ---------------------------

၄။ လူမျိုး ------------------- ကိုးကွယ်သည့်ဘာသာ-------------------

၅။ အမြဲနေထိုင်သောလိပ်စာနှင့်တယ်လီဖုန်းနံပါတ်-----------------------------

---------------------------------------------------

၆။ ဆက်သွယ်ရန်လိပ်စာနှင့်တယ်လီဖုန်းနံပါတ်-----------------------------

---------------------------------------------------

၇။ ဖခင်အမည်------------------ နိုင်ငံသားစိစစ်ရေးကတ်အမှတ်-------------

အလုပ်အကိုင်---------------------------------------------

အမိအမည်--------------------နိုင်ငံသားစိစစ်ရေးကတ်အမှတ်-------------

အလုပ်အကိုင်---------------------------------------------

၈။ ဝန်ခံချက်

အထက်ဖော်ပြပါ အချက်အလက်များ မှန်ကန်ပါသည်။

ရက်စွဲ။ ------------------ --------------

လျှောက်ထားသူ၏လက်မှတ်

အထက်ဖော်ပြပါ အချက်အလက်များ မှန်ကန်ပါသည်။

ရက်စွဲ။ ------------------ --------------

မိဘ/ အုပ်ထိန်းသူလက်မှတ်

## သစ်ပင်စိုက်မှ အရိပ်ရ၏
## ရိပ်ခိုနားနေ အပန်းဖြေ၏

**တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံ**
**အင်ဂျင်နီယာသင်တန်းသားများ**
**အလိုရှိသည်**

၁။ လျှောက်ထားသူသည်-

(က) **၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁** ရက်နေ့တွင် အသက် ၁၆ နှစ်အောက်မငယ်ရ၊ ၁၉ နှစ်ထက်မကြီးရ။

(ခ) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသား **အိမ်ထောင်မရှိဖူးသူ(လူပျို)** ဖြစ်ရမည်။

(ဂ) အနည်းဆုံးအရပ် ၅ ပေ၊ ၃ လက်မနှင့်ကိုယ်အလေးချိန်ပေါင် ၁၀၀ ထက်မနည်းရ၊ ပေါင် ၁၄၀ ထက် မကျော်ရ။

(ဃ) မျက်မှန်တပ်ဆင်ထားသူမဖြစ်စေရ။

(င) တက္ကသိုလ်ဝင်စာမေးပွဲအား သိပ္ပံဘာသာတွဲ၊ သို့မဟုတ် ဝိပ္ပံဘာသာတွဲဖြင့် အောင်မြင်သူဖြစ်ရမည်။

၂။ လျှောက်လွှာများကို မိမိတို့နှင့်နီးစပ်ရာတိုင်းစစ်ဌာနချုပ်များတွင် အခမဲ့ရယူပြီး **၁၀-၉-၂၀၂၁** ရက်နေ့မှ စတင်၍ **၃-၁၂-၂၀၂၁** ရက်နေ့ထိ နောက်ဆုံးထား လျှောက်ထားနိုင်သည်။

၃။ လျှောက်လွှာနှင့်အတူ အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်/တိုင်းဒေသကြီး/မြို့နယ်ရဲတပ်ဖွဲ့စခန်း တစ်ခုခုမှ ထောက်ခံစာ(မူရင်း)နှင့် ၁ လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ ၃ ပုံကို ပူးတွဲတင်ပြရမည်။

၄။ သတ်မှတ်ချက်နှင့်ပြည့်စုံသူများသည် အရည်အချင်းစစ်စာမေးပွဲကို တက္ကသိုလ်ဝင်စာမေးပွဲသင်ရိုးညွှန်းတမ်းအတိုင်း အောက်ပါဘာသာရပ်များကို ဖြေဆိုကြရမည်ဖြစ်သည်-

(က) **အင်္ဂလိပ်စာ**။ နံနက် ၉ နာရီမှ ၁၁ နာရီထိ။

(ခ) **သင်္ချာ** ။ နေ့လယ် ၁ နာရီမှ ၃ နာရီထိ။

၅။ ဖြေဆိုမည့်သင်တန်းသားများသည် တိုင်းစစ်ဌာနချုပ်များသို့ **၂၀၂၁ ခုနှစ်၊ နိုဝင်ဘာလ ၂၉ ရက်နေ့မှ ဒီဇင်ဘာလ ၃ ရက်နေ့အတွင်း** သတင်းပို့ရမည်ဖြစ်ပြီး တိုင်းစစ်ဌာနချုပ်များမှ **ဒီဇင်ဘာလ ၆ ရက်နေ့အရောက် ကျောင်းသို့ပို့ဆောင်ပေးရမည်** ဖြစ်သည်၊

၆။ အရည်အချင်းစစ်စာမေးပွဲကို တပ်မတော်ကွန်ပျူတာနှင့်နည်းပညာသိပ္ပံတွင် **၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာလ ၂၁ ရက်နေ့တွင်** ဖြေဆိုကြရမည်ဖြစ်ပါသည်။

၇။ အရည်အချင်းစစ်စာမေးပွဲအောင်စာရင်းအား **၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၄ ရက်နေ့တွင်** ထုတ်ပြန်ပေးမည်ဖြစ်ပြီး အောင်မြင်သူများသည် သင်တန်းတစ်ပါတည်းတက်ရောက်ရမည်ဖြစ်ပြီး မအောင်မြင်သူများအား တိုင်းစစ်ဌာနချုပ်များ မှတစ်ဆင့် သက်ဆိုင်ရာသို့ ပြန်လည်စေလွှတ်သွားမည်ဖြစ်သည်။

၈။ သင်တန်းကာလတွင် လစာအဖြစ် ပထမနှစ် **ကျပ် ၁၆၈၀၀၀/-** ၊ ဒုတိယနှစ် **ကျပ် ၁၇၄၀၀၀/-** ၊ တတိယနှစ် **ကျပ် ၁၈၀၀၀၀/-** ရရှိမည်။ သင်တန်းအောင်မြင်ပြီးလျှင် ရာထူးအဆင့်လိုက်သတ်မှတ်လစာနှင့်စရိတ်များ ခံစားခွင့်ရှိသည်။

၉။ သင်တန်းပြီးဆုံးပါက အောက်ပါအတိုင်းခံစားခွင့်ရှိသည်-

(က) **ဘွဲ့လက်မှတ်အပ်နှင်းခြင်း**။ အင်ဂျင်နီယာသိပ္ပံ **A.G.T.I(Diploma)** လက်မှတ်ပေးအပ်မည်။

(ခ) **တာဝန်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)လက်ရုံးဝန်ထမ်းတပ်ဖွဲ့တစ်ခုခုတွင် **ပညာသည် အကြပ်ကြီး** အဖြစ်ခန့်အပ်တာဝန်ပေးအပ်မည်။

(ဂ) **အဆင့်တိုးမြှင့်ပေးအပ်ခြင်း**။ တပ်မတော်(ကြည်း၊ ရေ၊ လေ)တပ်ဖွဲ့အလိုက် ပညာသည်စစ်သည်များ **အဆင့်အတန်းတိုးမြှင့်ရေးစည်းမျဉ်းနှင့်အညီ** ဒုတိယအရာခံဗိုလ်နှင့် အရာခံဗိုလ်အဆင့်များသို့ဆက်လက် တိုးမြှင့်ပေးရေးအတွက်ဆောင်ရွက်ပေးမည်။

(ဃ) **ပြန်တမ်းဝင်အရာရှိလျှောက်ထားခွင့်**။ ပြန်တမ်းဝင်အရာရှိအဖြစ် ခန့်အပ်နိုင်ရေးအတွက် **သတ်မှတ်ထားသည့်အချိန်နှင့်အကျုံးဝင်သည့်အချိန်တွင်** စစ်ရာထူးခန့်ချုပ်ရုံးမှလျှောက်လွှာခေါ်ယူသည့်အခါ လျှောက်ထားနိုင်သည်။

**မှတ်ချက်**။ အသေးစိတ်သိရှိလိုပါက မိမိတို့လျှောက်လွှာထုတ်ယူခဲ့သည့် တိုင်းစစ်ဌာနချုပ်များတွင် စုံစမ်းမေးမြန်းနိုင်ပါသည်။

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၀ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၀ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၀ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၁ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄.၁ | ၂၁၈ ကျင်း |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၁၆-၁၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

မူး ယစ် ကို ပစ် ပန်း တိုင် သစ် စိတ် သစ် လူ သစ် ဘဝ သစ်

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ဆေးရုံ၊ ရေတွင်း၊ ရေကန် ဒါယကာကြီး**

**ဦးအေးဝင်း**

**အသက်(၅၇)နှစ်**

ရတနာစုကုမ္ပဏီလီမိတက် မန်နေးဂျင်းဒါရိုက်တာ ဦးရဲဝင်း-ဒါရိုက်တာ Dr.ဝင်းသီတာလွင်တို့၏ ချစ်လှစွာသောအစ်ကိုဖြစ်သူ ဦးအေးဝင်း အသက်(၅၇)နှစ်သည် ၁၃-၉-၂၀၂၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ရတနာစုကုမ္ပဏီရုံးချုပ်မှ ဝန်ထမ်းများ**
**အမှတ်(၂)ရေနံဓာတ်ငွေ့ရည်စက်ရုံ(ညောင်တုန်း)မှ ဝန်ထမ်းများ**
**အမှတ်(၃)ရေနံဓာတ်ငွေ့ရည်စက်ရုံ(ညောင်တုန်း)မှ ဝန်ထမ်းများ**
**အရောင်းဆိုင်များမှ ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ဆေးရုံ၊ ရေတွင်း၊ ရေကန် ဒါယကာကြီး**

**ဦးအေးဝင်း**

**အသက်(၅၇)နှစ်**

ဦးစန်းဝင်း-ဒေါ်ဖြူဖြူဝင်း(ပြည့်စုံချမ်းသာအောင် ကုမ္ပဏီလီမိတက်)တို့၏ ချစ်လှစွာသော ညီဖြစ်သူ ဦးအေးဝင်း အသက်(၅၇)နှစ်သည် ၁၃-၉-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ပြည့်စုံချမ်းသာအောင် ကုမ္ပဏီလီမိတက်မှဝန်ထမ်းများ**
**မိုး သောက်ရေသန့်မှ ဝန်ထမ်းများ**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ဆေးရုံ၊ ရေတွင်း၊ ရေကန် ဒါယကာကြီး**

**ဦးအေးဝင်း**

**အသက်(၅၇)နှစ်**

ရတနာစုကုမ္ပဏီလီမိတက် မန်နေးဂျင်းဒါရိုက်တာ ဦးရဲဝင်း-ဒါရိုက်တာ Dr.ဝင်းသီတာလွင်တို့၏ ချစ်လှစွာသော အစ်ကိုဖြစ်သူ ဦးအေးဝင်း အသက်(၅၇)နှစ်သည် ၁၃-၉-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**(ဦးမျိုးဝေ)-ဒေါ်အေးအေးလွင်(ဦးချိုဆန်စက် မိသားစု)**
**ဦးမျိုးကျော်ကျော်ဦး-ဒေါ်နွေဦးခိုင်**
**ဦးဇော်မျိုးလွင်-ဒေါက်တာ သဇင်ဦး**
**ဦးသက်နိုင်ထွန်း-ဒေါက်တာ မြထွေးယဉ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ဆေးရုံ၊ ရေတွင်း၊ ရေကန် ဒါယကာကြီး**

**ဦးအေးဝင်း**

**အသက်(၅၇)နှစ်**

ဦးအောင်မိုးဇော်-ဒေါ်မြင့်မြင့်ဝင်းတို့၏ ချစ်လှစွာသောအစ်ကိုဖြစ်သူ ဦးအေးဝင်း အသက်(၅၇)နှစ်သည် ၁၃-၉-၂၀၂၂ ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ခိုင်ရတနာပွဲရုံမှ ဝန်ထမ်းများ**
**ချောစုဆေးဆိုင်မှ ဝန်ထမ်းများ**

### အထူးဝမ်းနည်းကြေကွဲခြင်း

**ဒေါ်မလုံးစိန်**

**အသက်(၆၅)နှစ်**

နေပြည်တော်၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာန၊ အားကစားစီမံကိန်းနှင့် သုတေသနဌာနခွဲမှ ဦးဇော်မင်းထွန်း(လက်ထောက်ညွှန်ကြားရေးမှူး)၏မိခင် ဒေါ်မလုံးစိန် အသက်(၆၅)နှစ်သည် ၁၂-၉-၂၀၂၂ ရက်တွင် ရခိုင်ပြည်နယ်၊ ရမ်းဗြဲမြို့နယ်၊ ကညင်ကောက်ကျေးရွာ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးနှင့်ဝန်ထမ်းများ**
**အားကစားစီမံကိန်းနှင့်သုတေသနဌာနခွဲ**

### ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ လိပ်ကန်လမ်း၊ အမှတ်(၆၆)၊ (၃-လွှာ)(B)၊ တိုက်မျက်နှာမူလျှင်(ညာ) တိုက်ခန်းအရောင်းအဝယ်နှင့် စပ်လျဉ်းပြီး ကန့်ကွက်နိုင်ပါသည်။

အဆိုပါ တိုက်ခန်းကို တရားဝင်ပိုင်ဆိုင်ထားသူ ဒေါက်တာ အောင်ကျော်မြတ်[၁၂/ရကန(နိုင်)၀၅၂၂၂၂]ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေတစ်ဦးက ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများ ယနေ့မှ (၁၀)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားအပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို အပြီးအပြတ် ဆက်လက်ဆောင်ရွက်မည်ဖြစ်ပါကြောင်း။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်ဘော်(လိုင်စင်-၄၀၃၅)**
**LL.B,DBL,DML,DIL,DLP,WIPO(Switzerland)**
**ဒေါ်အေးအေးစိုး(လိုင်စင်-၅၈၂၇)**
**B.Sc,Hon(IC),HGP,R.L,D.B.L.**
**တရားလွှတ်တော်ရှေ့နေများ**
**အမှတ်(၂၇)၊ (၁၂၁)လမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။**
**Tel:294766HP:09-5017044**

### ကန့်ကွက်ရန်ရှိမရှိ ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ခတ္တာလမ်း၊ မြေတိုင်းရပ်ကွက်အမှတ်(၄၁)၊ မြေကွက်အမှတ် (၁၂၈)၊ ဧရိယာ(၀.၀၅၅)ဧကရှိ နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့သည် ရန်ကုန်မြို့မြေစာရင်းတွင် ယခုရောင်းချသူ၏ခင်ပွန်း ဦးငွေစိုး(CF-၀၂၈၉၂၇) အမည်ဖြင့် မှတ်သားတည်ရှိသော နှစ်(၆၀) ဂရန်မြေကွက်ဖြစ်ပါသည်။ အမည်ပေါက်ဖြစ်သူ ခင်ပွန်း (ကွယ်လွန်)သဖြင့် တစ်ဦးတည်းသောဇနီးဖြစ်သူ ဒေါ်မြင့်မြင့်လွင် [၁၂/ဥကတ(နိုင်)၁၀၂၂၄၅] ကိုင်ဆောင်သူမှ မြန်မာ့ဓလေ့ထုံးတမ်းဥပဒေအရ အမွေဆက်ခံပိုင်ဆိုင်လာကာ အဆိုပါမြေကွက်ကို ရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း၊ အခြားနည်းတစ်ရပ်ရပ်ဖြင့် လွှဲပြောင်းထားခြင်းမရှိပါကြောင်း မိမိတစ်ဦးတည်း၌သာ ရောင်းချပိုင်ခွင့်ရှိပါကြောင်း နှစ် (၆၀) ဂရန်မူရင်းပြသ၍ ရောင်းချရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသဖြင့် ပိုင်ဆိုင်ခွင့်အရ ကန့်ကွက်လိုသူရှိပါက ခိုင်လုံသောအထောက်အထားမူရင်းများနှင့်တကွ ဤကြေညာပါသည်နေ့မှ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက လွှဲပြောင်းဝယ်ယူသည့်ကိစ္စကို နှစ်ဖက်သဘောတူညီချက်များအတိုင်း ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သက်ထားဆွိ(LL.B,D.I.L,Dip in Eng)**
**အထက်တန်းရှေ့နေ(စဉ်-၄၂၈၉၉)**
**Ph:09-972734996, 09-791454531**

### ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၂)ရပ်ကွက်၊ ပီမိုးနင်း(၃)လမ်း၊ မြေကွက်အမှတ်(၆၁၃)၊ အကျယ်အဝန်း(၄၀ ပေx ၆၀ ပေ)ရှိ ဒေါ်မြမြ[၁၂/ဒဂန(နိုင်)၀၁၈၇၉၈](ဘ)ဦးကျော်နီ(AG-105091)အမည်ပေါက် မြေချပါမစ်မူရင်းမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်လက်ဝယ်ပိုင်ဆိုင်ထားပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ပါမစ်အမည်ပေါက် ဒေါ်မြမြထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမြင့်ဦး[၁၂/လသန(နိုင်)၀၁၅၆၄၂]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စအားပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်၍ စာချုပ်ပြုလုပ်ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်တင်တင်ဌေး(LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၄၁၈၂၂)**
**အမှတ်(၄၉/၆၂၇)၊ စောခွန်ရစ်လမ်း၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉-၂၅၆၁၈၀၅၄၆**

### ဦးဇော်နိုင်ဦး

**အသက်(၅၂)နှစ်**

**ဒု-ဦးစီးမှူး M.T.O (၄)**

**ပြည်တွင်းအခွန်များဦးစီးဌာန**

ဧရာဝတီတိုင်းဒေသကြီး၊ ငါးသိုင်းချောင်းမြို့နယ်နေ (ဦးမြခင်-(ဒေါ်ခင်အေးမြင့်)တို့၏သား၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်နေ (ဦးမြင့်ဆွေ) ဘဏ်မန်နေဂျာ(ငြိမ်း)-ဒေါ်ချောချောတို့၏သားသမက်၊ ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ အမှတ် (၃၇)၊ ၃ လွှာ(B)၊ စိတ္တာသုခလမ်းနေ ဒေါ်နီလာမြထိုက် (ဦးစီးအရာရှိ) M.T.O(၁) ပြည်တွင်းအခွန်၏ခင်ပွန်း၊ ငါးသိုင်းချောင်းမြို့နယ်နေ ကိုတင်အောင်စိုး၊ မလဲ့လဲ့ကြည်တို့၏အစ်ကိုသည် ၁၀-၉-၂၀၂၂ (သောကြာနေ့) ညနေ ၆:၃၅ နာရီတွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး(ဂန္ဒီ)၌ ဘဝတစ်ပါးသို့ ပြောင်းရွှေ့ကွယ်လွန်သွားပါသဖြင့် ကြွင်းကျန်ရစ်သောရုပ်ကလပ်ကို ၁၁-၉-၂၀၂၂ ရက် နံနက် ၁၁ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်ဝေးရပ်နီးဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### သင်္ဃန်းကျွန်းမြို့နယ်၊ နှင်းဆီကုန်း(က)ရပ်ကွက်၊ စရည်းပင်လမ်းနှင့် သရဖီလမ်းထောင့်၊ အမှတ်(၄၃/က)ရှိ (၂)ခန်းတွဲ (၅)ထပ်တိုက်အဆောက်အဦ၏ (၄ လွှာ-အေ)(ခေါင်းရင်းခန်း)၊ ပေ(၁၈x၄၇)ခန့်ရှိ တိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဝယ်ယူရန်ကန့်ကွက်နိုင်ပါသည်။

အထက်ဖော်ပြပါတိုက်ခန်းကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဒေါ်နီလာဝင်း[၁၂/သဃက(နိုင်)၁၉၉၆၆၇]ထံမှ ဒေါ်သီတာလင်း[၁၄/မမန(နိုင်)၁၈၅၅၇၀]က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ ပိုင်ရေးဆိုင်ခွင့်ရှိသူများအနေဖြင့် ကန့်ကွက်လိုပါက ခိုင်မာသော စာရွက်စာတမ်းအထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဘုန်းမြင့်(ငါးသိုင်းချောင်း-Japan)(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၃၁၄၈/၁၃-၅-၁၉၈၅)**
**အမှတ်(၂၂)၊ ဝါးခယ်မလမ်း၊ စမ်းချောင်းမြို့နယ်။**
**Ph: 09-799933939, 09-789877799, 09-777797911**

## မီးဘေးရှောင်မလောင်ခင်တား

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

**ဒေါ်အေးလှိုင်**

**အသက်(၉၃)နှစ်**

မန္တလေးမြို့၊ လမ်း ၃၀ နှင့် ၈၅ လမ်းထောင့်၊ အိမ်အမှတ်(၅၉)နေ [ဦးကျော်သန်းထွန်း(စက်မှုဝန်ကြီးဌာန-ငြိမ်း)]၏ချစ်လှစွာသောဇနီး၊ ဗိုလ်မှူးမြင့်ဝင်း(ငြိမ်း)-(ဒေါ်ခိုင်မေဦး)၊ (ဦးအောင်ကျော်ဦး)၊ ဦးဖုန်းမြင့်-ဒေါ်သီတာဦး၊ (ဒေါက်တာသန်းတင့်အောင်)-ဒေါ်မာလာဦး၊ (ဦးအောင်နိုင်ဦး)၊ (ဦးအောင်လှိုင်ဦး)၊ ဦးညွန့်လင်း-ဒေါ်နီလာဦး၊ ဦးခင်စိုး-ဒေါ်နွယ်နီဦးတို့၏ ချစ်လှစွာသောမိခင်ကြီး၊ မြေး(၁၃)ယောက်နှင့် မြစ် နှစ်ယောက်တို့၏ဘွားဘွားကြီး ဒေါ်အေးလှိုင်သည် ၁၃-၉-၂၀၂၂ ရက် (တနင်္လာနေ့) နံနက် ၂:၃၀ နာရီတွင် ၉၆ ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါ၍ ယင်းနေ့ နံနက် ၁၁ နာရီတွင် အထက်ပါနေအိမ်မှ တောင်အင်းမြောက်အင်းသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

အလှူ့ဒါယိကာမကြီး

**ဒေါ်မြင့်မြင့်**

**အသက်(၇၄)နှစ်**

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ တိုက်(၈)၊ အခန်း(၁၂)နေ (ဦးဘတော်-ဒေါ်ပြုံးရင်) တို့၏သမီး၊ (ဦးထွန်းရင်)၏ ချစ်လှစွာသောဇနီး၊ ကိုဝင်းသန့်အောင်-သမီးကြီးမသော်မော်ထွန်း၊ ကိုသီဟကိုကို-သမီးငယ်မဝတ်မှုံထွန်းတို့၏ချစ်လှစွာသော ကျေးဇူးရှင်မွေးသမိခင်ကြီး၊ မအေးချမ်းမြင့်မိုရ်၊ မောင်ညာဏ်ရသီဟ၊ မောင်ကောင်းခန့်စည်သူတို့၏ ကျေးဇူးရှင်အဘွား ဒေါ်မြင့်မြင့်သည် ၆-၉-၂၀၂၂ (တနင်္လာနေ့) ည ၁၁:၄၀နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ ကွယ်လွန်အနိစ္စရောက်ရှိသွားပါသဖြင့် ၇-၉-၂၀၂၂ရက်တွင် ထိန်ပင်သုသာန်၌ မီးသဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

**ဦးအုန်းငွေ [စက်မှု-၁(ငြိမ်း)]**

**အသက်(၈၈)နှစ်**

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံရိပ်မွန်အိမ်ရာ၊ တိုက်(၈)၊ အခန်း(၁)၊ ကိုယ့်မင်းကိုယ့်ချင်းရပ်ကွက်နေ [ဒေါ်ထားရီ(မင်းတုန်းမြို့)]၏ခင်ပွန်း၊ ဗိုလ်မှူးသန်းဦး(ငြိမ်း)-ဒေါ်သန်းသန်းအေး၊ ဦးသက်ဦး[ဟိုတယ်/ခရီး(ငြိမ်း)]-ဒေါ်အေးအေးသန်း၊ ဗိုလ်ကြီးစန်းလွင်(ငြိမ်း)-ဒေါ်မူမူစန်း(ရွှေမင်းသမီး-CEO)တို့၏ ချစ်လှစွာသောဖခင်၊ မြေးသုံးယောက်တို့၏အဘိုးသည် ၁၃-၉-၂၀၂၂ (တနင်္လာနေ့) နံနက် ၃:၃၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်၌ သဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

**ဦးစောလှိုင်(ဒု-ညွှန်မှူး၊ စက်မှု-၁-ငြိမ်း)**

**(နာယက-သံသရာခရီးသည်နာရေးကူညီမှုအသင်း)**

**အသက်(၉၈)နှစ်**

**ဒေါ်အေးနွယ်**

**အသက်(၈၆)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ်၊ (၈)ရပ်ကွက်၊ တပင်ရွှေထီးလမ်း၊ အမှတ်(၇၉၈)နေ ဦးတင်မောင်ဇော်-ဒေါ်ဥမ္မာလှိုင်၊ ဦးတင်မောင်သော်-ဒေါ်ရီရီသန်း၊ ဒေါ်အေးအေးလှိုင်၊ ဦးတင်မောင်လွင်-ဒေါ်ခင်ပပလင်း၊ ဦးအောင်နိုင်-ဒေါ်တင်မာနွယ်၊ ဦးဇော်မင်းထွန်း-ဒေါ်ထွေးထွေးလှိုင်တို့ဖခင်နှင့်မိခင်၊ မြေး(ခုနစ်)ယောက်တို့၏အဘိုးနှင့်အဘွားတို့သည် ၈-၉-၂၀၂၂ (ဗုဒ္ဓဟူးနေ့)ညနေ ၆:၅၈ နာရီနှင့် ည ၉ နာရီတို့တွင် (၉၆) ပါးသောရောဂါဖြင့် ဘဝတစ်ပါးသို့ ကူးပြောင်းသွားပါ၍ ကြွင်းကျန်ရစ်သော ရုပ်ကလာပ်ကို ၉-၉-၂၀၂၂ (ကြာသပတေးနေ့) မွန်းလွဲ ၁၂:၃၀ နာရီတွင် ကျီစုသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပြီးဖြစ်ပါသည်။

ကျန်ရစ်သူမိသားစု

ခရစ်တော်၌အိပ်ပျော်ခြင်း

**ဦးမန်းသာရင် (Augustine)**

**တက္ကသိုလ်များ ပုံနှိပ်တိုက်မန်နေဂျာ(ငြိမ်း)**

**အသက်(၈၄)နှစ်**

ရန်ကုန်မြို့၊ အင်းစိန်မြို့နယ်၊ မြို့သစ်(က) ၄ လမ်း၊ အမှတ် ၂၆၅ နေ (ဦးဂျော့-ဒေါ်ပီစတာ)တို့၏သားကြီး၊ (ဦးလောရင်းထွန်းနိုင်)-ဒေါ်ထားရီ၊ (ဒေါ်မေရီဂျော့)-ဦးအောင်ကြည်မြင့်တို့၏ အစ်ကိုကြီး၊ ဆရာမဒေါ်မေရီစိန် (ငြိမ်း) (အထက-၂) အင်းစိန်၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်နန့်မိုးမိုးစံ (ISM)၊ Victor ဦးအောင်ကျော်သက်-Natalia ဒေါ်လီလီစိုး၊ ဒေါ်လွဲ့လွဲ့ယဉ်-ဦးသန်းသာလှိုင်၊ ဦးအောင်ကျော်မိုး-ဒေါ်သန္တာကျော်တို့၏ဖခင်၊ မြေးရှစ်ယောက်တို့၏အဘိုးသည် ၁၂-၉-၂၀၂၂ ရက် ညနေ ၆:၂၅ နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုးများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဦးအယ်ရစ်အန်ဗရိုစ့်**

**အသက်(၉၄)နှစ်**

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အိုးဘိုရပ်ကွက်၊ ပွဲစားလမ်း၊ အမှတ်(၆၄)နေ (ဦးအယ်အင်ဘရိုစ့်-ဒေါ်ညွှာ)တို့၏သား၊ (ဒေါ်တင်အေး)၏ခင်ပွန်း၊ ဦးအောင်နိုင်-ဒေါ်တင်မာနွယ်တို့၏ဖခင်၊ မောင်ငြိမ်းစည်သူ၏အဘိုး ဦးအယ်ရစ်အန်ဗရိုစ့်သည် ၉-၇-၂၀၂၂ ညနေ ၄:၃၀ နာရီတွင် နေအိမ်၌ကွယ်လွန်သွားပါသဖြင့် ၁၀-၇-၂၀၂၂ ရက်တွင် ထိန်ပင်သုသာန်၌ သဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာ

**ဦးဇော်တင့်  အသက်(၇၀)**

**တပ်မတော်(ရေ)အငြိမ်းစား**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၇၁)ရပ်ကွက်၊ အမှတ်(၁၇၈၁/ခ)၊ မင်းရဲကျော်စွာ(၂)လမ်းနေ (ဦးငွေလှိုင်-ဒေါ်တင်လှိုင်)တို့၏သားလတ်၊ (ဦးမြင့်သန်း-ဒေါ်မြသန်း)တို့၏သားသမက်၊ ဒေါ်အမာခင်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးမျိုးဇော်အောင်-ဒေါ်မိုးမိုးအောင်၊ ဒေါ်အိဇော်မွန်(ထက်/ပြ)၊ အထက(၁)ဒဂုံမြောက်ပိုင်းတို့၏ ကျေးဇူးရှင်မွေးသဖခင်၊ မောင်အဂ္ဂပိုင်ဖြိုး၏ အဘိုးဖြစ်သူ ဦးဇော်တင့်သည် ၁၁-၉-၂၀၂၂ (စနေနေ့) ည ၁၁ နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၂၂ ရက်တွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှဆွေမျိုး မိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

**ဦးကျော်ဇောလှ(နတ်မြစ်)**

**ကျန်းမာရေးဦးစီးဌာန(ငြိမ်း)**

**အသက်(၈၉)နှစ်**

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ အမှတ်(၆၅၅)၊ (၄၇)ရပ်ကွက်၊ ပိတောက်ရွှေဝါလမ်းနေ (ဦးရွှေပွင့်-ဒေါ်ဖြူ)တို့၏သား၊ (ဦးမဲရှီ-ဒေါ်ကြာလှ)တို့၏သားသမက်၊ (ဦးသာ-ဒေါ်မစော်ဘု)၊ ဦးကျော်ဇော်အောင်-(ဒေါ်မဆိတ်မ)တို့၏ညီ၊ ဒေါ်မနု၏မောင်၊ ဒေါ်မရှင်ဖြူ၏ခင်ပွန်း၊ ဦးကျော်ဝင်းဦး၊ (မဖြူဖြူဝင်း)တို့၏ဖခင်သည် ၁၂-၉-၂၀၂၂(တနင်္ဂနွေနေ့) ည ၈:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၁၃-၉-၂၀၂၂ရက် နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ ကောင်းမွန်စွာသဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ဆေးရုံ၊ ရေတွင်း၊ ရေကန် ဒါယကာကြီး**

**ဦးအေးဝင်း**

**အသက်(၅၇)နှစ်**

(ဦးဟုတ်ကျင်)-ဒေါ်ဝင်းရီတို့၏ ချစ်လှစွာသော တူဖြစ်သူ ဦးအေးဝင်း အသက်(၅၇)နှစ်သည် ၁၃-၉-၂၀၂၂ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဦးလွင်ဦး-ဒေါ်ကေသွယ်ထွန်း

ဦးသက်နိုင်-ဒေါ်လွင်လွင်စိုး

ဦးမိုးဦး-ဒေါ်စုစုမာ

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးစိုးဝင်း**

**အသက်(၈၃)နှစ်**

Myanmar DHL Ltd(အပြည်ပြည်ဆိုင်ရာအမြန်ချောပို့လုပ်ငန်း)၊ Head of Customer Service၊ မကြေးမုံဝင်း၏ ချစ်လှစွာသောဖခင်ကြီး ဦးစိုးဝင်းသည် ၁၀-၉-၂၀၂၂ရက် ညနေ ၆:၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဝမ်းနည်းကြေကွဲရပါသည်။

Management and the staffs of Myanmar DHL Ltd မိသားစု

**သင့်**

**သွေးဖြင့်**

**အသက်**

**ကယ်ပါ**




**နေရောင်အောက်ကသက်ရှိတွေကို စောင့်ရှောက်ဖို့**

**အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ လမ်း၊ တံတား၊ ဆေးရုံ၊ ရေတွင်း၊ ရေကန်ဒါယကာကြီး

**ဦးအေးဝင်း**

**အသက်(၅၇)နှစ်**

ရန်ကုန်မြို့၊ လှိုင်မြို့နယ်၊ (၁၃)ရပ်ကွက်၊ အမှတ်(၆၅၁)၊ ဒေါ်မြနှစ်လမ်းနေ (ဦးထွဋ်လတ်)-သုဓမ္မသိင်္ဂီဒေါ်မြရွှေတို့၏သား၊ (ဦးမြင့်ကြည်)-ဒေါ်ဝင်းကြည်တို့၏ သားသမက်၊ ဒေါ်ကျင်ကျင်အေး၊ ဦးစန်းဝင်း-ဒေါ်ဖြူဖြူဝင်းတို့၏ မောင်/ညီ၊ ဦးရဲဝင်း-ဒေါက်တာဝင်းသီတာလွင်၊ ဦးအောင်မိုးဇော်-ဒေါ်မြင့်မြင့်ဝင်း တို့၏ အစ်ကို၊ ဦးအောင်ကျော်မိုး-ဒေါ်စင်သီယာအေးဝင်း၊ မခင်သီယာအေးဝင်း၊ မဖြူစင်အေးဝင်းတို့၏ဖခင်၊ မစ်ပန်းချီမိုး၏ အဘိုး၊ ဒေါ်ကြည်ကြည်ပြုံး၏ ခင်ပွန်းသည် ၁၃-၉-၂၀၂၂ (တနင်္လာနေ့) နံနက် ၂:၃၀ နာရီတွင် အာရှတော်ဝင်ဆေးရုံ၌ (၉၆)ပါးသော ရောဂါဖြင့် ကွယ်လွန်သွားပါ၍ ၁၅-၉-၂၀၂၂ (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀ နာရီတွင် ထွက်ခွာပါမည်။) (ကွယ်လွန်သူအား ရည်စူး၍ ၁၈-၉-၂၀၂၂(တနင်္ဂနွေနေ့) နံနက် ၈ နာရီတွင် အထက်ပါ နေအိမ်၌ရက်လည်ဆွမ်းကျွေးတရားတော်နာပြုလုပ်မည်ဖြစ်ပါကြောင်း ရပ်ဝေး ရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအားအသိပေး အကြောင်းကြားအပ်ပါသည်။)

ကျန်ရစ်သူမိသားစု

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး"မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့် မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# ပြည်သူလူထု၏ ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်မှုများကြောင့် အမြင့်ဆုံးပိုးတွေ့မှု ၄၀ ရာခိုင်နှုန်းပတ်ဝန်းကျင်မှ ယခုအပတ်အတွင်း ၈ ရာခိုင်နှုန်းအထိ ကျဆင်းလာသည်ကို တွေ့ရှိရ

## စိတ်ချရသည့်ရာခိုင်နှုန်းအောက် လျော့ကျသွားအောင် အားသွန်ခွန်စိုက် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်

**နေပြည်တော် စက်တင်ဘာ ၁၃**

ကိုဗစ် - ၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၁၂)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ အစည်းအဝေးခန်းမ၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရအဖွဲ့၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း တက်ရောက် အမှာစကား ပြောကြားသည်။

**တက်ရောက်**

အစည်းအဝေးသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ ဝန်ကြီးချုပ်များ၊ တာဝန်ရှိသူများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

စာမျက်နှာ ၄ ကော်လံ ၁ သို့ ❂



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ (၁၂)ကြိမ်မြောက် ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

# ရုရှားတင်းနစ်ကစားသမား ဒန်နီယယ်မက်ဗီဒက်ဗ် ဂရန်းဆလမ်းဆုဖလား ပထမဆုံးအကြိမ် ဆွတ်ခူး



ရုရှားတင်းနစ်ကစားသမား ဒန်နီယယ်မက်ဗီဒက်ဗ်နဲ့ ဆားဘီးယားတင်းနစ် အကျော်အမော် ဂျိုကိုဗစ်တို့ စက်တင်ဘာ ၁၂ ရက်က ယှဉ်ပြိုင်ကစားခဲ့တဲ့ အမေရိကန်အိုးပင်းတင်းနစ်ပြိုင်ပွဲရဲ့ အမျိုးသားတစ်ဦးချင်း တင်းနစ်ဗိုလ်လုပွဲစဉ်မှာ ဒန်နီယယ်မက်ဗီဒက်ဗ်က ဂျိုကိုဗစ်ကို အနိုင်ရရှိပြီး ဂရန်းဆလမ်းဆုဖလားကို ပထမဆုံးအဖြစ် ရယူဆွတ်ခူးနိုင်ခဲ့ပြီ ဖြစ်ပါတယ်။

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ❒

## ကြေးမုံ ယနေ့ ဖတ်စရာ


မန္တလေးတိုင်းဒေသကြီးအတွင်း ကိုဗစ် ၁၉ ရောဂါ ထိန်းချုပ်ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နေသည့်အဖွဲ့အား အကြမ်းဖက်သူများက ချိန်ကိုက်မိုင်းဖြင့် ဖောက်ခွဲတိုက်ခိုက် စာမျက်နှာ » ၁၄

စက်တင်ဘာ ၁၃ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၂၇၃ ဦး တွေ့ရှိ စာမျက်နှာ » ၂၀


# အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုမဲခွဲပွဲပြုလုပ်မည့်ရက် သတ်မှတ်

ရန်ကုန် စက်တင်ဘာ ၁၃

ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းထားရသည့် အာဆီယံဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုမဲခွဲပွဲပြုလုပ်မည့်ရက် သတ်မှတ်လိုက်ပြီဖြစ်ပြီး စက်တင်ဘာ ၂၁ ရက်တွင် စင်ကာပူနိုင်ငံ၌ ပြုလုပ်သွားမည်ဖြစ်သည်။

စာမျက်နှာ ၂၃ ကော်လံ ၁ သို့ ❖